
Facebook link : www.facebook.com/daddyzhanghan
Page Name : ဒက်ဒီကျန်းဟန်
Telegram : https://t.me/daddyzhanghan
Available on :
Wun Zinn
Book Store
WOW Book Store
Bookstore
K Eros
(ကျန်းဟန်)
အင်မော်တယ်ဖေဖေ
Godly Stay-Home Dad
အင်မော်တယ် ဖေဖေ
K Eros

အင်မော်တယ်ဖေဖေ

စာစဉ်(၃၂)

## အခန်း(၃၈၀-က) ယောက်ျားတစ်ယောက်ရဲ့ဂုဏ်သတင်းက အရေးပါခဲ့တယ်(၁)

"ဝှစ်"

လော့ချင်း ချက်ချင်းပင် မျက်နှာနီရဲသွားပြီး အခြားဝိုင်းများရှိ လူများကလည်း လှမ်းကြည့်နေသည့်အတွက် အလွန်ရှက်သွားသည်။

လျန်ဟောင်ပင် ခံစားချက်တချို့ဖြင့် ပြောလိုက်သည်။ "အရက်က သူရဲဘောကြောင့်တဲ့သူကို ပိုပြီးသန်မာစေတယ်"

ပုံမှန်အချိန်တွင် မလုပ်ရဲသည့်ကိစ္စတစ်ခုကို အရက်သောက်ပြီးသည်နှင့် လုပ်နိုင်သွားသည်။ သို့သော် လျန်ဟောင်

သည် အခြားသူများကိုထိခိုက်စေပြီး ပျော်ရွှင်နေသည့်သူတို့၏အပြုအမူများကို အထင်သေးသည်။

တာဟဲက မျက်မှောင်ကြုတ်ကာ ထရပ်ရန် ပြင်လိုက်သည်။ သို့သော် ခပ်ဝဝလူက ထိုသို့ပြောပြီးနောက် သူ့အား စကားပြောခွင့်မပေးဘဲ ပြန်ပြေးသွားသည်။

"သူတို့ ရှုးနေတာလား” ကျန်းလီ ဒေါသတကြီး ပြောသည်။

"သူတို့က ဝိုင်းလေးနည်းနည်းသောက်ပြီး အရူးထနေတဲ့ င ကြောင်အုပ်စုပဲ။ သူတို့ကို ခေါက်ထားလိုက်ပါ” တာဟဲက မကျေမနပ်ဖြင့် သူတို့အား လှမ်းကြည့်ကာ ဒေါသတကြီး ပြောသည်။

နောက်ပိုင်းတွင် တင်းမာမှုများ ပြေလျော့သွားစေရန် တာဟဲက ငါးမိနစ်ခန့် ဟာသပြောနေခဲ့သည်။ ထိုနောက်တွင် ဆံပင်နီနှင့်လူက နောက်တစ်ခါ လျှောက်လာပြန်သည်။

"ဟဲလို ငါ မင်းကို တွေ့ဖို့ ပြန်လာတာ။ ဝိုင်ကို သောက်လိုက်ပါ။ ငါတို့ အနာဂတ်မှာ သူငယ်ချင်းတွေ ဖြစ်နိုင်တယ်" ရှောင်ချမ်းက ကျန်းလီ၊ တာဟဲနှင့် လော့ချင်းတို့အား ဝိုင်တစ်ခွက်လုံးသောက်ရန် လက်ဟန်ပြသည်။

"သောက်ရယ်ပေါ့။ ကောင်းပြီလေ"

ကျန်းလီက မတ်တပ်ထရပ်ကာ သူမ၏ဖန်ခွက်ကို မြှောက်လိုက်သည်။

ထိုနောက် ရှောင်ချမ်း၏မျက်နှာပေါ်သို့ အရက်များ ပက်ချလိုက်သည်။

"ရှင် စိတ်လွတ်နေတာလား" ကျန်းလီက သူ့အား စူးစူးရဲရဲ စိုက်ကြည့်ကာ ကျယ်လောင်စွာ ပြောသည်။ "အရက်နည်းနည်းသောက်ပြီးတာနဲ့ ဘာမဆိုလုပ်နိုင်ပြီ ထင်နေလား"

ကျန်းလီ၏အပြုအမူကြောင့် လျှန်ဟောင် အံ့သြသွားသည်။

"ဝေါင်း ဒီကောင်မလေးက ဒေါသကြီးတာပဲ”

ဆံပင်နီလူ လျှောက်လာသည့်အချိန်က သူ သတိပြုမိခဲ့ပြီး ထိုလူ အရင်လှုပ်ရှားလိမ့်မည်ဟု ထင်ခဲ့သည်။ အမျိုးသမီးက ထိုလူ့အား အရက်ဖြင့်တန်းလောင်းလိုက်မည်ဟု မမျှော်လင့်ထားချေ။

တစ်ချိန်တည်းမှဦးပင် ကျန်းလီ၏စကားများက ကျန်သည့် အခြားသူများအား နှစ်ထောင်းအားရဖြစ်သွားစေသည်။

ထိုလူများက အလွန်ဆူညံလွန်းပြီး စိတ်အနှောင့်အယှက် ဖြစ်စရာကောင်းသည်ဟု သူတို့လည်း ခံစားမိကြသည်။

သို့သော် သူတို့ ရန်ဖြစ်ကြပါက ထိုအမျိုးသမီးနှစ်ယောက် နှင့် အမျိုးသားတစ်ယောက်က ထိုလူများအား မယှဉ်နိုင်မည်ကို သူတို့အနည်းငယ် စိုးရိမ်သွားကြသည်။

ဘီယာသောက်နေသည့် ရှောင်ချမ်းသည် အစပိုင်းတွင် အံ့အားသင့်သွားပြီး နောက်မှ သတိပြန်ဝင်လာသည်။ သူ

အလွန်ဒေါသထွက်သွားပြီး ကျန်းလီအား စိုက်ကြည့်ကာ "မင်း ဘာ...”

သူ၏စကားမဆုံးခင်မှာပင် ခါးအား အကန်ခံလိုက်ရသည် ကို ခံစားမိလိုက်သည်။

"သွားသေလိုက်”

တာဟာဥ သူ့အား ရင်ဆုံး ရိုက်နှက်လိုက်သည်။

"ချီးပဲ”

ရှောင်ချမ်း ကျိန်ဆဲလိုက်ပြီး အစ်ကိုတာ၏မျက်နှာမှာ လည်း မည်းမှောင်သွားသည်။

သူနှင့် အမျိုးသမီးသုံးယောက်မှ လွဲ၍ ကျန်သည့်လူများ အားလုံး မတ်တပ်ထရပ်ကာ ထိုနေရာသို့ အမြန်လျှောက်သွား ကြသည်။ သူတို့ နှုတ်စည်းမစောင့်ဘဲ ရန်ပွဲဖြစ်တော့မည့်ပုံရ သည်

"အစ်ကို သူတို့ကို သွားကူညီပေးလိုက်ပါ”

လျန်မုန့်ချီသည် သူမ၏အစ်ကိုက သိုင်းပညာရှင်တစ်ယောက်ဖြစ်ပြီး အလွန်အစွမ်းထက်သူဖြစ်ကြောင်း သိရှိသဖြင့် အမြန်ပြောသည်။

"အာ... ကောင်းပြီလေ"

လျန်ဟောင်က သူမအား စိတ်ရှုပ်ထွေးစွာ ကြည့်လိုက်ပြီးနောက် မတ်တပ်ထရပ်ကာ လျှောက်သွားလိုက်သည်။

ထိုအချိန်တွင် တာဟဲမှာ ဒေါသထွက်နေပြီဖြစ်၏။

သူ၏ဘေးရှိ စားပွဲမှ ဘီယာပုလင်းကိုယူကာ ထိုင်ခုံပေါ် ရိုက်ခွဲလိုက်ပြီး ပုလင်းကွဲအသွားတစ်ခု ကျန်နေခဲ့သည်။

သူသည် ထက်ရှသည့်ဖန်ခွဲစဖြင့် လျှောက်လာပြီး ရက်စက်ပြင်းထန်သည့်အမူအရာက ရှောင်ချမ်း၏အဖော်များကို အံ့အားသင့်သွားစေသည်။

သူတို့သည် မောက်မာထောင်လွှားကာ အကြိမ်များစွာ ရန်ဖြစ်ခဲ့သော်လည်း သူတို့ရှေ့မှ လူသည်တော့ တကယ့်ဖိုက်တာတစ်ယောက်ဖြစ်ကြောင်း သိလိုက်ကြသည်။

သာမန်အချိန်များတွင်ဆိုလျှင် သူတို့ နောက်ပြန်ဆုတ်ကြပေလိမ့်မည်။ သို့သော် သူတို့အားလုံး မူးနေကြသည့်အချိန်တွင် သူ့အား မြင်ပြီးနောက် ပို၍ ဒေါသထွက်လာကြသည်။ ထို့ကြောင့် သူတို့ တစ်ပြိုင်တည်း ပြေးတက်သွားကြသည်။

သူတို့ တိုက်ခိုက်တော့မည်ကိုမြင်သည့်အခါ ဧည့်သည်များအားလုံး ကြောင်အသွားကြ၏။

ထိုအချိန်မှာပင် ပုံရိပ်တစ်ခုက သူတို့ထံ လျင်မြန်စွာ ရောက်ရှိလာသည်။

"ဘုန်း ဘုန်း ဘုန်း”

သူသည် တခဏချင်း အကြိမ်အနည်းငယ် ကန်ထည့်လိုက်ရာ ရှောင်ချမ်းနှင့် သူ့အဖော်များ မြေကြီးပေါ် လဲကျသွားကြသည်။

လျန်ဟောင်သည် ချက်ချင်းပင် လူအများ၏အာရုံစိုက်ခြင်းခံလိုက်ရပြီး မိန်းကလေးများစွာသည် သူ၏အရမ်းမိုက်သည့်မျက်နှာနှင့် ထူးချွန်သည့်စွမ်းရည်ကြောင့် ဆွဲဆောင်ခံလိုက်ရ၏။

တာဟဲ အတော်လေး အံ့အားသင့်သွားသည်။ သူ ဒါကိုလုပ်ရန်အသင့်ဖြစ်နေပြီဖြစ်ကာ ယခုလိုဖြစ်လာလိမ့်မည်ဟု မမျှော်လင့်ထားချေ။ ယောက်ကျားတစ်ယောက်အနေဖြင့် သူသည် တခြားသူ၏အကူအညီကို မလိုအပ်ချေ။ ထို့ပြင် ထိုလူကအလွန်ကြင်နာလွန်း၏။

သို့သော် နောက်အခိုက်အတန့်တွင် တာဟဲသည် အသိအကျွမ်းတစ်ယောက်ရှိနေကြောင်း သတိပြုမိလိုက်သည်။

"လီလီ နင်အဆင်ပြေရဲ့လား" လျန်မုန့်ချီက သူတို့ဆီ လျှောက်လာပြီး သူမ၏ညီမများကို စိုးရိမ်နေသည့် အစ်မ အရင်းသဖွယ် စိုးရိမ်စွာ မေးသည်။ ထိုနောက် သူမ ရှောင်ချမ်း နှင့် အခြားသူများကို ကြည့်လိုက်ပြီး နှာခေါင်းရှုံ့ကာ "ရှင်တို့ ထပ်ပြီးနှောင့်ယှက်ရဲရင် ရှင်တို့ကို ရှင်းပစ်ဖို့ ကျွန်မအစ်ကိုကို ပြောလိုက်မယ်"

"ကျေးဇူးပါ" ကျန်းလီက ရင့်ကျက်ဟန်ဆောင်နေသည့် လျန်မုန့်ချီကိုကြည့်ပြီး အလွန်ရယ်စရာကောင်းသည်ကို တွေ့ လိုက်ရသည်။

သူတို့ စားသောက်ဆိုင်တွင် နှစ်ကြိမ်စကားပြောဖူးသည်။ လျန်မုန့်ချီသည် သူမ၏ယောင်းမ ဘယ်သူလဲဆိုသည်ကို သိ ချင်နေပြီး ကျန်းလီကို မေးခဲ့သည်။ ကျောက်ဖုန်းက သူမအား အကြိမ်များစွာ စကားထဲထည့်ပြောခဲ့ပြီး သူမ(လျန်မုန့်ချီ)က သူမ(ကျန်းလီ)၏အစ်ကိုကို သဘောကျကြောင်း ပြောခဲ့သည်။

စားသောက်ဆိုင်သို့ သူမ နေ့တိုင်းမသွားဖြစ်သော်လည်း ထို ဗီအိုင်ပီအဖွဲ့ဝင်များနှင့် ရင်းနှီးနေဆဲပင်။

ထိုစကားကိုကြားပြီးနောက် လျန်မုန့်ချီက ပြုံးကာ "ရပါတယ်"

သူတို့ စကားပြောနေစဉ် ရှောင်ချမ်းနှင့် အခြားသူများလည်း သတိပြန်ဝင်လာကြသည်။ သူတို့ အကန်ခံလိုက်ရပြီး မြေပြင်ပေါ်လဲကျသွားခဲ့ကာ အလွန်အမင်းနာကျင်ခြင်းမရှိသော်လည်း ထိုစကားလုံးများ၏သတိပေးမှုကိုတော့ သဘောပေါက်ကြသည်။ သူတို့ အနည်းငယ် မူးနေသော်လည်း ထွက်ပေါ်လာသည့်လူက အလွန်ကျွမ်းကျင်သည့်သူဖြစ်ပြီး သူတို့ သူနှင့်မယှဉ်နိုင်ကြောင်း သိကြသည်။

ထို့ကြောင့် သူတို့ မတ်တပ်ရပ်ကာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ နောက်ဆုံးတွင် သူတို့ ဘာမှမပြောဘဲ နောက်ရှိ အစ်ကိုတာအား ကြည့်လိုက်ကြသည်။

အစ်ကိုတာ၏မျက်နှာမှာ မည်းမှောင်နေသည်။ သူ မတ်တပ်ထရပ်ကာ ရှောင်ချမ်းနှင့် အခြားသူများထံ လျှောက်သွားလိုက်ပြီး မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။

"သူတို့က စနောက်ရုံပဲကို မင်းဘယ်လိုလုပ် သူတို့ကို ရိုက်ရဲတာလဲ။ ငါတစ်ယောက်လုံး ဒီမှာရှိနေတာ မင်းမမြင်ဘူးလား"

"ဟားဟားဟား...ငါ့ တကယ်ကို.." တာဟဲမှာ ထိုလူက အလွန်ရယ်စရာကောင်းသည်ကို တွေ့လိုက်ပြီး ရယ်မောလိုက်သည်။

သူ၏စကားမဆုံးခင်မှာပင် ကျန်းလီက ဖြတ်ပြောလိုက်၏။ "နင့်ကိုယ်နင် ဘယ်သူထင်နေလဲ။ ငါတို့က ဘာလို့ နင့်ကို သောက်ဂရုစိုက်နေရမှာလဲ။ နင်တို့က စနောက်တာဆိုရင် ငါကလည်း ဘီယာလေးလောင်းပြီး စနောက်ရုံပဲလေ"

"ဝိုး... မင်းက တကယ်ကို ဒေါသအိုးပဲ။ ငါ ဘယ်သူလဲဆိုတာ မင်းသိလား" အစ်ကိုတာက ပြောသည်။

သူ၏စကားကိုကြားပြီးနောက် တာဟဲ အနည်းငယ် မျက်မှောင်ကြုတ်ကာ သူမည်သူမည်ဝါဖြစ်ကြောင်း ရဲရဲဝင့်ဝင့် ပြောနေသည့်အတွက် သူ၏နောက်တွင် သန်မာသည့်နောက်ခံ တစ်ယောက်ယောက်ရှိရမယ်ဟု တွေးလိုက်သည်။

"နင်ဘယ်သူလဲဆိုတာ စိတ်မဝင်စားဘူး။ ယင်ကောင်လို မျိုး အာရုံလာနောက်နေတာကို ရပ်ပေးလို့ရမလား" ကျန်းလီ က အရေးမစိုက်စွာပြောသည်။

သူမ ဤစားသောက်တန်းသို့ အကြိမ်များစွာ လာစားဖူး သော်လည်း ယခုလိုကိစ္စမျိုးကို ပထမဆုံးအကြိမ် ကြုံးဖူးခြင်း ဖြစ်သည်။

"ဟမ့်" အစ်ကိုတာက နှာခေါင်းရှုံ့လိုက်ပြီး "ငါက ဒုန်ဟုန် တာပဲ။ ငါတို့က ဒီမှာ စနောက်တာကို မင်း စိတ် အနှောင့်အယှက်ဖြစ်လို့ရပါတယ်။ ဒါပေမယ့် မင်း အဲဒါကြောင့် နဲ့ ငါတို့ကို ရိုက်လို့မရဘူး။ ကောင်းပြီ။ ဒီမှာရှိတဲ့ မင်းတို့လူ

တိုင်း တောင်းပန်တဲ့အနေနဲ့ ဝိုင်တစ်ခွက်သောက်ရမယ်။ ပြီးရင်တော့ ငါမင်းကို လွှတ်ပေးလိုက်မယ်”

"တောင်းပန်ရမယ် ဟုတ်လား။ နင်တော်တော် အရှက်မရှိပါလား” ကျန်းလီက လှောင်ပြောင်လိုက်ပြီး "တောင်းပန်သင့်တဲ့သူက နင်တို့မဟုတ်ဘူးလား”

ကျန်းလီ၏တင်းမာသည့်သဘောထားကြောင့် လျန်ဟောင် အံ့ဩသွားပြန်သည်။

သူမသည် အခင်းဖြစ်ပွားရာနေရာတွင် ဆရာကြီးဖြစ်သည်ဟု သူ့စိတ်ထဲတွင် ထူးဆန်းသည့်ခံစားချက်တစ်ခုရှိနေသည်။ ဒေါသတကြီးသည့်မိန်းကလေးက အမှန်တကယ် စရိုက်လက္ခဏာရှိကြောင်း သူတွေ့ရှိခဲ့သည်။

သိုင်းပညာကိုလေ့ကျင့်ခဲ့ပြီး နှစ်အတော်ကြာစီးပွားရေးလုပ်လာခဲ့ပြီးနောက် လျန်ဟောင်သည် ထူးချွန်သည့်လူတစ်ယောက်ဖြစ်လာခဲ့သည်။ သူသည် အခြားသူများကို အမြဲတမ်းလေးစားမှုထားရှိပြီး သူနှင့်ထိခဲ့တွေ့သည့်အမျိုးသမီးများမှာ

လည်း နူးညံ့သိမ်မွေ့ကာ မွန်မြန်သည့်စရိုက်ရှိသူများဖြစ်ကြသည်။ အချို့က တက်ကြွကာ ရွှင်ရွှင်ပျပျနေတတ်သော်လည်း သူမလိုမျိုး စိတ်တိုတတ်သည့်မိန်းကလေးမျိုးကို မတွေ့ရတာကြာပြီဖြစ်သည်။

"အမ်" ဒုန်ဟုန်တာ၏မျက်နှာမှာ မည်းမှောင်လာပြီး "မင်းကို အခွင့်အရေးမပေးလို ငါ့ကိုအပြစ်မတင်နဲ့ပေါ့။ ပိုဆိုးလာရင် မင်းနောင်တရလိမ့်မယ်"

"ကောင်လေး ဒီမှာလာပြီး အစွမ်းထက်သလိုဟန်ဆောင်မနေနဲ့။ ဒုန်ဟုန်တာက ဘယ်သူလဲ။ ငါ အဲ့နာမည်ကို တစ်ခါမှတောင် မကြားဖူးဘူး။ သရုပ်ဆောင်နေတာ တော်လိုက်တော့" တာဟဲက ရယ်မောကာ ကျန်းလီကို ညွှန်ပြလိုက်ပြီး "သူမက ဘယ်သူလဲသိလား။ သူမအစ်ကိုက ဘယ်သူလဲ မင်းသိလား"

"ကောင်းတယ်" ဒုန်ဟုန်တာက လက်ကိုဝှေ့ယမ်းလိုက်ပြီး "ဘယ်သူလဲ ငါ့ကိုပြောစမ်းပါဦး။ သူက နာမည်ကြီးရင် ဒီနေ့ ငါ မင်းတို့ကို လွှတ်ပေးလိုက်မယ်"

သို့သော် တာဟဲ၏စကားကြောင့် လျန်မုန့်ချီ အနည်းငယ် သိချင်လာသည်။ "လီလီရဲ့အစ်ကိုက သူဌေး မဟုတ်လား။ သူက အရမ်းအစွမ်းထက်တယ်လို့ မှတ်ယူလို့ရတာလား"

"အိုး ဟုတ်သားပဲ။ အဲဒါ ကျောက်ဖုန်းပဲ။ သူ့မှာ အရမ်း အစွမ်းထက်တဲ့ မြေအောက်ဂိုဏ်းရှိပုံရတယ်။ ဒါကြောင့် သူဌေး က ပိုပြီး ဩဇာရှိသွားတာ ဟုတ်တယ်"

လျန်မုန့်ချီသည် သူမ အမှန်တရားကို သိလိုက်ပြီဟု ထင် နေခဲ့သည်။

လျန်ဟောင်က သူ့ညီမ၏သူငယ်ချင်းက သာမာန်လူတစ် ယောက်မဟုတ်ဟု တွေးမိလိုက်ပြီး အနည်းငယ် စူးစမ်းနေခဲ့ သည်။

"ဟားဟားဟား..."

လူတိုင်း၏အာရုံစိုက်မှုအောက်တွင် တာဟဲက ရယ်မောလိုက်ပြီး "သူမအစ်ကိုက လဆန်းပင်လယ်ကျွေ့က မစ္စတာကျန်းပဲ"

"မစ္စတာကျန်းလား"

သူ၏စကားကြောင့် အနီးအနားရှိ လူများ စိတ်ရှုပ်ထွေးသွားကြသည်။ သူတို့ ခဏလောက်စဉ်းစားလိုက်ပြီး လဆန်းပင်လယ်ကျွေ့မှ မစ္စတာကျန်းဆိုသည့် သြဇာကြီးမားသူတစ်ယောက်ယောက်ကို မဖော်ထုတ်နိုင်ကြချေ။

ဒုန်ဟုန်တာလည်း ၎င်းကို တွေးနေသည်။

"လဆန်းပင်လယ်ကျွေ့က အရမ်းကြီးတဲ့နေရာမဘူး။ အဲဒီမှာ အစွမ်းထက်တဲ့လူတွေအများကြီးရှိတယ်။ အဲဒီနေရာက ငါဦးလေးနဲ့လယ်ဗယ်တူ ထန်ကျန့်ခေါင်းဆောင်တဲ့ မြေအောက်ဂိုဏ်းပိုင်နက် တောင်ပိုင်းခရိုင်ထဲမှာရှိတာ။ အဲဒီ နာမည်မရှိတဲ့ မစ္စတာကျန်းက ဘယ်သူလဲ"

၎င်းကို တွေးရင်း ဟုန်ဒုန်တာသည် မစ္စတာကျန်းသည် အောင်မြင်မှုလေးအနည်းငယ်ရှိသည့်လူဖြစ်နိုင်သည်ဟု ကောက်ချက်ချလိုက်သည်။ သူ့ရှေ့မှလူများသည်တော့…

သူတို့သည် တကယ့်အကောင်ကြီးကြီးဆိုတာ ဘယ်လိုမျိုးလဲ မသိကြသူများဖြစ်ကြောင်း ထင်ရှားလေသည်။

"ငါမင်းကို နောက်ဆုံးအခွင့်အရေးပေးမယ်။ တောင်းပန်လိုက်။ ငါမင်းကို သတိပေးတယ်နော်။ ငါ့ဦးလေးက ဒုန်ထျန်းဖန်ပဲ" ဒုန်ဟုန်တာက တိုက်ရိုက်ပြောလိုက်သည်။

သူပြောလိုက်သည်နှင့် ပတ်ဝန်းကျင်ရှိလူများ စုတ်သပ်လိုက်ကြပြီး စကားသံတိုးတိုး တိုးတိုး ထွက်ပေါ်လာကြသည်။

"ဘုရားရေ သူ့ဦးလေးက ဒုန်ထျန်းဖန်တဲ့။ အဲဒါ တကယ့်အကောင်ကြီးပဲဟ"

"အဲဒါ အနောက်ပိုင်းခရိုင်တစ်ခုလုံးရဲ့ မြေအောက်သူဌေးမလား။ သူ့မှာ ရက်စက်ကြမ်းကြုတ်တဲ့ တပည့်တပန်းတွေမများ

ကြီးရှိပြီး သူ့ကိုစော်ကားတဲ့သူက ဘယ်တော့မှ အဆုံးသတ်မကောင်းနိုင်ဘူး”

"ဒုန်တျန်းဖန်က ဖနှောင့်တစ်ချက်ပေါက်လိုက်တာနဲ့ အနောက်ပိုင်းခရိုင်တစ်ခုလုံး တုန်ခါသွားတာ”

"သူတို့ တောင်းပန်ရုံပဲရှိတော့မယ် ထင်တယ်”

"...”

လူများ၏ဆွေးနွေးသံများကိုကြားပြီးနောက် ဒုန်ဟုန်တာမှာ အလွန်မြောက်ကြွသွားသည်။

"မင်းက မစ္စတာကျန်းကို စကားထဲထည့်ပြောနေပေမယ့် လူတိုင်း တိတ်ဆိတ်နေကြတယ်”

"ငါ့ဦးလေးကိုလည်း ပြောလိုက်ရော အခု မင်းကြားပြီမလား”

ရှောင်ချမ်းနှင့် အခြားသူများလည်း အလွန်ယုံကြည်မှုရှိနေကြသည်။

သူတို့ ကျန်းလီနှင့် သူမသူငယ်ချင်းများကို ကြည့်ကာ ဒေါသတကြီးအော်ဟစ်ကြသည်။ "ငါတို့ကို တောင်းပန်လိုက်။ ဒါဆို မင်းတို့ကို လွှတ်ပေးလိုက်မယ်"

"မဟုတ်လို့ ငါတို့သူဌေးရောက်ရင် ကိစ္စတွေက ရိုးရှင်းမှာ မဟုတ်တော့ဘူး။ မင်းတို့ကောင်တွေ...ဟမ့်..." သူ့မျက်နှာပေါ်က ညစ်ကျယ်ကျယ်အပြုံးက အရာအားလုံးကို ရှင်းပြပြီးသား ဖြစ်သည်။

"မင်း ဝိုင်သောက်ပြီး တောင်းပန်လိုက်ဖို့လိုနေပြီထင်တယ်"

"..."

ထိုလူများအားလုံးက သံယောင်လိုက်ကြသည်။

"ဟဲလို ဆာ"

လျန်ဟောင်က အနည်းငယ်မျက်မှောင်ကြုတ်လိုက်သည်။ သူ မကျေမနပ်ဖြစ်သော်လည်း သူ၏ထုံးစံအတိုင်း ယဉ်ကျေး

စွာပြောလိုက်သည်။ "ဒီမှာ ဖြစ်ပျက်ခဲ့တာကို လူတိုင်းမြင်ကြတယ်။ မင်းတို့က အကျိုးအကြောင်းမသင့်ဖြစ်နေကြတာလေ။ ဒါကြောင့် အခု ဒီကိစ္စကို ရပ်လိုက်ဖို့ အကြံပေးပါရစေ”

ယေဘူယျအားဖြင့် လျန်ဟောင်သည် ရန်သူအား အရင်ဆုံးအခွင့်အရေးပေးမည်ဖြစ်သည်။ ၎င်းတို့က ဆက်လက်လွန်ကဲလာပါက သူ လှုပ်ရှားမည်ဖြစ်၏။ သူသည် ရှော့ပင်းမောလ်တွင် အလားတူဆောင်ရွက်ကာ လူများစွာကို စည်းရုံးခဲ့ဖူးသည်။

သို့သော် သူ၏ဘေးတွင် ရပ်နေသည့်လူက တည့်တိုးသမား တာဟဲဖြစ်လေသည်။

"မင်းဖင်ကြီးကို တောင်းပန်လိုက်ပါလား။ မင်းဦးလေးက ဒုန်တျန်းဖန်မလား။ လာလေ သူ့ကို ဒီကိုခေါ်လိုက်ပါ။ မြန်မြန်လုပ်။ ငါမင်းကို နာရီဝက်အချိန်ပေးမယ်”

တာဟဲမှာ ကြောက်လန့်ခြင်းမရှိဘဲ ရယ်စရာကောင်းသည်ဟု ခံစားလိုက်ရသည်။

ရှားရှန်ဟောင်သည် ဒုန်တျန်းဖန်နှင့် လယ်ဗယ်တူဖြစ်သည်။ သို့သော် ရှားရှန်ဟောင်သည် ကျန်းလီ၏အစ်ကို အမည်ကို ကြားလိုက်ရသည့်အခါ အလွန်ကြောက်လန့်လေးစားသွားသည်။

အနည်းငယ် မေးမြန်းစုံစမ်းကြည့်ပြီးနောက် မစ္စတာကျန်းသည် မြေအောက်တပ်ဖွဲ့များကြားတွင် အဆင့်အတန်းမြင့်မားသည်ကို ဝိုးတဝါး သိရှိခဲ့သည်။ ထို့ကြောင့် ဒုန်တျန်းဖန်လာမည်ကိုကြားသည့်အခါ တာဟဲ လုံးဝ စိတ်သက်သာရာရသွားပြီး အစ်ကိုလုံနှင့် သူ့လူများကို ခေါ်ရန်ပင် မလိုအပ်တော့ဟုတွေးလိုက်မိသည်။

အဘယ်ကြောင့်ဆိုသော ဒုန်တျန်းဖန်ကဲ့သို့သော ဆရာကြီးမှာ အလွန်ပါးနပ်ပြီး မည်သည့်အရာကိုမျှ မိုက်မိုက်မဲမဲ မလုပ်တတ်သောကြောင့်ပင်။ အကယ်၍ လူသိမများသည့် တစ်စုံတစ်ယောက်အား ပြောခဲ့ပါက တာဟဲ ပြင်ဆင်ထားမိပေမည်။

တာဟဲ၏စကားကို ကြားပြီးနောက် ဒုန်ဟုန်တာ၏မျက်နှာ ပို၍မည်းမှောင်သွားသည်။

"စောင့်နေလိုက်”

သူသည် ဒေါသတကြီးဖြင့် တာဟအား လက်ညှိုးထိုးလိုက်သည်။ ထိုနောက် သူတို့စားပွဲဆီသို့ ပြန်လှည့်သွားကာ လမ်းလျှောက်ရင်း ဖုန်းကိုထုတ်လိုက်သည်။ သူ့ဦးလေးသည် မစ္စတာရှားနှင့် စီးပွားရေးကိစ္စပြောနေပြီး သူတို့နှင့် သိပ်မဝေးသည်ကို သိထားသဖြင့် လုံး၀ စိတ်မပူချေ။ သူဖုန်းပြောပြီးသည်နှင့် သူနှင့် သူ၏အဖော်များ ဖန်ခွက်များကိုမြှောက်ကာ အရက်သောက်နေရင်း တစ်ဖက်မှလူများ အခွင့်အရေးမရှိတော့သည်မှာ သေချာနေဟန်ဖြင့် ရုံဖန်ရုံခါ လှမ်းကြည့်နေသည်။

-အခန်း(၃၈၀-က)ပြီး

wunzinnosp

## အခန်း(၃၈၀-ခ) ယောက်ျားတစ်ယောက်ရဲ့ဂုဏ်သတင်းက အရေးပါခဲ့တယ်(၂)

သို့သော် တာဟဲ၏စကားကြောင့် လျန်ဟောင် အံ့အားသင့်သွားခဲ့သည်။

"သူ့မှာ နောက်ခံတချို့ရှိတာလား”

၎င်းကိုစဉ်းစားလိုက်ပြီးနောက်တွင်ပင် သူ စိတ်သက်သာရာမရသေးချေ။ သူကိုယ်တိုင်မှာ အစွမ်းထက်ပြီး သူတို့လူထပ်ခေါ်လျှင်ပင် ကြောက်မည်မဟုတ်သော်လည်း ဒေသခံအာဏာရှင်များကို ဖိနှိပ်ရန်တော့ ခက်ခဲနေသေးသည်။

သူ သိပ်မသေချာသည့်အတွက်ကြောင့် နောက်ထပ်လူများကို ဆက်သွယ်ထားတာက ပိုကောင်းမည်ဟု တွေးမိသည်။

ထို့ကြောင့် WeChat ကိုဖွင့်ကာ မက်ဆေ့ချ်တစ်ခု ပို့လိုက်သည်။ "ရှောင်ဟွေ့၊ ငါ ဟောင်ကောင်ကိုရောက်နေတယ်။ ငါ့

ညီမနဲ့ ကော့စ်ဝေးပင်လယ်ကွေ့မှာ ညစာစားနေတာ။ ဒါပေမယ့် ဒီမှာ ပြဿနာတချို့တက်နေလို့…”

"ဝိတ်တာ ထိုင်ခုံနဲ့ စားပွဲပေါ်က စားစရာတွေကို ဒီကို ယူလာခဲ့ပေးပါ” လျှန်မုန့်ချီက ပုန်းရှောင်နေသည့် စားပွဲထိုးကို လက်ပြလိုက်သည်။

စားပွဲထိုးက အစားအသောက်များကို ယူလာပေးပြီး နောက်ထပ် ထိုင်ခုံတစ်လုံး ထည့်ပေးလိုက်သည်။ ထိုနောက် လျှန်မုန့်ချီနှင့် လျှန်ဟောင်တို့ ထိုင်လိုက်ကြ၏။

"လီလီ ဘာမှမစိုးရိမ်နဲ့။ ဒီမှာ ငါ့အစ်ကိုရှိနေမှတော့ ငါတို့ အဆင်ပြေသွားလိမ့်မယ်” လျှန်မုန့်ချီက ကျေက်သရေရှိစွာ ပြုံးလိုက်သည်။

"လျှန်မုန့်ချီ ပုံမှန်လိုပဲပြောပါ။ ငါ နင့်အကြောင်း မသိဘူး ထင်နေလား” ကျွန်းလီက သူမအား မျက်စောင်းထိုးလိုက်ပြီး ဒေါသတကြီးပြောသည်။ "နင်ဘာတွေးနေလဲ ငါသိတယ်နော်။

ငါ့ကို လာဘ်ထိုးဖို့မကြိုးစားနဲ့။ နင် ငါ့အစ်ကိုနဲ့အတူတူရှိဖို့ဆိုတာ မဖြစ်နိုင်ဘူး”

"ဟားဟား... ငါ နင့်ကို ဖားဖို့ မကြိုးစားပါဘူး” လျန်မုန့်ချီက ကျန်းဟန်နှင့်အတူရှိနိုင်မည်မဟုတ်ဆိုသည့် အချက်ကို လက်ခံထားပြီးဖြစ်သောကြောင့် ထိုစကားများကို သူမ စိတ်မရှိချေ။ သူမ ရယ်မောကာ "အကယ်၍ ငါသာ စောစောပေါ်လာခဲ့ရင် အခုချိန် နင်ငါ့ကို ယောင်းမလို့ ခေါ်နေရမှာ”

လျန်ဟောင်သည် သူမ၏စကားကြောင့် အံ့သြသွားသည်။ သူ့ညီမက ဒီလိုစကားမျိုး ကိုယ်တိုင်ပြောလိမ့်မည်ဟု မမျှော်လင့်ထားချေ။ သူမ၏စိတ်ထဲ၌ တစ်စုံတစ်ယောက်ရှိနေသည်ကို သိရှိလိုက်၏။

"အဲဒါ သေချာပေါက် မမှန်ဘူး” ကျန်းလီက နှုတ်ခမ်းကို တွန့်ကွေးလိုက်သည်။

"ငါမိတ်ဆက်ပေးမယ်။ ဒါက ငါ့အစ်ကို လျန်ဟောင်တဲ့" လျန်မုန့်ချီက သူမအား သင့်တင့်သည့်နည်းဖြင့် မိတ်ဆက်ပေးသည်။

"တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော့်နာမည် လျန်ဟောင်ပါ" လျန်ဟောင် သတိပြန်ဝင်လာပြီး ဣန္ဒြေရစွာ ပြုံးလိုက်သည်။

"ဟိုင်း ကျုပ်ကို တာဟဲလို့ ခေါ်လို့ရပါတယ်" တာဟဲက အပြုံးလေးဖြင့် ပြောလိုက်သည်။ သူသည် ရဲရင့်သည့် လူကြီးလူကောင်းကို အတော်လေးစိတ်ဝင်စားသွား၏။

"ကျွန်မက လော့ချင်းပါ"

"ကျွန်မနာမည် ကျန်းလီပါ။ ရှင်က မုန့်ချီရဲ့ မောင်လေး ကျနေတာပဲ နှလိုက်တာ" ကျန်းလီက စကားပြောရင်း သူ့အား အထက်အောက်စုံဆန်ကြည့်သည်။

"အမ် နင်ပြောတာ ငါက ပိုပြီး အသက်ကြီးတဲ့ပုံပေါက်တယ်ပေါ့လေ” လျှန်မုန့်ချီ၏မျက်လုံးများ ပြူးကျယ်သွားသည်။

"အဲဒါ နင့်ဘာသာပြောတာလေ”

"ဟမ့် နင်နဲ့ မငြင်းတော့ဘူး။ သောက်ရအောင်” လျှန်မုန့်ချီက ပြောသည်။

"ဟေး ခဏ နေဘာလို့ အအေးတွေ ငှဲ့နေတာလဲ” ကျန်းလီက နှာခေါင်းရှုံ့လိုက်ပြီး "နင် ဘီယာမသောက်နိုင်ဘူးလား”

"နည်းနည်းတော့ သောက်လို့ရတယ်” လျှန်မုန့်ချီက တုံ့ဆိုင်းသွားပြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်” လျှန်ဟောင်က ဖြေသည်။

ထိုနောက် ကျန်းလီက စားပွဲထိုးကို လက်ပြခေါ်လိုက်ပြီး "ဘီယာသုံးခွက်ပေးပါ။ ရေခဲနဲ့တစ်ခွက်၊ နင်တို့နှစ်ယောက် ရေခဲထည့်ချင်လား။ ထည့်မှာလား။ အိုခေ အကုန်လုံး ရေခဲနဲ့ပေးပါ”

ခဏအကြာတွင် ဘီယာသုံးခွက် လာချပေးသည်။

"လာ ချီးယားစ်" ကျန်းလီက ခွက်ကိုမြှောက်ကာ ပြောလိုက်သည်။

လူတိုင်း သူတို့၏ဖန်ခွက်ကိုမြှောက်ကာ ခွက်ချင်းတိုက်လိုက်ကြပြီး တစ်ပြိုင်တည်း မော့လိုက်ကြသည်။

ထိုနောက် လျှန်ဟောင်သည် အနည်းငယ် ထူးဆန်းသလို ခံစားလိုက်ရပြီး ခပတ်စားရင်း ဘီယာသောက်ခြင်းသည် တကယ်ပျော်စရာကောင်းကြောင်း တွေ့ရှိလိုက်ရသည်။

ကျန်းလီဟုခေါ်သည့် မိန်းကလေးက အလွန်မဟုတ်မခံရှိကာ ထူးခြားကြောင်း တွေးလိုက်မိ၏။

မျိုသိပ်ထားရသည်ထက် ကိုယ့်သဘောဝအတိုင်းနေထိုင်လိုက်ရသည်က များစွာပို၍ သက်တောင့်သက်သာရှိသည်။

သူတို့ စကားပြောကာ ရယ်မောနေကြသည်ကိုမြင်တော့ ဒုန်ဟုန်တာ မပျော်တော့ချေ။

"ဟမ့် အန္တရာယ်ကြီးကြီးမားမား မလာခင် သူတို့ အေးအေးဆေးဆေးနေလိုက်ဦးပေါ့"

"ငါ့ဦးလေးက သူတို့ကို ချေးထွက်မတတ်ကြောက်လန့်သွားစေလိမ့်မယ်"

ဒုန်ဟုန်တာ အလွန်ဒေါသထွက်နေသည်။

သူ မိနစ်နှစ်ဆယ်ခန့် စောင့်ဆိုင်းနေပြီးနောက် စားသောက်ဆိုင်သို့ လူငါးယောက် ရောက်လာသည်။

အဖွဲ့ကိုဦးဆောင်လာသည့်လူငယ်က ဒုန်ဟုန်တာအား အံ့အားသင့်သွားစေသည်။

"ချူဟော့လား"

ချူဟော့သည် ထိုလူများဆီလျှောက်သွားပြီး နှုတ်ဆက်လိုက်သည်ကိုမြင်သည့်အခါ သူအနည်းငယ် မျက်မှောင်ကြုတ်သွားသည်။

ချူဟွေ့၏နာမည်သည် အခြားသူများကြား ကြားရခဲ သော်လည်း သူသည် အဆင့်အတန်းမြင့်မားသည့် ချူ မိသားစု၏တရားဝင်သားဖြစ်သည်။ သို့သော် သူ၏ဦးလေးနှင့် တော့ မယှဉ်နိုင်သေးချေ။

"ချူဟွေ့က မင်းရဲ့ကျောထောက်နောက်ခံလား။ စိတ်မ ကောင်းဘူး ငါတို့ မင်းကို ရိုက်နှက်ပစ်မယ်"

နောက်ထပ် ဆယ်မိနစ်ခန့်ကြာသည့်အခါ စားသောက်ဆိုင်ထဲသို့ လူခြောက်ယောက် ဝင်လာပြန်သည်။ အဖွဲ့ကို ဦးဆောင်လာသည့် သက်လတ်ပိုင်းလူက လူများကို အံ့အားသင့်သွားစေပြီး တိုးတိုးတိုးတိုးဖြင့် စတင်ဆွေးနွေးကြ သည်။

"ဟိုး.. အဲဒါ ဒုန်ထျန်းဖန်ပဲဟ။ သူတကယ် ရောက်လာပြီ"

"အဲဒါ သိပ်မကောင်းဘူး။ တစ်ခုခုတော့ ဖြစ်တော့မယ်"

"မစ္စတာဒုန်ရဲ့ဒေါသနဲ့ဆို သူတို့ကို ပြင်းပြင်းထန်ထန် အပြစ်ပေးလိမ့်မယ်”

"...”

"ဦးလေး” ဒုန်ဟုန်တာနှင့် သူ့လူများက သူ့အား နှုတ်ဆက်ရန် အမြန်ထရပ်လိုက်ကြသည်။ ထိုနောက် သူသည် ကျန်းလီနှင့် အခြားသူများကို ညွှန်ပြကာ "ကျွန်တော်တို့ကိုရိုက်သွားတာ သူတို့ပဲ”

"အင်း”

ဒုန်ထျန်းဖန်က တုံ့ပြန်လိုက်ပြီး လျှောက်သွားလိုက်သည်။ သူတို့အနားသို့ ရောက်သည့်အခါ "ဟေးကောင်လေးတွေ။ ထွက်လာခဲ့။ စကားပြောရအောင်”

ထိုနောက် ကျန်းလီနှင့် အခြားသူများလည်း လှည့်ကြည့်လိုက်ကြသည်။

လျှန်ဟောင်သည် ဒုန်ထျန်းဖန်ကို အထက်အောက်စုံဆန် ကြည့်လိုက်ပြီး နောက်ဆုံးတွင် သူ၏နောက်မှလူနှစ်ယောက် ထံတွင် အကြည့်စူးစိုက်သွားပြီး သူတို့ကလည်း သိုင်းပညာရှင် များဖြစ်ကြောင်း ခံစားမိလိုက်သည်။

"ဦးလေးဒေါင်"

ထိုအချိန်တွင် ချူဟွေ့က မတ်တပ်ထရပ်ကာ ခေါင်းညိတ်၍ ပြောလိုက်သည်။ "သူတို့က ကျွန်တော့် သူငယ်ချင်းတွေပါ။ ခုနက ဖြစ်ပျက်ခဲ့တာတွေကို ကျွန်တော် ကြားပြီးပါပြီ။ သူ့လူတွေက အရမ်းဆူညံလွန်းလို့ တိုက်ခိုက်ကြ တာပါ။ ကျွန်တော်တို့ကို လွှတ်ထားပေးပါလား။ ဒါက နားလည်မှုလွဲတာပါ"

"နားလည်မှုလွဲတာလား" ဒုန်ထျန်းဖန်က တုံးတိတိပြော သည်။ သူ၏လေသံက သူဘာလုပ်မလဲ မဖော်ပြချေ။

ဒုန်ဟုန်တာက ၎င်းကိုကြားပြီးနောက် အနည်းငယ် စိုးရိမ် သွားပြီး အမြန်ပြောလိုက်သည်။ "ဦးလေး ကျွန်တော်က

ဦးလေးရဲ့တူဆိုတာကို ပြောခဲ့ပေမယ့် သူတို့က အရမ်း မောက်မာပြီး ဦးလေးကို လုံးဝ ဂရုမစိုက်ဘူး။ ကျွန်တော်လည်း ဒေါသထွက်ပြီး ဦးလေးကို ဖုန်းဆက်လိုက်တာ။ မဟုတ်ရင် ဦးလေးကို ညဉ့်နက်ကြီး ဒီကိုခေါ်မှာမဟုတ်ပါဘူး”

"မင်းက ဒုန်ဟုန်တာ ဟုတ်တယ်နော်” ချူဟွေ့က သူ၏စကားကိုကြားပြီးနောက် မျက်မှောင်ကြုတ်ကာ "ဘာ တွေဖြစ်ခဲ့လဲ မင်းသေချာသိပါတယ်။ မင်းတို့ ကိုယ့်ဘာသာ ဂိမ်းကစားနေရင် ရန်ဖြစ်မှာမဟုတ်ဘူး။ ဒါပေမယ့် မင်းက သူတို့ ကို ထပ်ခါထပ်ခါ နှောင့်ယှက်ပြီး လွန်သွားခဲ့တာပဲ။ ဘယ်သူမ ဆို ကျေနပ်မှာမဟုတ်ကြဘူးလေ ဟုတ်တယ်မလား”

"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့” ဒုန်ဟုန်တာက ဒေါသ ကို မထိန်းနိုင်ဘဲ "မင်းတို့ ငါတို့ကို ရိုက်တုန်းက ဘာတွေးနေ လဲ။ အခုမှ လွတ်ပေးစေချင်နေတာလား။ ဖြစ်နိုင်ပါ့မလား။ ငါ မင်းတို့ကို အခွင့်အရေးတစ်ခု ပေးခဲ့တာပဲ”

ဒုန်ဟုန်တာက သူတို့အား လွယ်လွယ်နှင့် အလွတ်ပေးမှာ မဟုတ်ကြောင်း လူတိုင်း သိလိုက်ကြသည်။

"ငါ..."

ချူဟော့ တစ်ခုခုပြောခါနီးတွင် ဒုန်တျန်းဖန်က လက်ကို ယမ်းကာ အသံတိုးတိုးဖြင့် "မင်းက ငါ့ကို ဘာလုပ်ပါညာလုပ်ပါ ပြောဖို့ အရည်အချင်းမပြည့်မီဘူး။ ထွက်လာခဲ့။ စကားပြော ရအောင်။ ငါ တတိယအကြိမ် မပြောချင်ဘူး"

သူပြောလိုက်သည်နှင့် လေထုက အေးခဲသွားသလိုပင်။

ဆရာကြီးတစ်ယောက်၏လွှမ်းမိုးနိုင်စွမ်းသည့်အပြုအမူကို အနီးအနားရှိလူများ ခံစားမိကြသည်။

တာဟဲလည်း အနည်းငယ် စိတ်မသက်မသာ ခံစာလိုက် ရ၏။

စွမ်းအားကြီးသူတစ်ယောက်က လူများကို သစ်ပင် ကြီး၏အရိပ်ပမာ အုပ်မိုးထားနိုင်သဖြင့် ထိုလူ၏နာမည်က

သစ်ပင်၏အရိပ်ကဲ့သို့ပင်။ နောက်ဆုံးတွင်တော့ ဒုန်ထျန်း ဖန်သည် နယ်မြေတစ်ခု၏ ဆရာကြီးဖြစ်သည်။ ထို့ကြောင့် တာဟဲ သေချာပေါက် ကြောက်လန့်မိပေသည်။

သို့သော်... သူသည် အနည်းငယ် သတ္တိအားခဲလိုက်ဆဲပင်။

၎င်းကိုစဉ်းစားပြီးနောက် သူထရပ်ကာ နှုတ်ဆက်ပြီး မစ္စတာကျန်း၏နာမည်ကို ပြောလိုက်ချင်ခဲ့သည်။

သို့သော် ထိုစကားကို အခြားတစ်ယောက်က ပြောသွားခဲ့၏။

ရုတ်တရက်... တံခါးဝတွင် နောက်ထပ် အကျော်အမော် ပုဂ္ဂိုလ်တစ်ယောက် ပေါ်လာသည်။

သူ နောက်လှည့်ကြည့်လိုက်ရာ ရှားရှန်ဟောင်က လူသုံးယောက်နှင့် ရောက်လာသည်ကို တွေ့လိုက်ရသည်။

"အစ်ကိုဒုန် မင်းရဲ့ကားက ဒီမှာရပ်ထားတာတွေ့လို့ တစ်ခုခုဖြစ်နေပြီထင်ပြီး လာကြည့်တာ" ရှားရှန်ဟောင်က ပြုံးကာ ပြောသည်။

"ငါ့ ဂျူနီယာလေးတချို့နဲ့ ဖြေရှင်းနေတာပါ။ ငါ့တူက ဒီမှာ အနိုင်ကျင့်ခံရတဲ့ပုံပဲ" ဒုန်တျန်းဖန်က ပြုံးကာ ရှားရှန်ဟောင်အား ကြည့်လိုက်သည်။

သူတို့သည် ရှားရှန်ဟောင်၏ပိုင်နက်ဖြစ်သည့် မြောက်ပိုင်းခရိုင်တွင် ရှိနေကြသည်။ ယခု သူ ရောက်လာပြီဖြစ်ရာ ဤကိစ္စအား ကိုယ်တိုင် ကိုင်တွေ့စရာမလိုတော့ဘူးထင်သည်။

"အိုး ဟုတ်လား။ ဒါဆို မင်း သေသေချာချာလေး ကိုင်တွယ်သင့်တယ်" ရှားရှန်ဟောင်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

သူပြောလိုက်သည်နှင့် ပတ်ဝန်းကျင်ရှိလူများကြား၌ ပင့်သက်ရှိုက်သံများ ထွက်ပေါ်လာသည်။

“ဒုန်တျန်းဖန်တစ်ဘောက်တည်းတောင် ကိုင်တွယ် ခက်နေပြီ။ အခု နောက်ထပ် ဆရာကြီးတစ်ယောက်ဖြစ်တဲ့ ရှားရှန်ဟောင်ပါ ရောက်လာပြီ။ အဲ့ဒီလူတွေ ဒုက္ခရောက်ဖို့ ဖြစ်နိုင်ချေများတယ်”

ဘေးနားရှိလူများပင် အသက်ရဲရဲမရှူရဲကြတော့။

ချူဟွေ့ပင် ကြီးမာသည့်ဖိအားကို ခံစားနေရသည်။ ဒုန်တျန်းဖန်တစ်ယောက်တည်းပင် သူ့ကို ဂရုမစိုက်ရာ ထိုနှစ်ယောက်ပေါင်းဆို ပြောနေရစရာပင်မလိုတော့။

ဒီနေ့ ကိစ္စက နည်းနည်း ရှုပ်ထွေးတဲ့ပုံပဲ…

ငါ အဲ့လိုမပြောလိုက်သင့်ဘူး။ ဝင်မပါဘဲနေတာက မှန်ကန်တဲ့ရွေးချယ်မှုပဲ…

ချူဟွေ့ အမှန်တကယ် ခေါင်းကိုက်နေခဲ့သည်။

ထိုအချိန်တွင် အားနည်းသည့်အသံတစ်ခု ကြားလိုက်ရ၏။

"သူ…သူဌေးရှား”

"အမ်"

ရှားရှန်ဟောင်က လှမ်းကြည့်လိုက်ပြီး သူ့ကို နှုတ်ဆက်သည့်လူအား အနည်းငယ် ရင်းနှီးသလိုရှိသော်လည်း ဘယ်မှာတွေ့ဖူးလဲ မမှတ်မိချေ။ ထိုနောက် သူ အနောက်သို့ လှမ်းကြည့်လိုက်၏။

"အဟွတ် အဟွတ်...."

သူ ရုတ်တရက် တံတွေးသီးသွား၏။

သေစမ်း။ အဲဒါ သူမပဲ...

မင်းက စောက်ရူးပဲ။ အခု မင်းရဲ့တူက အနိုင်ကျင့်ခံနေရပေမယ့် သူ့ခြေထောက် အချိုးခံရရင်တောင် မင်း သည်းခံနေရမှာ...

သူ သူမရဲ့အထောက်အထားကို မသိတာ သေချာတယ်...

ငါ.. သူမကို... သူ့လက်ထဲမှာ ထိခိုက်စေလိုက်ရင်ရော...

ရှားရှန်ဟောင်သည် ထိုအကြောင်းကို တွေးနေသော်လည်း နှစ်စက္ကန့်အကြာတွင် ထိုအကြံကို ငြင်းပယ်လိုက်သည်။ သူတို့တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အကျိုးအမျိုးမျိုး ရှိနေသည့်အတွက် ထိုသို့ မလုပ်တော့ချေ။

ထို့ကြောင့် ရှားရှန်ဟောင်သည် အနည်းငယ် ချောင်းဟမ့်လိုက်ပြီး လူတိုင်း၏အာရုံစိုက်မှုအောက်တွင် ဒုန်တျန်းဖန်ကို ကြည့်ကာ စကားအနည်းငယ်ပြောလိုက်သည်။

"အစ်ကိုဒုန်... ဒီ မိန်းမလှလေးက မစ္စတာကျန်းရဲ့ ညီလေးလေ။ မင်း အဲဒါကိုသိလား"

ဒါပေါ့ မင်းသိသင့်တာပေါ့။ ကင်းမြီးကောက်က မစ္စတာကျန်းရဲ့သမီးကို ငိုအောက်လုပ်လိုက်မိလို့ မသန်မစွမ်းဖြစ်သွားတယ်။ ထန်ကျန့်က သူ့မိသားစုကို ပြဿနာရှာလို့ သေသွားတယ်။ မင်း အဲဒါကို နားလည်သင့်တယ်။ ဒါက သူ့ရဲ့ ညီမအရင်းခေါက်ခေါက်ပဲ...

သူ၏စကားကြောင့် အနားရှိလူတိုင်း စိတ်ရှုပ်ထွေးသွားကြသည်။

"ဘာတွေဖြစ်နေတာလဲ"

"မစ္စတာကျန်းလား"

"ဒီကိစ္စက တခြားနည်းနဲ့ ပြီးသွားမှာလား။ ဆရာကြီးနှစ်ယောက်လုံးက သူ့ကို ကြောက်နေကြတာလား"

လျန်ဟောင်ပင် အနည်းငယ် ထူးဆန်းသည်ဟု ခံစားမိသည်။ ထိုလူအားလုံးကို အနိုင်ယူရန် အချိန်မည်မျှကြာမလဲ သူ စဉ်းစားနေဆဲဖြစ်ပြီး ယခုလို အခြေအနေပြောင်းပြန်လှန်သွားမည်ဟု မမျှော်လင့်ထားချေ။

ချူဟွေ့လည်း ထိတ်လန့်သွားသည်။ သူ ကျန်းလီကို ကြည့်လိုက်ပြီး အနည်းငယ် အံ့အားသင့်သွား၏။

သူမရဲ့အစ်ကိုက ဆရာကြီးတွေကို နှိမ်နင်းခဲ့တဲ့ မစ္စတာကျန်းပေါ့...

ထိုစဉ်က တိုက်ပွဲအကြောင်းကို သူအနည်းငယ် ကြားခဲ့သော်လည်း အတိအကျတော့ မသိချေ။ ထိုသို့သောကိစ္စမျိုးဖြစ်ခဲ့ကြောင်းကိုသာ သူသိသည်။

"အမ်"

ဒုန်တျန်းဖန် အံ့ဩသွားပြီး နှုတ်ခမ်းများ အနည်းငယ်တုန်ယင်သွားသည်။

ဒုန်ဟုန်တာသည် သူ့ဦးလေး၏အမူအရာကို မြင်ပြီးနောက် မျက်နှာပျက်သွားသည်။

မစ္စတာကျန်းက တကယ် အင်အားကြီးတဲ့သူလား...

သူ ထိုအကြောင်းကို စဉ်းစားနေစဉ်...

ဒုန်တျန်းဖန်က လှည့်လာပြီး ညာလက်ကိုမြှောက်ကာ ဒုန်ဟုန်တာ၏ဘယ်ဘက်ပါးကို တန်း၍ ရိုက်ထည့်လိုက်သည်။

"ဖြောင်း"

ကျယ်လောင်သည့်အသံတစ်ခုကို လူတိုင်းကြားလိုက်ရပြီး သူတို့၏သွေးများအေးခဲသွား၏။

"သူတို့ကို တောင်းပန်လိုက်" ဒုန်တျန်းဖန်က အေးစက်စွာ ပြောသည်။

ဟူး...

နားများအူသွားသည့် ဒုန်ဟုန်တာမှာ ထိတ်လန့်သွားသည်။

သူ့ဦးလေးအား အံ့အားသင့်စွာကြည့်လိုက်သည်။ လက်အား ထပ်၍ မြှောက်လိုက်သည်ကိုမြင်လိုက်ရသဖြင့် ကြောက်လန့်သွားပြီး အမြန် ပြေးသွားခဲ့သည်။

"တောင်းပန်ပါတယ် တောင်းပန်ပါတယ်။ အဲဒါ ငါ့အမှားပါ"

ဒုန်ဟုန်တာသည် စိတ်ပျက်လက်ပျက်ဖြစ်နေ၏။

ရှောင်ချမ်းနှင့် သူ့နောက်မှလူများမှာတော့....

"ဝုန်း"

ကမ္ဘာပျက်သွားသလိုပင်။

ငါတို့သူဌေးကြီးက ဒီမှာလေ။ ဒါပေမယ့် သူက တခြားတစ်ယောက်ရဲ့နာမည်ကိုကြားပြီး ခုလိုဖြစ်သွားတယ်။ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ...

"ကောင်းပြီ။ နောက်ဆိုမှတ်ထားပါ။ ကိုယ်ပျော်ဖို့အတွက်နဲ့ တခြားသူတွေကို အနှောင့်အယှက်မပေးနဲ့။ ဘယ်လိုပြုမူရမလဲ သင်ယူပါ ဟမ့်" ကျန်းလီက ဘာမှအလေးအနက်မထားဘဲ လွှတ်ပေးလိုက်သည်။

တစ်ချိန်တည်းမှာပင် သူမ အနည်းငယ် ထူးဆန်းသလို ခံစားလိုက်ရ၏။ သူမ၏အစ်ကိုက အလွန်အင်အားကြီးပုံရကြောင်း တွေ့ရှိခဲ့ရသည်။

ပေကျင်း၏သြဇာအရှိဆုံးသခင်လေးလေးယောက်ထဲက တစ်ယောက်ဖြစ်ခဲ့သည့် ကျန်းဟန် နောက်တစ်ကြိမ် ပြန်ပေါ်သည့်ပုံပင်။

"အဲ မမလေး မင်းကိုစိတ်အနှောင့်အယှက်ဖြစ်စေမိလို့ ကျုပ်တောင်းပန်ပါတယ်။ သူ့ကို ကောင်းကောင်းမဆုံးမထားမိတာ ကျုပ်အမှားပါ။ ကျုပ်သူ့ကို သေချာပြန်ပြီးဆုံးမပေးပါ့မယ်”

ခဏလောက်စဉ်းစားပြီးနောက် ဒုန်တျန်းဖန်က သူမထံ လျှောက်လာကာ အနည်းငယ်ဦးညွှတ်၍ တောင်းပန်သည်။

သူ၏စကားကြောင့် အနီးနားရှိလူများ အံ့အားသင့်သွားကြသည်။

"ဒုန်တျန်းဖန်က တောင်းပန်တယ်တဲ့ဟ”

-အခန်း(၃၈၀)ပြီး

wunzinnosp

## အခန်း(၃၈၁) ဒါရိုက်တာလာနေပြီ(၁)

ဒုန်တျန်းဖန်က တောင်းပန်ခဲ့သော်လည်း သူကိုယ်တိုင် သိပ်ပြီးစဉ်းစားမနေခဲ့ချေ။

သူ့တူက မည်သို့ပုံစံရှိကြောင်း သိရှိထားပြီး အခြားသူများ၏စကားများအရ ဘာဖြစ်ခဲ့သလဲ မှန်းဆနိုင်သည်။

သူသာ မရှိခဲ့လျှင် ၎င်းက ရိုးရှင်းပေလိမ့်မည်။ ထို့ပြင် သူသည် ၎င်းကို ဂရုမစိုက်ချေ။ သို့သော် ယခု သူလည်းရှိနေခဲ့ပြီး တစ်ဖက်လူမှာ မစ္စတာကျန်း၏ညီမဖြစ်နေသည့်အတွက် သူကိုယ်တိုင်တောင်းပန်ရုံမှတပါး အခြားရွေးချယ်စရာမရှိချေ။

သူ၏စိတ်ထဲ၌ ကူရာမဲ့သလို ခံစားနေရသော်လည်း ဤသည်က တောတွင်းဥပဒေပင်။ သူ ဒါကို လက်ခံရမည်ဖြစ်သည်။

ချူဟွေ့သည် သူ၏တောင်းပန်မှုကြောင့် အနည်းငယ် ထိတ်လန့်သွားပြီး ၎င်းကို မမျှော်လင့်ထားခဲ့ချေ။

လျန်ဟောင်လည်း အလားတူပင် ခံစားခဲ့ရသည်။ နောက်ဆုံးတွင် ဩဇာရှိသည့်လူတစ်ယောက်အနေဖြင့် သူ၏သဘောထားက အရာအားလုံးကို ရှင်းပြသွားသလိုပင်။

ငါ့ညီမလေးကြိုက်နေတဲ့ သူမရဲ့အစ်ကိုက တကယ်ကို တစ်ခုခုတော့ တစ်ခုခုပဲ…

လျန်ဟောင် အတွေးနက်သွားသည်။

လျန်မုန့်ချီသည် မျက်လုံးများကို ပုတ်ခတ်ပုတ်ခတ်လုပ် ရင်း သိချင်စိတ်ဖြင့် ပတ်ပတ်လည်အား လိုက်ကြည့်သည်။

ကျန်းလီက ဘာမှမပြောချေ။ အခြေအနေကိုမြင်တွေ့ပြီး နောက် ဒုန်တျန်းဖန်က ခဏလောက်စဉ်းစားကာ "မင်း မ ကျေနပ်ဘူးဆိုရင် ဒုန်ဟုန်တာကို မင်းကြိုက်သလို အပြစ်ပေး လို့ရပါတယ်”

ဒုန်ဟုန်တာ ထိတ်လန့်သွား၏။ သူ့ဦးလေးက သူ့အား ကူညီရန်ရောက်လာသည်ဟု ထင်ခဲ့သော်လည်း ရှေ့နေငှားမှ ထောင်လုံးလုံးကျရမည့်အဖြစ်ရောက်နေသည်။

ထို့ကြောင့် သူ အလွန်ခါးသီးသွားကာ ငိုလိုက်ချင်သော်လည်း မျက်ရည်ကကျမလာ။

"ထားလိုက်ပါတော့။ ကျွန်မတို့ကို နောက်ထပ်သာမနှောင့်ယှက်နဲ့" ကျန်းလီက လက်ကိုခါယမ်းကာ သူ့အား အပြစ်ပေးမည့်အခွင့်အရေးကို ငြင်းပယ်လိုက်သည်။

"ကောင်းပါပြီ" ဒုန်တျန်းဖန်က ခေါင်းညိတ်ကာ ပြောသည်။ "ဒါဆို ကျုပ်ပြန်လိုက်ပါဦးမယ်"

ထိုသို့ပြောလိုက်ပြီးနောက် သူ မျက်မှောင်ကြုတ်ကာ ဒုန်ဟုန်တာကို စိုက်ကြည့်လိုက်သည်။ ထိုနောက် ဦးဆောင်ကာ ထွက်ခွာသွားခဲ့၏။

ဒုန်ဟုန်တာနှင့် အခြားသူများ သူ့နောက်မှလိုက်ကာ စိတ်ပျက်လက်ပျက်ဖြင့် ထွက်သွားကြသည်။

"မင်းတို့နှစ်ယောက် ဒီမှာစောင့်ကြည့်နေလိုက်။ မစ္စကျန်းကို ဘယ်သူမှ မနှောင့်ယှက်စေနဲ့" ရှားရှန်ဟောင်က သူ့နောက်မှလူနှစ်ယောက်ကို ပြောလိုက်ပြီး ကျန်းလီအား ပြုံး၍ကြည့်ကာ "စိတ်ကြိုက်သာနေပါ။ တစ်ခုခုဖြစ်ရင် သူတို့ကလှမ်းခေါ်လိုက်"

ထိုနောက် သူလည်း ထွက်သွားသည်။

ပတ်ဝန်းကျင်ရှိ လူများအားလုံး ရှော့ခ်ရသွားကြပြီး ပြဿနာမှာ နောက်ဆုံးတွင် နာမည်တစ်ခုအား ကြောက်ရွံ့မှုကြောင့် ပြီးဆုံးသွားခဲ့သည်။

"ဝိုး...နင့်အစ်ကိုက ဒီလောက်စွမ်းအားကြီးမှန်း မသိခဲ့ဘူး" လျန်မုန့်ချီ၏မျက်လုံးများ တောက်ပလာပြီး ကျန်းလီအား ကြည့်ကာ ပြုံး၍ပြောသည်။

"ဘာပဲဖြစ်ဖြစ် အဲဒါ နင်နဲ့ဘာမှမဆိုင်ဘူး သိပ်ပြီး စိတ်လှုပ်ရှားမနေနဲ့" ကျွန်းလီက သူမအား မျက်စောင်းထိုးကာ ပြောလိုက်သည်။

"နင်ဘယ်လိုလုပ် ဒီလိုပ်ပြောရတာလဲ။ ငါ ဘာမှကို ပြောလို့မရတော့ဘူးလား" လျန်မုန့်ချီက နှာခေါင်းရှုံ့လိုက်ပြီး "လာဆက်ရအောင်။ များများသောက်ကြ။ ဘီယာအေးအေးက ငါ့ ထင်သလောက် ကြောက်စရာမကောင်းတော့ဘူး"

ကျွန်းလီက သူမ၏လက်ပတ်နာရီကိုတစ်ချက်ကြည့်လိုက်ပြီး "၁၁ နာရီ ၄၀ ရှိနေပြီ။ ငါသွားရတော့မယ်။ ၁၂ နာရီမှာ တစ်ချိန်ကျန်သေးတယ်"

"နင် ဒီဂျေကို ပြောနေတာလား" လျန်မုန့်ချီကမေးသည်။

"ဟုတ်တယ်"

"ဟဲဟဲ… နတ်သမီးလီက ငါတို့ကလပ်ရဲ့ အကောင်းဆုံးဒီဂျေလေ။ သူမက အရမ်းနာမည်ကြီးတာ" တာဟဲက ရယ်မော

ကာ ပြောသည်။ "မိန်းမလှလေး၊ မစ္စတာချူ မင်းတို့ အဲ့ကိုသွား ပြီး ပျော်ချင်လား"

ချူဟွေ့ ကြက်သေသေသွားသည်။ သူသည် နိုက်ကလပ် များကို သွားလေ့မရှိသဖြင့် ၎င်းကို သိပ်စိတ်မဝင်စားချေ။ ထို့ကြောင့် လျန်ဟောင်အား ကြည့်လိုက်၏။

ထိုနောက် လျန်ဟောင်က လျန်မုန့်ချီအား ကြည့်လိုက် ပြန်သည်။ သူသည် ဤကဲ့သို့ကိစ္စများနှင့်ပတ်သက်၍ သူ့ညီမ လေး၏စကားကို အမြဲနားထောင်သည်။

"ကောင်းပြီလေ။ ခဏလောက် သွားပြီးပျော်ကြတာပေါ့။ လီလီက အရမ်းတော်လား ကြည့်ကြည့်ရအောင်" လျန်မုန့်ချီက လျန်ဟောင်ကို ကြည့်ကာ ပြောလိုက်သည်။

ညီမဖြစ်သူ၏စကားကိုကြားပြီးနောက် လျန်ဟောင် ခေါင်းညိတ်လိုက်သည်။

ထိုသို့ဖြင့် သူတို့လူစု စားသောက်ဆိုင်အတွင်းပိုင်းသို့ ဝင်သွားကြသည်။ ငွေရှင်းသည့်အချိန်တွင် အသင့်ရပ်နေသည့် ရှားရှန်ဟောင်၏လူနှစ်ယောက်က ဆိုင်ရှင်အား လက်ခါပြလိုက်သည်။

"ဆာ မဒမ် မင်းတို့ရဲ့ဘေလ်ကို ရှင်းပြီးပါပြီ" သူဌေးက အမြန်ပြောလိုက်သည်။

"ကျွန်မ တခြားသူတွေပေးတာကို မလိုအပ်ဘူး။ ဘယ်လောက်ကျလဲ ကျွန်မဘာသာပေးမယ်" ကျန်းလီက ပြောပြောဆိုဆိုဖြင့် လက်ကိုင်အိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်လိုက်သည်။

"ဒါက..." သူဌေးသည် ဘာလုပ်လို့လုပ်ရမှန်းမသိတော့ဘဲ ဘေးနားတွင်ရပ်နေသည့်လူနှစ်ယောက်ကို ကြည့်လိုက်သည်။

သူတို့ ခေါင်းညိတ်လိုက်ပြီးနောက် သူ၏မျက်နှာတွင် အပြုံးတစ်ခုပေါ်လာပြီး "အင်း ဒါဆိုလည်း စားပွဲနှစ်ဝိုင်းလုံး

အတွက် စုစုပေါင်း ယွမ် ၇၃၀ ကျပါတယ်။ ယွမ် ၇၀၀ ဆို အဆင်ပြေပါပြီ”

"ကျွန်တော်ရှင်းပါရစေ” လျန်ဟောင်က ပြုံးကာ ပြောသည်။

သို့သော် ကျန်းလီက ပိုက်ဆံထုတ်ကာ တန်း၍ပေးလိုက်ပြီး "ကိစ္စမရှိပါဘူး”

ထိုနောက် သူတို့ စားသောက်ဆိုင်မှ ထွက်လာကြသည်။

ကျန်းလီ၊ တာဟဲနှင့် လော့ချင်းတို့သည် ထိုဆိုင်သို့ လမ်းလျှောက်လာခဲ့သဖြင့် လျန်မုန့်ချီမောင်းသည့် Volkswagen ကားပေါ်သို့ တက်လိုက်ကြသည်။ ချူဟွေ့နှင့် အခြားသူများက သူတို့နောက်မှ Audi Q7s နှစ်စီးဖြင့် လိုက်လာခဲ့ကြသည်။

သုံးမိနစ်အကြာတွင် သူတို့ ကြယ်ကောင်းကင်ဘားသို့ ရောက်လာကြ၏။

ကားများရပ်ပြီးသည်နှင့် သူတို့လူစု အထဲဝင်သွားကြပြီး တာဟဲက စားပွဲ(၂) တွင် ထိုင်ခိုင်းသည်။

လော့ချင်းက ဝိုင်ကောင်တာသို့ ပြန်သွားပြီး ကျန်းလီက ပြင်ဆင်ရန်အတွက် စင်နောက်ဘက်သို့သွားသည်။

"မိန်ချီ နင် ကျန်းလီရဲ့အစ်ကို ကြိုက်နေတာမလား"

သူတို့ ထိုင်လိုက်ပြီး ဝိုင်အနည်းငယ်သောက်ပြီး နောက်တွင် လျန်ဟောင်က သိချင်စိတ်ဖြင့် မနေနိုင်ဘဲ မေး လိုက်သည်။

လျန်မုန့်ချီသည် သူ၏စကားကြောင့် ကြက်သေသေသွား သည်။ ထိုနောက် သူမ မျက်လုံးများကို ပေကလပ်ပေကလပ် လုပ်ကာ ခေါင်းညိတ်၍ "အင်း ငါသူ့ကို ကြိုက်တယ်"

လျန်ဟောင်ဘေးနားရှိ ချူဟွေ့ အံ့အားသင့်သွားသည်။ သူ သည် လျန်မုန့်ချီအား အကဲခတ်လိုက်ပြီး သူမက ထိုစွမ်းအား

ကြီးသည့်ပုဂ္ဂိုလ်မစ္စတာကျန်းအား သဘောကျနေလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ချေ။

"အခု ငါ သူ့အကြောင်း အရမ်းသိချင်သွားပြီ" လျန်ဟောင် ပြုံးလိုက်သည်။

"ဒါပေမယ့် သူ့မှာ အရမ်းလှတဲ့ဇနီးနဲ့ ချစ်စရာကောင်းတဲ့ သမီးလေးနဲ့ မိသားစုရှိတယ်။ ငါ့မှာ အခွင့်အရေးမရှိဘူး" လျန် မုန့်ချီက နှုတ်ခမ်းကိုတွန့်ကွေးကာ မပျော်မရွှင်ဖြင့်ပြောလိုက် သည်။

လျန်ဟောင်သည် သူမ၏စကားကြောင့် ထိတ်လန့်သွားပြီး "မိန်ချီ နင်... နင်အဲ့လိုမျိုးမဖြစ်..."

"ငါသိပါတယ်။ ငါက သူ့ကို နည်းနည်းသဘောကျရုံပါ။ မ သင့်တော်တာ ဘာမှမလုပ်ပါဘူး။ စိတ်မပူပါနဲ့" လျန်မုန့်ချီက နှုတ်ခမ်းရှုံ့ကာ ပြောသည်။

"အင်း အဲဒါကောင်းတယ် ကောင်းတာ်” လျှန်ဟောင် အနည်းငယ် စိတ်သက်သာရာရသွားပြီး ချူဟွေ့အား ကြည့်ကာ မေးလိုက်သည်။ "မင်း မစ္စတာကျန်းကို သိလား”

"နည်းနည်းတော့ ကြားဖူးတယ်။ တစ်ချို့က သူ့ကို မြေအောက်လောကရဲ့ရက်စက်တဲ့ကျန်းလို့ ခေါ်ကြတယ်။ ဒုန်တျန်းဖန်နဲ့ ရှားရှန်ဟောင် သူ့ကို အရမ်းကြောက်ရတဲ့အကြောင်းအရင်းက မစ္စတာကျန်းက အရှေ့ပိုင်းခရိုင်ရဲ့ဘော့စ်ယဲ့ဟန်အပါအဝင် အင်အားစုသုံးခုကို ဖိနှိပ်ခဲ့လို့ပဲ။ သူက အရမ်းအစွမ်းထက်တဲ့သူပဲ။ သူတို့ တိုက်ပွဲတစ်ခုဖြစ်ခဲ့ပုံရပေမယ့် ငါ အဲဒီကိစ္စတွေက သိပ်ပြီး ဂရုမစိုက်ခဲ့ဘူး။ မင်းသိချင်ရင် ငါနောက်မှ အသေးစိတ်စုံစမ်းပေးမယ်လေ” ချူဟွေ့က ပြန်ဖြေသည်။

"ရပါတယ် မလိုဘူးရယ်” လျှန်ဟောင်က ပြုံးကာ ပြောသည်။

"ဒီမစ္စတာကျန်းက အရမ်းအစွမ်းထက်ပေမယ့် မြေအောက်တပ်ဖွဲ့တွေကြားထဲမှာပဲရမှာ။ ငါသူ့ကို စီးပွားရေး နယ်ပယ်မှာ တစ်ခါမှမကြားဖူးဘူး။ ဒါပေမယ့်...” ချူဟွေ့က ခဏလောက် ရပ်တန့်လိုက်ပြီး "သိုင်းလောကမှာလည်း မာစ တာကျန်းဆိုတာ ရှိတယ်။ သူက မင်းစိတ်ကူးနိုင်တာထက် အများကြီးပိုပြီး အစွမ်းထက်တယ်။ မာစတာကျန်းက နက်နဲ အဆင့်ကိုရောက်ခါစလို့ ပြောကြပေမယ့်.. သူက ကောင်းကင် အဆင့်မာစတာနှစ်ယောက်ကို ခဏချင်းသတ်ပစ်ခဲ့တာ”

"ဘာ” လျန်ဟောင် ပြင်းထန်စွာတုံ့ပြန်လိုက်မိသည်။ သူ မ ယုံနိုင်လောက်အောင်ဖြစ်သွားပြီး "အဲဒါ အမှန်ပဲလား”

"အမှန်ပဲ” ချူဟွေ့က လေးလေးနက်နက် ခေါင်းညိတ်သည်။

"အသေးစိတ်ပြောပြလို့ရမလား” လျန်ဟောင် မေးသည်။

သူသည် အထွတ်အထိပ်အဆင့်သို့ ရောက်ခါစဖြစ် သော်လည်း သူနှင့် မာစတာတစ်ယောက်ကြားရှိ ခြားနားချက်

ကို သူသိသည်။ နက်နဲအဆင့်နှင့် မြေကမ္ဘာအဆင့်ကြားတွင် မည်မျှကြီးမားသည့် ခြားနားချက်ရှိသည်ကိုလည်း သိသည်။ ထို့ပြင် ၎င်းနှင့် ကောင်းကင်အဆင့်ကြားရှိ ကွာခြားချက်မှာ မကျော်လွှားနိုင်သည့် ချောက်နက်ကြီးတစ်ခုနှင့် ပို၍တူ၏။ ထို့ကြောင့် နက်နဲအဆင့်မာစတာတစ်ယောက်က ကောင်းကင်အဆင့်မာစတာနှစ်ယောက်ကို တခဏချင်း မည်သို့သတ်နိုင်မည်နည်း။

၎င်းကို ဘာကိုဆိုလိုသလဲ သူသိသဖြင့် အခြားသူများထက် ပို၍ တုန်လှုပ်သွားခဲ့သည်။

"အသေးစိတ်က.... အဲဒီကိစ္စကို နှုတ်ပိတ်တားမြစ်စည်းတံဆိပ်အမိန့်ထုတ်ထားတယ်။ ဒါကြောင့် ငါ အသေးစိတ်တော့ မသိဘူး။ အခြေခံအကြောင်းတချို့ပဲသိတာ။ ငါ မင်းကို သိသလောက် ပြောပြမယ်" ချူဟွေ့က ခေါင်းယမ်းလိုက်သည်။

သူပြောလိုက်သည်နှင့် လျန်မုန့်ချီအား စတင်နားစွင့်လာပြီး ဘာဖြစ်ခဲ့သလဲ သိချင်လာသည်။

"အဲဒါက ဒီလို။ မာစတာကျွန်းရဲ့အမျိုးသမီးကို တခြားသူတွေက ထိခိုက်စေခဲ့မလိုဖြစ်ခဲ့တာကြောင့် သူ ဒေါသထွက်ပြီး ကောင်းကင်အဆင့်မာစတာနှစ်ယောက်၊ မြေကမ္ဘာအဆင့်မာစတာတစ်ယောက်နဲ့ ပြဿနာရှာသူတွေအပါအဝင် လူ ၁၃ ယောက်ကို လက်ဗလာနဲ့ သတ်ပစ်ခဲ့တယ်။ အစပိုင်းမှာတော့ ဒီကိစ္စဖြစ်ပျက်အပြီး သူက ဟောင်ကောင်သိုင်းလောကမှာ လူသိများလာပြီး အာရုံစိုက်မှုတစ်ချို့ဖြစ်စေခဲ့တယ်။ လဆန်းပင်လယ်ကွေ့ရဲ့မာစတာကျွန်းလို့ ပြောလိုက်ရင် ဒီကိစ္စကို လူတိုင်းသိကြတယ်လေ” ချူဟွေ့က စိတ်ခံစားချက်များဖြင့် ပြောသည်။

ဤကမ္ဘာကြီးတွင် အချို့လူများကို အမှန်တကယ် စော်ကား၍မရချေ။

"လဆန်းပင်လယ်ကွေ့က မာစတာကျွန်း.. လဆန်းပင်လယ်ကွေ့က မစ္စတာကျွန်း။ ဟေး သူတို့က တစ်ယောက်တည်းလို့ ထင်လား” မိန်ချီ၏မျက်လုံးများ

တောက်ပလာပြီး ပြောလိုက်သည်။ "သူဌေးက မာစတာကျန်း ဖြစ်နိုင်လား"

"လူတစ်ယောက်တည်းလား" လျန်ဟောင် အံ့အားသင့်သွားပြီး ချူဟွေ့ကို ကြည့်လိုက်သည်။

"အင်း... ဖြစ်နိုင်တယ်" ချူဟွေ့က ပြုံးကာ ခေါင်းယမ်းလိုက်ပြီး "ဒါပေမယ့် သိုင်းလောကထဲက မာစတာတွေက မြေအောက်လောကကို မပတ်သက်ကြဘူးလို့ ငါထင်တယ်။ တိုက်ဆိုမှုပဲ ဖြစ်မှာပါ။ ကျန်း မျိုးရိုးနာမည်က လူတော်တော်များများ ရှိကြတယ်လေ"

"ဟုတ်တယ်။ ဘယ်မာစတာမှ မြေအောက်လေကို ဂရုမစိုက်ကြဘူး" လျန်ဟောင် ပြုံးလိုက်သည်။

ဥပမာအားဖြင့် သူသည် အထွတ်အထိပ်ဆင့်သို့ ရောက်ခါစဖြစ်ပြီး မည်သည့်မြေအောက်လောကအင်အားစုနှင့်မျှ မပတ်သက်ချေ။ မာစတာတစ်ယောက်ဆိုလျှင် ပြောနေစရာပင်မလို။

သို့သော် လျှန်မုန့်ချီ၏ခန့်မှန်းချက်က အမှန်ဖြစ်သည်ကို သူတို့ မသိခဲ့ကြချေ။

သူတို့စကားပြောနေစဉ် စင်ပေါ်မှ အမျိုးသားဒီဂျေတစ်ယောက်၏ စိတ်အားထက်သက်နေသည့်အသံကို ကြားလိုက်ရသည်။ "ကျွန်တော်တို့ရဲ့ အကောင်းဆုံးဒီဂျေ နတ်သမီးလီကို ကြိုဆိုလိုက်ကြရအောင်ဗျို့"

ရှင်မြူးတက်ကြွနေသည့် ကျန်းလီသည် စင်ပေါ်တက်လာပြီး ညနောက်ပိုင်းပါတီကို စတင်ခဲ့လေသည်။

-အခန်း(၃၈၁-က) ပြီး

wunzinnosp

## အခန်း(၃၈၁-ခ) ဒါရိုက်တာလာနေပြီ(၂)

"သူမက တကယ်အရိုင်းဆန်တဲ့မိန်းကလေးပဲ"

လျန်ဟောင်သည် အလုပ်လုပ်နေသည့်ကျန်းလီကိုကြည့်လိုက်ပြီး အလွန်စိတ်ဝင်စားဖွယ်ကောင်းသည်ကို တွေ့လိုက်ရသည်။

"လီလီက စင်ပေါ်မှာ အရမ်းမိုက်တာပဲ” လျန်မုန့်ချီက ပြုံးလိုက်သည်။

"...”

နာရီဝက်ကျော်ထိုင်ပြီးနောက် ၁၂ နာရီခွဲတွင် သူတို့ထကာ ထိုနေရာမှာ ထွက်လာခဲ့ကြသည်။

ချူဟွေ့က သူ့အိမ်သို့ပြန်သွားပြီး လျန်ဟောင်က လျန်မုန့်ချီနှင့် လဆန်းပင်လယ်ကွေ့ရှိ သူမငှားထားသော ပင်လယ်ရှုခင်းတိုက်ခန်းသို့ လိုက်သွားသည်။

တိုက်ခန်းသည် ၁၀၀ စတုရန်းမီတာကျော်ကျယ်ဝန်းပြီး အိပ်ခန်းနှစ်ခန်းပါရှိကာ သူတို့နှစ်ယောက်နေရင် အဆင်ပြေပေသည်။

"တစ်နာရီကျော်နေပြီ။ မနက်ဖြန် မနက်စာမစားရတော့ဘူး။ ဟေး အစ်ကို ငါအိပ်တော့မယ်နော်။ မနက်ကျရင် မနိုးနဲ့။ ဗိုက်ဆာရင် အောက်ထပ်သွားစားလိုက်" လျန်မုန့်ချီက အိပ်ခန်းထဲမဝင်ခင် ပြောသွားသည်။

လျန်ဟောင်က ဆိုဖာပေါ်တွင် ထိုင်နေ၏။ သူခေါင်းကို ယမ်းကာ ပြုံးလိုက်ပြီး ထိုနောက် ဒုတိယအိပ်ခန်းသို့ ပြန်သွားခဲ့သည်။

ညတာသည် တိတ်ဆိတ်စွာဖြင့် ကုန်ဆုံးသွားခဲ့၏။

နောက်တစ်နေ့တွင် လျန်ဟောင် မနက်ခြောက်နာရီ၌ အိပ်ရာနိုးလာသည်။

ကိုယ်လက်သန့်စင်ပြီးနောက် အားကစားဝတ်စုံဝတ်ကာ လမ်းပေါ်ပြေးရန် အောက်သို့ဆင်းလာခဲ့သည်။

ဒါက သူ၏အကျင့်ဖြစ်သည်။

သူ လမ်းနှစ်လမ်းကို ဖြတ်ပြေးပြီးနောက် မနက်စာရနိုင်သည့်နေရာတော်တော်များများကို တွေ့ခဲ့ရသည်။ သူ ခဏလောက်စဉ်းစားကာ တံခါးရှေ့တွင် ရပ်လိုက်သည်။ ထိုနောက် ဖုန်းကိုထုတ်ကာ "မုန့်မုန့်အပန်းဖြေရာစားသောက်ဆိုင်၊ လဆန်းပင်လယ်ကွေ့၊ ဟောင်ကောင်" ဟု ရှာဖွေလိုက်၏။

သတင်းအချက်အလက်များစွာကို မြင်ခဲ့ရသည်။ ပထမတစ်ခုမှာ ကမ္ဘာတစ်လွှားအရသာရှိသောအစားအသောက်များအစီအစဉ်ဖြစ်ပြီး နောက်တွင် အကြံပြုချက်တချို့ပါသည်။ စားသောက်ဆိုင်ကို လဆန်းပင်လယ်ကွေ့ရှိခရီးသွားမှတ်စုများတွင်လည်း ထည့်သွင်းဖော်ပြထားသည်။

၎င်း၏တည်နေရာကို ရှာဖွေပြီးနောက် လျန်ဟောင် ထိုနေရာသို့ ပြေးသွားခဲ့သည်။

ခုနှစ်နာရီထိုးခန့်တွင် သူ စားသောက်ဆိုင်သို့ ရောက်လာပြီး ဆိုင်မျက်နှာစာမှာ ကြီးကြီးမားမားမဟုတ်ကြောင်း တွေ့ရှိခဲ့

သည်။ သို့သော် တံခါးဝတွင် တန်းစီစောင့်ဆိုင်းနေသည့် လူငါးယောက် ခြောက်ယောက်ရှိသည်။

သူလည်း တန်းစီစောင့်နေစဉ် ရှေ့မှလူများ၏ စိတ်လှုပ်ရှားနေသည့်စကားသံများကို ကြားလိုက်ရသည်။

"ဝိုး ဒီနေ့ ပေါက်စီရှိတယ်ဟ။ ငါတို့အရမ်းကံကောင်းတယ်”

"ဟုတ်တယ်။ ငါသူငယ်ချင်းတွေကို အခုပဲ ဖုန်းခေါ်လိုက်တာ။ သူတို့ မျက်နှာတောင်မသစ်ဘဲ အဝတ်စားအလဲပြီး ဒီကိုလာနေကြပြီ”

"...”

စားသောက်ဆိုင်က အလွန်နာမည်ကြီးသလို ခံစားရသည်။

မိနစ် ၂၀ ခန့်အကြာတွင် သူ ဆိုင်ထဲသို့ ဝင်ရပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း ခေါင်းညိတ်လိုက်သည်။

စားသောက်ဆိုင်လေး၏အပြင်အဆင်ကောင်းပုံက တီထွင်ကြံဆနိုင်စွမ်းကိုပြသနေကြောင်း တွေ့ရှိခဲ့သည်။

စည်းကမ်းများသည် စားသုံးသူများအား မိမိစားစရာကိုကိုယ်တိုင်ကိုယ်ကျယူဆောင်ရသောကြောင့် သူ့အား ကသိကအောက်ဖြစ်စေပြီး ငွေကိုယ်တိုင်ရှင်းရသည့်အတွက် အလွန်ထူးခြားစေသည်။

ထိုနောက် သူ ကြက်ဥထမင်းကြော်တစ်ပန်းကန်နှင့် ပေါက်စီဗန်းတစ်ဝက်ယူလိုက်သည်။

သူ ပေါက်စီတစ်လုံး စားလိုက်ပြီးနောက်... ထမင်းတစ်လုတ်စားလိုက်ပြီးနော်...

"ဟူး..."

"အရမ်းကောင်းတာပဲ... ငါ့ညီမ ၁၀ ခါထက်မနည်း ပြောနေရာ အံ့သြစရာမဟုတ်တော့ဘူးပဲ။ ငါအခု နားလည်သွားပြီ"

လျှန်ဟောင်း ရုတ်တရက် သဘောပေါက်သွားသည်။ သူ ခေါင်းကိုယမ်းလိုက်ပြီး အရသာရှိသည့်မနက်စာကို ခံစားရန် သာ အာရုံစိုက်လိုက်သည်။

သူ၏အစားအသောက်များကုန်သွားပြီးနောက်တွင် သူ ထပ်စားချင်သေးသော်လည်း တုံ့ဆိုင်းသွားပြီး နောက်ဆုံးတွင် တော်လိုက်သည်။

အစာစားပြီးတိုင်း ၇၀ ရာခိုင်နှုန်းသာ ဗိုက်ပြည့်အောင် စား တတ်သည်က သူ၏အကျင့်တစ်ခုပင်။

ထို့ကြောင့် မတ်တပ်ထရပ်ကာ ကောင်တာဆီသို့ တန်းတန်းမတ်မတ်လျှောက်သွားလိုက်သည်။ ကောင်တာပေါ် တွင် ငွေအနည်းငယ်ရှိနေသည်ကို တွေ့လိုက်ရသည်။

ထိုနောက် သူ့အိတ်ကပ်ကို စမ်းလိုက်၏...

သူ ဖုန်းတစ်လုံးတည်းသာ ယူလာခဲ့မိသည်ကို သတိရသွား ပြီး ရှက်ရွံ့သွားသည်။

ထိုနောက် ပတ်ဝန်းကျင်အား လှည့်ကြည့်လိုက်၏။

"ငွေပေးချေဖို့ ကျူအာကုတ်မရှိဘူးလား"

"အဲ..."

သူ ခဏလောက်စဉ်းစားပြီး စားပွဲဆီသို့လျှောက်သွားကာ သူ၏ဘေးနားရှိလူနှစ်ယောက်ကို မေးလိုက်သည်။ "တဆိတ်လောက်၊ ကျွန်တော် ငွေသားယူလာဖို့မေ့သွားလို့။ နည်းနည်းလောက် လဲပေးလို့ရမလား။ ကျွန်တော် WeChat ကနေ လွှဲပေးပါ့မယ်"

ချောမောသည့်မျက်နှာနှင့် နူးညံ့သိမ်မွေ့သည့်အသံက ကောင်မလေးတစ်ယောက်အား ဆွဲဆောင်သွားပြီး သူမ အမြန်ပြောလိုက်သည်။ "ကောင်းပြီ။ ရှင် ကျွန်မရဲ့ WeChat ကို အက်ဒ်လိုက်ပါ"

"ဟုတ်ကဲ့ပါ"

"ရှင် ဘယ်လောက်လိုချင်တာလဲ" ကောင်မလေးက မေးသည်။

"၆၀၀"

စကားပြောနေရင်း လျှန်ဟောင်က မိန်းကလေးအား WeChat မှ ယွမ် ၆၀၀ လွှဲပေးလိုက်ပြီး ကောင်မလေးက ပြုံးနေသည့်အီမိုဂျီဖြင့် စာပြန်လိုက်သည်။

သူ ငွေသား ၆၀၀ ရရှိလာ၏။ ထိုနောက် ကောင်တာပေါ် တင်ထားကာ ပြန်လှည့်ပြီး ပြန်တော့မည့်အခိုက်။

ဗီအိုင်ဗီစားပွဲတစ်ခုမှ နှုတ်ဆက်သံကို ကြားလိုက်ရသည်။

"သူဌေး အပြင်သွားမလို့လား"

"အင်း"

"ဒါဆို ကျွန်တော် စားသောက်ဆိုင်ကို ကြည့်ထားလိုက်ပါမယ်။ နေ့လည် ဆိုင်ဖွင့်မှာလား"

"ဖွင့်မှဦ"

လျန်ဟောင် ခေါင်းလှည့်ကြည့်လိုက်ရာ အရပ် ၁၈၀ စင်တီမီတာခန့်ရှိသော ချောမော၍ယောက်ျားပီသည့်အမျိုးသား တစ်ဦးသည် မင်းသမီးလေးနှင့်တူသည့် ကလေးမလေးကို ရင်ခွင်ထဲတွင်ချီကာ တံခါးဆီ လျှောက်လာနေသည်ကို တွေ့လိုက်ရသည်။

သူက သူ့ဒွေးလား...

သူက ချောတယ် နည်းနည်းမာနကြီးပုံပေါက်တယ်။ ပေါ့ပေါ့ပါးပါးပရှိတယ်။ သူက တကယ်ဆွဲဆောင်မှုရှိတာပဲ။ ငါ့ညီမ သူ့ကိုကြိုက်တာ အံ့ဩစရာမရှိပါဘူး...

လျန်ဟောင် သူ့အား အထက်အောက်စုံဆန်ကြည့်သည်။ အခြားသူများ၏စကားများပင်မလို သူ့အပေါ် သူ၏ပထမဆုံး အမြင်က အလွန်ကောင်းလေသည်။

ကျန်းဟန်က မုန့်မုန့်ကို ချီထားရင်း လျှောက်လာသည်။ လျန်ဟောင်က သူ့အား ကြည့်နေသည်ကို မြင်သည့်အခါ သူလည်း ပြန်ကြည့်လိုက်သည်။

ထိုနောက် နှစ်ယောက်သား မျက်လုံးချင်းဆုံးသွားကြ၏။

အချိန်တစ်စက္ကန့်လောက် အေးခဲရပ်တန့်သွားပုံရကာ ရုပ်ရှင်ကားတစ်ခု၏ဇာတ်ဝင်ခန်းကဲ့သို့ပင်။ ထိုနောက် ကျန်းဟန် တံခါးကိုတွန်းဖွင့်ကာ သူ၏ကလေးနှင့်အတူ ထွက်သွားလေသည်။

လျန်ဟောင် နေရာတွင် ရပ်နေဆဲဖြစ်သည်။

သူ၏မျက်လုံးထဲရှိပုံစံက တစ်ခုခုကို တွေးနေသလိုမျိုး အနည်းငယ် ထူးဆန်းသည်။

ထူးဆန်းလိုက်တာ...

သူက ဇာတ်လမ်းတွေရှိတဲ့လူတစ်ယောက်ဖြစ်ရမယ်...

လျန်ဟောင်သည် သူဌေး၏သူငယ်အိမ်များက ပင်လဘ် ထဲရှိလေဝဲကဲ့သို့ အလွန်နက်ရှိုင်းကာ ဘလက်ဟိုးလ်ကဲ့သို့ အလွန်စွဲဆောင်မှုရှိသည်ကို ခံစားမိသည်။

စားသောက်ဆိုင်မှ ထွက်လာပြီးနောက် လျန်ဟောင် တိုက်ခန်းဆီသို့ ပြန်သွားသည်။

ကျန်းဟန်က မုန့်မုန့်ကို လဆန်းတောင်သို့ ကစားရန် ခေါ် သွားသည်။

ကိုးနာရီထိုးခါနီးတွင်...

လဆန်းပင်လယ်ကွေ့မြေယာဧရာနဲ့...

Bentley တစ်စီးနှင့် Rolls-Royce နှစ်စီးသည် တံခါးရှေ့ တွင် ရပ်တန့်သွားသည်။

နေကာမျက်မှန်တပ်ထားသည့် အရပ်ရှည်ရှည်အမျိုးသမီး တစ်ဦးက ပန်းရောင် Bentley ကားထဲမှ ဆင်းလာခဲ့သည်။

သူမနောက်တွင် ဖိုင်အချို့ကိုင်ဆောင်ထားသည့် အနောက်တိုင်းဝတ်စုံဝတ် အမျိုးသားတစ်ဦး လိုက်လာသည်။

လူအုပ်စုနှစ်စုသည် ကားနှစ်စီးမှ အသီးသီးထွက်လာကြကာ အားလုံးက တန်ဖိုးကြီးအဝတ်အစားများဝတ်ဆင်ထားကြသည်။

ထိုနောက် ဝမ်ချီရှန်ဦးဆောင်သည့် လူစုက တံခါးမှထွက်လာခဲ့သည်။

သူသည် လက်ကိုဆန့်ထုတ်ကာ လှိုက်လှဲစွာဖြင့် "ကြိုဆိုပါတယ်”

ထိုနောက် အစည်းအဝေးခန်းထဲသို့ အားလုံးကို ခေါ်ဆောင်သွားသည်။

ဝမ်ချီရှန်သည် လဆန်းပင်လယ်ကွေ့၏ပတ်ဝန်းကျင်ဒေသများမြေပုံကို တင်ပြခဲ့သည်။ တောင်များစွာကို အနီရောင်မျဉ်းများဖြင့် ဝိုင်းထားပြီး လဆန်းတောင်သည်လည်း ထိုအထဲတွင် ပါဝင်သည်ကို မြင်နိုင်သည်။

"တောင်လေးခုထဲက တစ်ခုကို ဖွံ့ဖြိုးရေးလုပ်ဖို့ စီစဉ်ထားတယ်။ မင်းတို့ကုမ္ပဏီသုံးခုက လေလံဆွဲသူတွေဖြစ်လို့ ဘယ်တောင်က ပိုပြီး သင့်တော်မလဲ ညှိနှိုင်းလို့ရပါတယ်” ဝမ်ချီရှန်က ပြုံးကာ ပြောလိုက်သည်။

"ကျွန်မတို့ လိုအပ်တာတွေကို ဖတ်ကြည့်ပြီးပြီ။ ကွင်းဆင်းလေ့လာတာတွေလုပ်သင့်တယ်လို့ ကျွန်မထင်တယ်” နေကာမျက်မှန်တပ်ထားသည့် အမျိုးသမီးက ပြောသည်။

"မှန်ပါတယ်” ဝမ်ချီရှန်က ခေါင်းညိတ်ကာ "လွန်ခဲ့တဲ့ရက်အနည်းငယ်က လဆန်းတောင်ကို ပြန်လည်တည်ဆောက်ထားတယ်လို့ သတင်းတစ်ခုရထားတယ်။ အဲဒါကို သွားကြည့်ရအောင်”

သူစကားပြောနေစဉ် သူ၏မျက်လုံးထဲ၌ လျှောင်ပြောင်သည့်အရိပ်အယောင်တစ်ခုပေါ်လာသည်။

တောင်ကိုငှားရမ်းသည့်လူက သူ့အား ယခင်တစ်ခေါက်က လှောင်ပြောင်လှဲသည်ကို မှတ်မိနေသေးသည်။ သူ ဒါကို စိတ်ထဲ မှတ်ထား၏။

လဆန်းတောင်ကို ပြန်လည်တည်ဆောက်ရဲတယ်ဆိုရင် မင်းတော့ ပြင်းပြင်းထန်ထန်အပြစ်ပေးခံရမယ်...

-အခန်း(၃၈၁)ပြီး

wunzinnosp

## အခန်း(၃၈၂-က) ရှင်းပြဖို့မလို(၁)

သို့သော် တစ်ခုခုထူးဆန်းနေသည်ကို သူတွေ့ရှိခဲ့ရသည်။

လော့ရှန်းက သူ့အား ဤကိစ္စ အကြောင်းကြားရန် ဖုန်းဆက်ခဲ့သော်လည်း သူပြန်လာပြီးနောက်တွင် လော့ရှန်းအား မမြင်မိချေ။

"ထူးဆန်းလိုက်တာ ဒီလူက ဘယ်လိုလုပ် ပျောက်သွားတာလဲ”

အစက ကျွမ်းကျင်ပညာရှင်များသည် တောင်များပေါ်သို့ ကင်းစစ်ဆေးလှည့်လေ့ရှိကြ၏။ သို့သော် သူ ဖုန်းဆက်ပြီးနောက်တွင် သူ ထိုနေရာသို့သွားရန် စီစဉ်ထားသဖြင့် ဤပြဿနာအား အမြန်ဖြေရှင်းရန် ဆုံးဖြတ်ခဲ့သည်။

"ကျေးဇူးပြုပြီး”

ဝမ်ချီရှန်က မတ်တပ်ရပ်ကာ လက်ဟန်ပြလိုက်သည်။

အရပ်ရှည်ရှည် နေကာမျက်မှန်၊ ပိုနီတေးနှ၍် အမျိုးသမီးက ပထမဆုံးထရပ်ကာ သူမ၏အတွင်းရေးမှူးနှင့်အတူ အပြင်ထွက်သွားပြီး အခြားသူများက ရယ်မောစကားပြော၍ နောက်မှလိုက်လာကြသည်။ နောက်ဆုံးတွင်တော့ ဟောင်ကောင်ရှိ ကုန်းမြေတစ်ခုဖွံ့ဖြိုးရေးက အတော်လေးတန်ဖိုးများနေသည်။ မဟုတ်ပါက ဤကိစ္စကို ညှိနှိုင်းရန် စုဝေးကြမည် မဟုတ်ချေ။

လမ်းလျှောက်ထွက်လာရင်း ဝမ်ချီရှန်က အရမ်မြင့်မြင့် အမျိုးသမီး၏နောက်ကျောကိုကြည့်ရင်း အနည်းငယ် ပူလောင်လာသလို ခံစားလိုက်ရသည်။

သူမက တကယ့်အလှလေးပဲ...

ဝမ်ချီရှန် က သူမကို ခဏလောက်စိုက်ကြည့်လိုက်ပြီးနောက် ခြေလှမ်းအနည်းငယ် အမြန်လျှောက်ကာ သူမအနားသွားလိုက်ပြီး "မစ္စချောင်က နိုင်ငံခြားကပြန်ရောက်တာ မကြာသေးဘူးလို့ကြားတယ်"

"အင်း ဟုတ်တယ်" အရပ်ရှည်ရှည်အမျိုးသမီးက ဝမ်ချီရှန်ကို မျက်လုံးမှေး၍ကြည့်လိုက်သည်။ "ပြန်ရောက်တာ နှစ်ရက်ပဲရှိသေးတယ်"

"မစ္စချောင်က ပြန်ရောက်တာနဲ့ မိသားစုစီးပွားရေးကို ထမ်းထားရတယ်။ မင်းက တကယ်အရည်အချင်းရှိတဲ့ မိန်းကလေးတစ်ယောက်ပဲ" ဝမ်ချီရှန်က မြှောက်ပင့်သည်။

"ကျွန်မလား" အရပ်ရှည်ရှည်အမျိုးသမီးက ကျက်သရေရှိသည့်အပြုံးဖြင့် "ကျွန်မက အားနေလို့ ပြန်လာတာပါ"

"မစ္စချောင်က အရမ်းယဉ်ကျေးလွန်းနေပါပြီ။ မစ္စချောင်က နိုင်ငံခြားမှာ စီးပွားရေးစီမံခန့်ခွဲမှုကို လေ့လာခဲ့တယ်လို့ကြားတယ်။ အခု အိပ်ပြန်ရောက်ပြီတာနဲ့ အရမ်းကြမ်းတဲ့လုပ်ရှားမှုတွေလုပ်နေပြီလေ" ဝမ်ချီရှန်က ပြုံးကာ ပြောသည်။

"ခစ်ခစ်..."

အရပ်ရှည်ရှည်အမျိုးသမီးက ရယ်သည်။ သူမ နောက်ထပ်ဘာမှထပ်မပြောတော့ဘဲ သူမ၏ Bentley ကားဆီသို့ ချက်ချင်းပြန်သွားသည်။

ထိုအချိန်တွင် ဝမ်ချီရှန်က သူမအား တိတ်တဆိတ်အကဲခတ်လိုက်၏။

V-neck ဝတ်စုံက သူမ၏ကောက်ကြောင်းများကို ပြသထားသည်။

သူမအား မြင်သာမြင်ရ မကြင်ရသည့်အဖြစ်က ဝမ်ချီရှန် ကို တောင့်တမှုတအနည်းငယ်ဖြစ်စေသည်။

“သူမက အရမ်းညို့ငင်နိုင်စွမ်းရှိတယ်...”

သူ့ဘာသာသူရေရွတ်လိုက်သည်။ လူတိုင်း ကားများပေါ် တက်ပြီးနောက် သူလည်း သူ၏ Audi A6 ကားပေါ်တက်ကာ တောင်များဆီသို့ ဦးတည်သွားလိုက်သည်။

ထိုအချိန်တွင် ၉ နာရီကျော်နေပြီဖြစ်ကာ နေတက်ချိန်ဖြစ် ပြီး အပူချိန်က မွန်းလွဲပိုင်းထက် ပို၍ နေသာသေးသဖြင့် တောင်ပေါ်သို့တက်ရန် တွေးနေကြသည်။

၁၀ မိနစ်ခန့် ကားမောင်းပြီးနောက် ဝမ်ချီရှန်သည် တောင် ပေါ်လမ်းမဘေးသို့ ချရပ်လိုက်သည်။

အားလုံး ကားပေါ်မှဆင်းပြီးနောက် ဝမ်ချီရှန်က သူ့နောက် ရှိ လျှူမုန့်ကို လက်ပြကာ "ငါ့ကို စက်တွေပေး”

"ဟုတ်ကဲ့”

လျှုမုန့်က ကားထဲမှ ဒရုန်းကို ထုတ်လိုက်သည်။

ရောက်ရှိလာသည့် မိသားစုသုံးခုမှလူများအားလုံးသည် ချမ်းသာကြွယ်ဝပြီး လေးစားခံလူများဖြစ်ကြသည်။ တောက်တောက်ပြောင်ပြောင်ဝတ်ဆင်ထားသည့် ထိုအရိုးနုနု လူကုံထံများက အဘယ်ကြောင့် မဖွံ့ဖြိုးသေးသော တောင်ရိုင်းများသို့ သွားကြရသနည်း။

ခဏကြာတွင် လျှုမုန့်က ကားထဲမှ တက်ဘလက်သုံးခု ယူလာပြီး အရပ်ရှည်ရှည်အမျိုးသမီးနှင့် အခြားအုပ်စုနှစ်ကို တစ်ခုစီ ပေးအပ်ခဲ့သည်။ ထိုနောက် ဒရုန်းကို ထိန်းချုပ်ကာ ပျံတက်သွားစေပြီး တောင်များ၏အပေါ်ဘက်မြင်ကွင်းကို စူးစမ်းလေ့လာကြသည်။

"ဒီတောင်ကို နန်ဝမ်တောင်လို့ခေါ်တယ်။ အကျယ်အဝန်းက စတုရန်းမီတာ ၂၆၀,၀၀၀ ဟက်တာအားဖြင့် ၂၅ ဟက်တာ ရှိတယ်။ တောင်ပေါ်က သစ်တောအများစုဟာ သဘာဝပေါက်ပင်တွေဖြစ်ပြီး အမြဲစိမ်းသစ်ပင်တွေဖြစ်တဲ့ ထင်

ရှူး၊ အမြဲစိမ်းပေါက်ပန်းတို့အပါအဝင် ပိုးစာပင်၊ မိုးမခ၊ မေပယ်တို့လို ပန်းဖွင့် ပန်းခြံတွေ.....”

ဝမ်ချီရှန်က ကျွမ်းကျင်စွာ မိတ်ဆက်ပေးသည်။ သူသည် စိတ်သဘောထားကျဉ်းမြောင်းပြီး တဏှာရာဂကြီးသော်လည်း အသိပညာတချို့တွင် ထူးချွန်ကာ သူတာဝန်ယူထားသည့် နယ်မြေများအကြောင်းကို ကောင်းကောင်းသိသည်။

မိတ်ဆက်အပြီးတွင် သတ်လတ်ပိုင်းအရွယ်အမျိုးသားတစ်ဦးက ခေါင်းညိတ်ကာ ချီးကျူးသည်။ "ဖိမ်ခံဗီလာရေိယာ၊ ပန်းခြံနဲ့ အခြားအပန်းဖြေနေရာတွင် တည်ဆောက်ဖို့အတွက် နေရာကောင်းတစ်ခုပဲ”

"အမှန်ပဲ” နောက်တစ်ဖွဲ့အား ဦးဆောင်လာသည့် လူက ခေါင်းညိတ်ကာ ပြောရင်း ကျေနပ်အားရသည့်ဟန်ပေါ်သည်။

ဝမ်ချီရှန်၏ ဘေးနားရှိ အရပ်ရှည်ရှည်အမျိုးသမီးကတော့ ဘာမှမပြောဘဲ အမူအရာကင်းမဲ့နေသည်။ သူမ ဘေးသို့ကြည့်လိုက်ရာ ဝမ်ချီရှန်၏မျက်လုံးများက သူမ၏ ဗီနက်

လည်ပင်းပေါက်အကျီကို ကျွတ်ထွက်မတက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ သို့သော် သူမ စိတ်မရှိချေ။

သူမသည် အနောက်တိုင်းတွင် နှစ်များစွာနေခဲ့ပြီး သူမ၏ ကာမဂုဏ်ကိုအပြည့်အဝထုတ်ပြရန် သင်ယူခဲ့သည်။

နောက်ထပ် ငါးမိနစ်အကြာတွင် လျူမုန့်က ဒရုန်းများကို နှိမ့်ဆင်းလိုက်သည်။

ထိုအချိန်တွင် ဝမ်ချီရှန်က လက်ကိုယမ်းကာ "ငါတို့ နောက်တစ်နေရာကိုသွားကြစို့"

သူတို့ ကားများပေါ် အသီးသီးတက်လိုက်ပြီးနောက် နောက်တစ်နေရာသို့ သွားကြသည်။

ဒရုန်းအား လွှတ်တင်ပြီးနောက် သူတို့လက်ထဲရှိ တက်ဘလက်များကို ကြည့်ကြပြန်၏။

"ဒီတောင်ကို ဝူဖုန်းတောင်လို့ခေါ်တယ်။ သူ့ရဲ့ပုံစံက ကြည့်လိုက်ရင် ပင်မတောင်က တခြားတောင်တွေထက် ပိုမြင့်

နေတာကို တွေ့ရလိမ့်မယ်။ တောင်စောင်းမှာ တောင်ထွတ်လေးခုရှိပြီး ပင်မတောင်က…”

သူသည် အချိန်အတော်ကြာ အသေးစိတ်မိတ်ဆက်ပေးခဲ့သည်။

သို့သော် ဤတစ်ကြိမ်တွင် နားထောင်သူများက ဤတောင်အပေါ်စိတ်ဝင်စားမှု သိပ်မများကြချေ။

"တောင်ထွတ်နှစ်ခုက မတ်စောက်လွန်းတယ်။ ငါတို့ရဲ့လိုအပ်ချက်နဲ့ မကိုက်ညီဘူး။ ဒီတော့ နောက်တစ်နေရာသွားကြရအောင်” သက်လတ်ပိုင်းလူက ပြောသည်။

"ကောင်းပြီ။ ရှောင်မုန့် ဒရုန်းကို ပြန်ချလိုက်တော့”

ဝမ်ချီရှန်က အမိန့်ပေးသည်။ ထိုအားလပ်သည့်အချိန်အတွင်း၌ သူ ပြောသည်။ "နောက်တစ်နေရာက ပင်လယ်ကမ်းခြေမှာရှိတဲ့ လဆန်းတောင်းတောင်ပဲ။ အနောက်

ဘက်ကနေလာတဲ့လမ်းကဆို ရှန်းတောင်ရဲ့ဘေးနားမှာပဲ။ တောင်နှစ်ခုဆုံတဲ့နေရာက ကမ်းခြေနဲ့ သိပ်မဝေးဘူး…”

"သွားကြစို့” အရပ်ရှည်ရှည်အမျိုးသမီးက လဆန်းတောင်၏တည်နေရာကို ကျေနပ်ဟန်ရှိသည်။

အခြားအုပ်စုနှစ်ခုကလည်း ခေါင်းညိတ်ကာ “လဆန်းတောင်က အကောင်းဆုံးနေရာပဲ။ မြေမြင်က ပြန့်ပြန့်ပြူးပြူးရှိရင် လုံး၀ ပြည့်စုံတဲ့နေရာဖြစ်မှာ”

"သူ့ရဲ့မြေပြင်က ပြန့်ပြူးပါတယ်”

ဝမ်ချီရှန်က ပြုံးကာ ကားပေါ်သို့တက်သွားသည်။ သူတို့ထောင့်ချိုးတစ်ခု ကွေ့ပြီးနောက် ငါးမိနစ်ခန့်မောင်းကာ လဆန်းတောင်သို့ ရောက်ရှိလာကြသည်။

လူတိုင်း ကားပေါ်မှဆင်းပြီးနောက် ဝမ်ချီရှန်က "ဒီတောင်က လဆန်းတောင်ပဲ။ ပင်လယ်ဘေးမှာရှိတာ။ ဟူး… ကြည့်ရတာ လေထုအရည်အသွေးက ပိုပြီးကောင်းလာသလိုပဲ။

လဆန်းတောင်ရဲ့ရေိယာက အတော်လေးသေးတယ်။ ၁၅ ဟက်တာလောက်ပဲရှိတာ။ တောအုပ်ဧရိယာက အတော်လေး…"

"ဒီကတောက အရင်တွေ့ခဲ့တဲ့တောင်နှစ်ခုထက် ပိုပြီးထူးသလိုပဲ" သက်လတ်ပိုင်းလူက ပြောသည်။

ဝမ်ချီရှန်က တောင်ကို အကဲခတ်လိုက်ပြီးနောက် အံ့အားသင့်သွားသည်။

သူ ဒီတောင်ကို နောက်ဆုံးတစ်ခေါက်လာတုန်းက ယခုလို စိမ်းလန်းစိုပြေသည့်သစ်ပင်များ ဖုံးလွှမ်းမနေကြောင်း မှတ်မိပြီး တစ်ခုခု ထူးဆန်းနေသည်ကို တွေ့လိုက်ရသည်။

"အမ်… ငါလည်း အဲ့လိုပင်ထင်တယ်" ဝမ်ချီရှန်က ရှက်ရှက်ဖြင့် ပြောသည်။

ထိုအချိန်တွင် လျူမုန့်က ဒရုန်းကို လွှတ်တင်လိုက်၏။

လူတိုင်း တက်ဘလက်စခရင်ကို ကြည့်နေကြသည်။

"လဆန်းတောင်မှာက သစ်ပင်တွေအများကြီးရှိတယ်။ အများစုက…”

ဝမ်ချီရှန်က နောက်တစ်ကြိမ် မိတ်ဆက်ပေးသော်လည်း ဤတစ်ခေါက်တွင် သူ၏စကားမဆုံးခင် ကြားဖြတ်ခံလိုက်ရသည်။

"တောင်ပေါ်မှ သစ်ပင်တွေရှိလို့လား” သက်လတ်ပိုင်းလူက အားမနာတမ်း ကြားဖြတ်ပြောလိုက်သည်။

"အမ်” ဝမ်ချီရှန် ရုတ်တရက် ကြောင်အသွား၏။ လွန်ခဲ့သည့်သုံးလက မှတ်တမ်းတင်ထားသည့် လဆန်းတောင်၏အသွင်အပြင်ဓာတ်ပုံများကို သူ၏ကွန်ပြူတာထဲတွင် သိမ်းဆည်းထားဆဲရှိပြီး တောင်ပေါ်တွင် သစ်ပင်များထူထပ်စွာရှိကြောင်း ပြသနေသည်။ ယခုတွင်တော့… ဘယ်လိုလုပ်ပြောင်တလင်းခါသွားတာလဲ။

"မြက်ခင်းပြင်က တကယ်ကောင်းတာပဲ။ ဘယ်လိုပုံစံများပြောင်းလဲထားတာလဲ။ အိမ်နောက်ဘေးဥယျာဉ်နဲ့တောင် တူ

တယ်။ ဥက္ကဌဝမ် ခင်ဗျားပြောတော့ တောင်က ငှားထားတာ ဆို။ ကျုပ်ထင်...”

"မဖြစ်နိုင်ဘူး” ဝမ်ချီရှန်၏မျက်နှာကြွက်သားများ တုန်ယင်သွားပြီး "တောင်ကိုငှားထားတာ တစ်လကျော်ပဲရှိ သေးတယ်။ ဘယ်လိုလုပ် ဒီလိုဖြစ်လာနိုင်မှာလဲ”

"ငါတို့ ကြည့်နေတာက ဘာတွေလဲ” သက်လတ်ပိုင်းလူက မေးသည်။

"ငါ”

ဝမ်ချီရှန်၏မျက်နှာသည် နင်သွားသကဲ့သို့ ရုတ်ချည်း ပြောင်းလဲသွား၏။

"ဟေး။ အဲ့ဒါက တစ်ယောက်ယောက်ရဲ့ ဥယျာဉ်ပဲ” ရုတ်တရက် အရပ်မြင့်မြင့်အမျိုးသမီးက အံ့အားသင့်စွာ ပြောသည်။

လူများ စခရင်ကို ပြန်ကြည့်လိုက်ကြရာ သူတို့၏မျက်နှာများ ပြောင်းလဲသွားကြသည်။

ဒရုန်းသည် အမြင့်သို့တက်သွားပြီး လဆန်းတောင်အား အပေါ်စီးမှ လှမ်းမြင်နေရသည်။

တောင်ရှေ့ဘက်တွင် ဘာမှမရှိသော်လည်း ထူးခြားပြောင်မြောက်သည့် တောင်နောက်ဘက်က သူတို့အား အံ့အားသင့်သွားစေသည်။

စိုက်ပျိုးရေးဧရိယာ၊ မွေးမြူရေးဧရိယာ၊ ရေကန်၊ အိမ်မွေးတိရစ္ဆာန်ဧရိယာရှိပြီး ပတ်ပတ်လည်ရှိ တောအုပ်သည် ထိုနိဗ္ဗာန်ဘုံလေး၏ ခြံစည်းရိုးဖြစ်ပုံရသည်။

ဤတစ်ကြိမ်တွင် ဝမ်ချိရှန်လည်း အံ့အားသင့်နေပြီဖြစ်သည်။

"ဒါက တကယ့်နေရာကောင်းပဲ။ တောင်ထိပ်က သစ်ပင်က အရမ်းလှတယ်။ ဒီနယ်မြေကို ဖွံ့ဖြိုးရေးလုပ်ပြီးတာနဲ့

သစ်ပင်ကြီးက သေချာပေါက် လူတွေကိုဖမ်းစားနိုင်မှာ။ အနာဂတ်မှာ တောင်ထိပ်ကစံအိမ်ကြီးတွေရဲ့ဈေးနှုန်းကိုလည်း မြင့်တက်သွားစေမှာပဲ” သက်လတ်ပိုင်းလူက ချီးကျူးသည်။

"နောက်ဘက်မှာ အိမ်မွေးခွေးတွေ အများကြီးပဲ။ ဟမ် ေ႐ြွှ်ရီလာတစ်ကောင်၊ လူတစ်ယောက်နဲ့ ကလေးတစ်ယောက်လည်း ရှိတာလား။ သူက တောင်ကို ငှားထားတဲ့သူဖြစ်မယ်ထင်တယ်။ ဒါက တကယ်ကိုအချိန်ကုန်ခံပြီး လုပ်အားပေးထားတာပဲ။ ဒီကောင်ကို လက်ရာမြောက်အောင် ပုံစံချရတာ တကယ်မလွယ်ဘူး။ လုံးဝကို အံ့ဝင်ခွင်ကျပဲ” နောက်လူက လုံးဝအံ့အားသင့်စွာပြောသည်။

တစ်ချိန်တည်းမှာပင် တောင်နောက်ဘက်၌။

ကျန်းဟန်သည် မုန့်မုန့်နှင့် ကစားနေခဲ့သည်။

"အမ်”

မုန့်မုန့်သည် ရုတ်တရက် အံ့သြသွား၏။ သူမ မျက်လုံးဝိုင်းဝိုင်းများဖြင့် ကောင်းကင်ကို မော့ကြည့်ရင်း လက်ညှိုးလေးကို ဆန့်ထုတ်ကာ "ဖေဖေ ဖေဖေ ဟိုမှာကြည့်။ လေယာဉ်ပျံသေးသေးလေးရှိနေတယ်"

ဒရုန်းကို မော့ကြည့်လိုက်ပြီးနောက် ကျန်းဟန် ပြောလိုက်သည်။ "တစ်ယောက်ယောက် ဒီနေရာကို စောင့်ကြည့်နေတာဖြစ်လိမ့်မယ်"

"အမ်။ ဒါက သမီးဖို့ပိုင်တာမဟုတ်လား။ တခြားတစ်ယောက်ယောက်က သမီးတို့ကို တိတ်တိတ်လေး ကြည့်နေတာလား" မုန့်မုန့်က မေးသည်။

"ဟုတ်တယ်" ကျန်းဟန် ခေါင်းညိတ်သည်။

ထိုအချိန်တွင် တာပေါ်းသည် ဒရုန်းအား အကြိမ်အနည်းငယ် ကြည့်လိုက်ပြီး နှုတ်ခမ်းတွန့်ကွေးသွားကာ ရှောင်ပေါ်းအား အော်လိုက်သည်။ "ဝူး... ဝူး... ဝူး..."

"ငါ့ကို ကျောက်ခဲတစ်လုံးပေးပါဦး"

"ဝှစ်"

ရှောင်ဟောင်းသည် မျက်စိတစ်မှိတ်အတွင်း တောထဲသို့ ပြေးဝင်သွားသည်။ တောင်ပေါ်တွင် ကျောက်တုံးရှာရခက်သော်လည်း တောအုပ်အစွန်းရှိ ကမ်းပါးငယ်လေး၏အောက်တွင် အရွယ်အစားမျိုးစုံရှိသော ကျောက်တုံးများရှိသည်။

စက္ကန့်သုံးဆယ်ခန့်အကြာတွင် ရှောင်ဟောင်းသည် ပါးစပ်ထဲ၌ လက်ဖဝါးအရွယ်ကျောက်ခဲတစ်လုံးကို ချီကာ ပြန်လာသည်။

"ဝူး ဝူး ဝူး...."

တာဟောင်းသည် ကျောက်ခဲကိုယူလိုက်ပြီး ကျန်းဟန်ကို ကြည့်ကာ အော်ပြောသည်။

"အဲဒါကို ပစ်ချလိုက်ရမလား"

ကျန်းဟန်က ရယ်မောကာ ခေါင်းညိတ်လိုက်၏။

ထိုနောက်...

"ဝေါင်း”

တာဟေးက ဟိန်းဟောက်ကာ ဒရုန်းအား လက်ညှိုးထိုးလိုက်သည်။

"အိုး” မုန့်မုန့်ကလည်း နှုတ်ခမ်းလေးစူကာ အသံတိုးတိုးဖြင့် အော်လိုက်သည်။

-အခန်း(၃၈၂-က)ပြီး

wunzinnosp

## အခန်း(၃၈၂-ခ) ရှင်းပြဖို့မလို(၂)

နောက်အခိုက်အတန့်တွင်...

ဝုစ်...

တာဟေးက လက်ထဲမှကျောက်ခဲအား ရုတ်တရက် ပစ်လွှတ်လိုက်သည်။

ကျောက်ခဲတုံးမှာ အမြှောက်ဆန်အဖြစ် ပြောင်းလဲသွားသလိုပင်။

"ဘုန်း”

ငင်းက ဒရုန်းကို တည့်တည့်မှန်သွား၏။ ဝုန်းခနဲအသံနှင့်အတူ ဒရုန်းသည် မြေကြီးပေါ်က် ပြုတ်ကျလာပြီး ငြိမ်သက်သွားသည်။

"အာ...”

တောင်အောက်တွင် လူတိုင်းသည် သူတို့လက်ထဲရှိ တက်ဘလက်စခရင်ပေါ်တွင် ကျောက်တုံးတစ်တုံးက ပို၍ပို၍ ကြီးလာသည်ကိုသာ မြင်လိုက်ကြရသည်။

စခရင်က မှောင်သွားသည့်အချိန်တွင်မှ သူတို့အားထိတ်လန့်သွားစေခဲ့သည်။

"လျူမုန့်"

ဒေါသများဖြင့်ပြည့်နေသည့်အသံတစ်ခု ကြားလိုက်ရသည်။

"ကျွန်တော်..." လျူမုန့်၏မျက်နှာမှာ အနည်းငယ်ဖြူဖျော့သွားပြီး သူ့သူငွေးကိုကြည့်ကာ အေးစက်စွာခံစားလိုက်ရသည်။

လဆန်းတောင်ကို ငှားရမ်းသူအား မိတ်ဆက်ပေးခဲ့သူမှာ သူဖြစ်သော်လည်း ယခု တောင်က ပြောင်းလဲနေပြီဖြစ်သည်။ ဥက္ကဋ္ဌဝမ်၏ဒေါသအရ အနာဂတ်တွင် သူခက်ခဲတော့မည့် အနေအထားရှိသည်။

"ကျန်းမျိုးရိုးလူရဲ့ဖုန်းနံပါတ်ပေးစမ်း" ဝမ်ချီရှန် အသက်ရှူမြန်လာသည်။

"ဟုတ်...ဟုတ်ကဲ့" လူမုန့်က ဖုန်းကိုဖွင့်ကာ ကွန်တက်အားအများဖွင့်လိုက်သည်။ သူ၏တောင့်တင်းနေမှုကြောင့်

ကျန်းဟန်၏နံပါတ်ကိုရှာတွေ့ရန် အချိန်နှစ်ဆပိုကြာသွားခဲ့သည်။

"ဒီမှာပါ" လျူမုန့် ဖုန်းကို ဂရုတစိုက်ပေးလိုက်သည်။

"ဥက္ကဌဝမ် ဘာလို့အရမ်းစိတ်လှုပ်ရှားနေတာလဲ" သက်လတ်ပိုင်းလူက သူ့အား သိချင်စိတ်ဖြင့် ကြည့်လိုက်ပြီး ပြောသည်။ "တောင်ရဲ့အခြေအနေက ငါတို့လိုအပ်ချက်နဲ့ ပိုပြီး သင့်တော်တယ် လဆန်းတောင်က ငါတို့အတွက် အကောင်း ဆုံးရွေးချယ်မှုလို့ထင်တယ်။ ငါတို့ နောက်ဆုံးတောင်ကို မသွား ချင်တော့ဘူး"

"ငါလည်း အဲ့လိုပဲတွေးထားတယ်။ သူ့ရဲ့ သေးငယ်တဲ့အရွ ယ်အစားကလွဲရင် မြေမျက်နှာသွင်ပြင်၊ လမ်းကြောင်းနဲ့ တည်နေရာက တကယ်အကောင်းဆုံးပဲ" အခြားလူက ခေါင်းညိတ်သည်။

သို့သော် သေးငယ်သည့်အရွယ်အစားကြောင့် သူ ပို၍ကျေနပ်မိသည်။ သူတို့၏အနာဂတ်အစီအစဉ်အတွက်

လုံလောက်သည့်ပမာဏအထိရှိသည့်အတွက် ရင်းနှီးမြှုပ်နှံမှု နည်းသွားနိုင်သည်။

အရပ်ရှည်ရှည်အမျိုးသမီးက ဝမ်ချီရှန်အား စိတ်ရှုပ်ထွေးစွာ ကြည့်လိုက်ပြီး သူ ဒေါသထွက်ရသည့်အကြောင်းအရင်းကို အဖြေရှာနေသည်။

"အင်း ငှားရမ်းသူက သစ်ပင်တစ်ပင်တောင် ရွှေ့ခွင့်မရှိဘူးလို့ ကျုပ် ကြေငြာထားပြီးသား။ အခု သူ စည်းကမ်းဖောက်ဖျက်လိုက်ပြီဆိုတော့ သူ့ကို သင်ခန်းစာတစ်ခုပေးမှရမယ်" ဝမ်ချီရှန်က သူ့ကိုယ်သူ တည်ငြိမ်သွားစေရန် အသက်ပြင်းပြင်းရှူလိုက်ပြီးနောက် လျူမုန့်၏ဖုန်းဖြင့် ခေါ်လိုက်သည်။

ဖုန်းသံ သုံးကြိမ်မြည်ပြီးနောက် ဖုန်းကိုင်လာသည်။

"မစ္စတာကျန်း လဆန်းတောင်မှာဖြစ်ပျက်နေတာတွေအတွက် ငါ့ကို အကျိုးသင့်အကြောင်းသင့်ရှင်းပြသင့်တယ်မထင်ဘူးလား။ မင်းငါ့ကို ရှင်းရှင်းလင်းလင်း မရှင်းပြရင်

နောက်ကျ ငါတို့ချင်း စကားပြောဖို့လိုတယ်လို့ ငါထင်တယ်” ဝမ်ချီရှန်က တုန်ယီနေသည့်လေသံဖြင့် ပြောသည်။

"ဘာကိုရှင်းပြစေချင်တာလဲ” ဖုန်းထဲမှ တုံးတိတိ အသံထွက်လာသည်။

"...”

သူ၏စကားကိုကြားတော့ ဝမ်ချီရှန် အလွန်ဒေါသထွက်သွားပြီး လျှာကိုက်မိလုမတတ်ဖြစ်သွားသည်။

"ငါမင်းကို ရှင်းပြခိုင်းနေတာလေ။ မင်းက ဘယ်လိုလုပ်ငါ့ကိုပြန်မေးတာလဲ”

"ငါအခု လဆန်းတောင်ခြေမှာရှိတယ်...”

"အိး ခဏလေးစောင့်”

ထိုနောက် ကျန်းဟန် ဖုန်းချသွားသည်။အနည်းငယ် တုန်ယင်နေပြီး ဖုန်းကိုရိုက်ခွဲပစ်ချင်စိတ်ပင်ပေါက်နေသည်။

မိသားစုသုံးခုမှလူများ၊ အထူးသဖြင့် မိန်းမလှလေးက သူ၏ဘေးနားတွင်ရှိနေသဖြင့် ထိုစိတ်ကို ချုပ်တီးထားရသည်။

စိတ်ကိုထိန်းထား...

ငါ့ရဲ့သိက္ခာမကျစေနဲ့...

ထို့ကြောင့် ဝမ်ချီရှန် တည်ငြိမ်သွားသော်လည်း ထိုအခိုက် တွင် သူ၏ဒေါသက ပို၍ကြီးလာသည်။

၁၀ မိနစ်စောင့်ပြီးနောက်တွင် ကျန်းဟန် ပေါ်မလာသေး ချေ။

"တောင်ပေါ်တက်ကြရအောင်။ စာချုပ်အရ သူ့ကို အပြစ်ဒဏ်ကြီးကြီးမားမားပေးရင် သူငါ့ကို အပြစ်တင်လို့မရ ဘူး" ဝမ်ချီရှန်က တောင်ပေါ်တက်ရန် ရည်ရွယ်ပြီး ပြောလိုက် သည်။

ထိုအချိန်တွင် လူတစ်ယောက်သည် တောင်ပေါ်တောအုပ် ထဲမှ ဖြည်းညှင်းစွာ လျှောက်ထွက်လာခဲ့၏။

အားလုံးလှမ်းကြည့်လိုက်ကြပြီး သူတို့၏မျက်လုံးများက သူ့အား စူးစိုက်နေကြသည်။

ထိုလူသည် လျင်မြန်စွာ နီးကပ်လာခဲ့သည်။ သူ၏အသွင်အပြင်ကို ပြတ်ပြတ်သားသားမြင်လိုက်ရသည့် အချိန်တွင် အရပ်ရှည်ရှည်အမျိုးသမီး၏လက်များက အနည်းငယ် တုန်ယင်သွားပြီး လက်သီးကိုဆုပ်လိုက်မိကာ ပြီးမှ ဖြေလျှော့လိုက်သည်။

"ဒါရိုက်တာ သူ... သူက မစ္စတာကျန်းပါ" လျူမုံ့က ဝမ်ချီရှန်အားကပ်၍ တိုးတိုးလေးပြောသည်။

"အင်း"

ဝမ်ချီရှန်က သူ့အား စိုက်ကြည့်နေသည်။

အကယ်၍ ဤနေရာတွင် ညွှန်သည်များသာရှိမနေပါက "ငါသိတယ်ကွ။ ငါသူ့ အရင်က မြင်ဖူးတယ်။ မင်းက ငါ စိတ်ရှုပ်ထွေးနေတယ် ထင်လို့လား ဟမ်" ဟု ပြောမိပေမည်။

ကျန်းဟန် သူ့အားကို လျှောက်လာသည့်အချိန်တွင် ဝမ်ချီရှန်က အေးစက်စွာ ပြောသည်။ "မစ္စတာကျန်း ငါ့ကို ကျိုးကြောင်းဆီလျော်တဲ့ အကြောင်းပြချက်တစ်ခုပေးပါ"

"ဒီကိစ္စက..." ကျန်းဟန်က တည်ငြိမ်စွာပြောသည်။

သူ၏စကားမဆုံးခင်မှာပင် အရပ်ရှည်ရှည်အမျိုးသမီးက ဖြတ်ပြောလိုက်သည်။ "ဥက္ကဋ္ဌဝမ် ဘာကိုဖြေရှင်းချက်လိုချင်တာလဲ ကျွန်မတို့ နားမလည်ဘူး။ တောင်ရဲ့အခြေအနေက ကျွန်မတို့ရဲ့တောင်းဆိုချက်တွေနဲ့ ကိုက်ညီနေတော့ ဘာလို့ သူ့ကို ဒီမှာမေးနေတာလဲ။ ဒီတောင်ကို ရှင်ငှားထားတာ။ တစ်ခါတစ်လေ စာချုပ်က အသေးစိတ်အချက်အလက်အားလုံးကို မပြနိုင်ဘူး။ ပြီးတော့ ရှင်လုပ်ခဲ့တာက ကျွန်မတို့ရဲ့စိတ်ခံစားချက်ကို ထိခိုက်စေတယ်။ ဒီအချိန်မှာ ကျွန်မတို့ပူပေါင်းမှု မအောင်မြင်ခဲ့ရင် ရှင့်ကို အပြစ်တင်ရလိမ့်မယ်ထင်တယ်"

ထိုအမျိုးသမီး၏စကားကြောင့် လူများ ထိတ်လန့်သွားသည်။ သူမသည် ထိုလူ့အား ကာကွယ်ပေးလိုပုံရသည်။

သို့သော် အခြားအဖွဲ့နှစ်ခုမှ ကိုယ်စားလှယ်များကလည်း သူမအား ထောက်ခံကြသည်။

တကယ်တမ်းတွင် ဤတောင်နှင့် ၎င်း၏မြေပြန့်က တစ်စုံတစ်ရာပြန်လည်တည်ဆောက်ရန်အတွက် ပို၍သင့်တော်သည်။

ဝမ်ချီရှန် အနည်းငယ် မူးနောက်နောက်ဖြစ်သွား၏။

သူနှင့် သူ၏အဖွဲ့ မည်သို့ သဘောထားကွဲလွဲသွားခဲ့သည်ကို သူ မသိချေ။

"ပြီးတော့" ထိုအချိန်တွင် အရပ်ရှည်ရှည်အမျိုးသမီးက ကျန်းဟန်ကို ပြုံး၍ကြည့်ကာ "ဒီလူကြီးမင်းက တောင်ကို ဂရုစိုက်ထားတာ ကောင်းတဲ့ကိစ္စလို့ ကျွန်မထင်တယ်။ ရှင့်ရဲ့ အတွေးအခေါ်တွေကို ဖွင့်ထားလိုက်တာ ပိုကောင်းမယ်ထင်ပါတယ်။ ကျွန်မထင်တာတော့ ရှင် ကျွန်မတို့ကို တောင်ပေါ်ရှုခင်းကြည့်ဖို့ ဖိတ်ခေါ်သင့်တယ်။ ဘယ်လိုထင်လဲ"

အရပ်ရှည်ရှည်အမျိုးသမီးသည် သူမ၏နောက်ဆုံးစကား၌ နေကာမျက်မှန်ကို ချွတ်လိုက်သည်။ ထိုအခိုက်အတန့်တွင် သူမ၏မျက်လုံးဝိုင်းဝိုင်းများက ရွှင်မြူးတောက်ပနေ၏။

အကြောင်းအရင်းမှာ သူမ၏နာမည်က…

ချောင်လောလောပင်။

ကျန်းဟန်သည် သူမအား စက္ကန့်ဝက်ခန့်စိုက်ကြည့်လိုက်ပြီးနောက် သူမကိုလျစ်လျူရှုကာ အဝေးသို့ တည်ငြိမ်စွာကြည့်လိုက်သည်။

သူ ဝမ်ချီရှန်အား ကြည့်ကာ ရှင်းလင်းပြတ်သားစွာပြောလိုက်သည်။ "ငါ့ဘဝတစ်လျှောက် ဘာလုပ်ခဲ့တယ်ဆိုတာကို မင်းကို ရှင်းပြနေဖို့မလိုဘူး”

"မင်း မေးစရာရှိရင် မင်းရဲ့ဒါရိုက်တာကို မေးလို့ရတယ်”

စကားဆုံးသည့်အခါ ကျန်းဟန်သည် တောအုပ်ဆီသို့ ပြန်လှည့်သွားတော့သည်။

ချောင်လေလော အေးခဲသွားပြီး သူမ၏မျက်လုံးများက အေးစက်မှုများဖြင့် ပြည့်သွားသည်။

ဝမ်ချီရှန်မှာ လုံး၀ စိတ်လွတ်သွားပြီး မျက်နှာဖြူသွားကာ နီရဲလာ၏။

သူတစ်ခုခုပြောခါနီးတွင် သူ့ရှေ့ကလူက ခေါင်းလှည့်လာကာ ကြားဖြတ်လိုက်ပြီး ဖြည်းညှင်းစွာပြောသည်။ "ပြောရဦးမယ်။ တောင်ပေါ်မှာ ဂေါ်ရီလာတစ်ကောင်နဲ့ ခွေးတစ်ကောင်ကို မင်းတို့တွေ့မှာပါ။ ငါ့ခွင့်ပြုချက်မရှိဘဲ မင်းတို့ တောင်ပေါ်တက်လို့မရဘူး။ တစ်ခုခုဖြစ်လာမှ ငါ့ကို သတိမပေးဘူးလို့ အပြစ်မတင်နဲ့”

ထိုစကားကိုပြောပြီးနောက် ကျန်းဟန် ချက်ချင်းထွက်သွားတော့သည်။

"ချီးပဲ။ သူက တော်တော်ဒေါသထွက်ဖို့ကောင်းတယ်။ ဘယ်လိုလုပ် ဒီလောက်သဘောထားဆိုးရတာလဲ” ဝမ်ချီရှန်က ဒေါသတကြီးဖြင့် ပြောသည်။ "သူက စည်းကမ်းဖောက်ဖျက်ပြီး

ဘယ်လိုလုပ်ငါ့ကို ဒီလိုဆက်ဆံရတာလဲ။ ဟမ့် တကယ် ရယ်စရာကောင်းတယ်။ ငါ ဒီကိစ္စကို ဒါရိုက်တာကိုတင်ပြပြီး တင်းတင်းကြပ်ကြပ်ကိုင်တွယ်ခိုင်းမယ်”

"သူက အမြဲတမ်းမာနကြီးတယ်” ချောင်လောလောက တိုးတိုးလေးပြောသည်။

"မစ္စချောင် သူ့ကို သိတာလား” ဝမ်ချီရှန် အံ့အားသင့်စွာ မေးသည်။

ချောင်လောလောက သူ့အား ပြန်မပြောဘဲ သူမဘာသာ ပြုံးကာ ပြောလိုက်သည်။ "ဒီတောက်ကို ပိုပြီး စိတ်ဝင်စားလာပြီ”

“စိတ်ဝင်စားရင် အခု တောင်ပေါ်တက်ကြည့်လိုက်လေ။ လဆန်းတောင်က တစ်ဦးတစ်ယောက်နဲ့ပဲသက်ဆိုင်တာ မဟုတ်တဲ့ ကုန်းမြေသယံဇာတတစ်ခုပဲ။ ဘာမှ မစိုးရိမ်နဲ့” ဆံပင်တိုတိုလူက နှာခေါင်းရှုံ့ကာ ပြောသည်။

"ဟုတ်တယ်။ မင်း ငါနဲ့ တောင်ပေါ်တက်ချင်လား။ ဒီမြေကို ဖွံ့ဖြိုးရေးလုပ်မယ်ဆိုရင် ဒီပြဿနာကို ငါ ကိုင်တွယ်လိုက်မယ်" ဝမ်ချီရှန်က ပြောသည်။

"တက်ကြရအောင်။ ပတ်ဝန်းကျင်က အတော်လေးကောင်းပုံရတယ်" ဆံပင်တိုလူက ခေါင်းညိတ်သည်။

ဤတစ်ကြိမ်တွင် ချောင်လောလောက ဘာမှပြန်မပြောဘဲ ဝမ်ချီရှန်နောက်မှလိုက်ကာ တောင်ပေါ်တက်သွားသည်။

လမ်းလျှောက်နေရင်း ချောင်လောလော အတွေးနက်နေသည်။

ကလေးမလေးတစ်ယောက်ကို တွေ့လိုက်တယ်။ အဲဒါ သူ့ကလေးလား...

ပေကျင်းမှာ သူတောင်းစားတစ်ယောက်လိုအခြေအနေဆိုးနေတယ်ဆိုပြီး အခု ဘယ်လိုလုပ် ဟောင်ကောင်ရောက်နေ

တာလဲ။ ကြည့်ရတာတော့ အခု သူ့မှာ ကောင်းမွန်တဲ့ဘဝရှိပုံပါပဲ...

သူ ငါ့ကိုမြင်တာနဲ့ မျက်နှာလုံးဝမပြောင်းလဲဘဲ တုံ့ပြန်မှုတစ်ခုတောင်မရှိဘူး။ မာနကြီးတဲ့ပုံစံဘဲ ရှိနေတာ။ သူ ဘာလို့ ဒီလောက် တည်ငြိမ်နေတာလဲ...

သူမ လျှောက်လာရင်း အေးစက်သည့်ခံစားချက်က ချောင်လောလော၏ခန္ဓာကိုယ်ပေါ် တဖြည်းဖြည်းတက်လာပြီး အခြားသူများနှင့် နီးနီးကပ်ကပ်မနေသည့်ဆိုသည့် အသိပေးချက်ရှိလာသည်။

တောအုပ်ထဲမှ လျှောက်ထွက်လာပြီးနောက် လူများထံမှ အာမေဋိတ်သံကို ကြားလိုက်ရပြီး သတိပြန်ဝင်လာခဲ့သည်။ သူမ ပတ်ဝန်းကျင်အား ကြည့်လိုက်ပြီးနောက် မျက်လုံးများ ပြူးကျယ်သွားသည်။

"လှလိုက်တဲ့နေရာ"

"ဒီအပင်ကြီးက အရမ်းမြင့်တာပဲ။ အံ့သြစရာပဲ။ ဒါက နေရာမှန်ပဲ။ ငါတို့ ဒီနယ်မြေကို ဖွံ့ဖြိုးရေးလုပ်ရမယ်" ဆံပင်တို နှင့်လူက စိတ်လှုပ်ရှားစွာ ပြောသည်။

"ဟုတ်တယ်။ ဒါက နေရာကောင်းပဲ။ အမ် အဲဒါ ဘာလဲ"

သက်လတ်ပိုင်းလူသည် စကားမဆုံးခင်မှာပင် ရုတ်တရက် အေးခဲသွား၏။ သူ ရှေ့သို့ လှမ်းကြည့်လိုက်ပြီး အော်ဟစ်လိုက် သည်။ "အဲဒါ ခွေးတစ်ကောင်နဲ့တူတယ်"

"အား... ခွေးလာနေပြီ"

အနက်ရောင်နှင့် ရွှေရောင်စပ် ခွေးတစ်ကောင်က သူတို့ဆီ ပြေးလာနေသည်ကို လူတိုင်း တွေ့လိုက်ရသည်။

ထိုအခိုက်အတန့်တွင် သူတို့ အမှန်တကယ် ကြောက်လန့် သွားကြ၏။

ကံကောင်းစွာဖြင့် ရှောင်ဟေးက သူတို့၏ရှေ့၌ ရပ်တန့် သွားခဲ့သည်။ သူသည် သူတို့အား ကြမ်းကြုတ်စွာ စိုက်ကြည့်

ရင်း သူ၏အစွယ်များကို ဖြဲပြကာ သူတို့အား ဝင်ကိုက်တော့မလို အသံတိုးတိုးဖြင့် မာန်ဖီနေသည်။

"ငါတို့ ဘာလုပ်ကြမလဲ" ဝမ်ချီရှန်၏မျက်နှာ ဖြူဖျော့သွားသည်။

ဒီခွေးရဲ့အစွယ်တွေက အရမ်းထက်နေတာ။ ကိုက်လိုက်တာနဲ့ တော်တော်နာမှာပဲ...

"မပြေးနဲ့ မပြေးနဲ့။ ပြေးရင် ကိုက်လိမ့်မယ်။ ဖြည်းဖြည်းချင်း နောက်ဆုတ်ကြ..." သက်လတ်ပိုင်းလူက တုန်ယင်နေသည့်အသံဖြင့် ပြောသည်။

သူသည် ပြောပြောဆိုဆိုပင် ဖြည်းဖြည်းချင်း နောက်ဆုတ်လာပြီး အခြားသူများကလည်း သူ၏စကားကြားပြီးနောက် သူ့လိုလိုက်လုပ်ကြသည်။

သို့သော်...

ရှောင်ပေားက သူ့အား အထင်သေးစွာ စိုက်ကြည့်နေသည်။

ငါသာ သာမန်ခွေးမလို့လား...

"ဝုတ် ဝုတ်..."

ရုတ်တရက်ပင် ရှောင်ပေားသည် ကျယ်လောင်စွာ ဟောင်လိုက်ပြီး သူတို့အား ကိုက်တော့မလိုဖြင့် ရှေ့သို့ ပြေးထွက်လာသည်။

"အား..."

"ပြေး...."

"ပြေးကြဟ..."

အားလုံး အရှိန်ပြင်းပြင်းဖြင့် လှည့်ပြေးကြတော့သည်။ ဝမ်ချီရှန်သည်ပင် သစ်ပင်အား မတော်တဆ ဝင်တိုက်မိသည်။

သူ ထရပ်ကာ ခေါင်းမှ နာကျင်မှုကို လျစ်လျူရှုပြီး ဆက်ပြေး၏။

အားလုံး ထွက်ပြေးသွားသည်ကိုမြင်တော့ ရှောင်ပေးက အထင်သေးစွာ နှုတ်ခမ်းအား တွန့်ကွေ့လိုက်သည်။

ထိုနောက် ပြန်လှည့်၍ တောင်ပေါ်သို့ ဖြည်းညှင်းစွာ တက်သွားတော့၏။

-အခန်း(၃၈၂)ပြီး

wunzinnosp

## အခန်း(၃၈၃-က) တိုးပွားလာသည့် စားသောက်ဆိုင်မန်ဘာများ(၁)

သူတို့ တောအုပ်ထဲမှ အသက်ရှူကြပ်မတတ် ပြေးထွက်လာကြသည်။

"အူး ငါ့နဖူး ပေါက်သွားပြီလားမသိဘူး"

ဝမ်ချီရှန်သည် နဖူးကိုစမ်းလိုက်ရာ လက်သည်းခွံခန့်ရှိသည့် အဖုတစ်ခုကို စမ်းမိပြီး အနည်းငယ် နာကျင်သွားသည်။

သို့သော် ယခုအချိန်တွင် မည်သူမျှ သူ့အား ဂရုမစိုက်နိုင်ကြချေ။ ထိုအစား ဟောဟဲလိုက်ကာ အော်ဟစ်ကြသည်။

"အဲဒီခွေးက အရမ်းရက်စက်တာပဲ"

"အကိုက်ခံလိုက်ရလို့ကတော့ သေချာပေါက် ဒုက္ခရောက်မှာ"

"…"

သူတို့ ခဏလောက်စကားပြောပြီးနောက်တွင်တော့ လျူမို့က တုံ့ပြန်လာပြီး ဝမ်ချီရှန်ဆီ အမြန်ပြေးသွားသည်။ "ဥက္ကဌ ဝမ် အဆင်ပြေရဲ့လား။ ပြန်ပြီးတော့ ဆရာဝန်ကို ဆေးထည့်ခိုင်းရအောင်"

"သွားကြရအောင်"

ဝမ်ချီရှန်က မျက်မှောင်ကြုတ်ကာ ချောင်လောလောနှင့် အခြားသူများကို ကြည့်၍ "တောင်းပန်ပါတယ်။ ကျုပ်အရင်ပြန်ဖို့လိုနေလို့။ ကျုပ်ရဲ့ပျက်ကွက်မှုအတွက် ခွင့်လွှတ်ပေးကြပါ"

ထိုနောက် ကားပေါ်သို့ တက်ကာ တန်း၍ ထွက်သွားတော့သည်။

"ငါတို့လည်း သွားကြမယ်"

ဆံပင်တိုလူက အသက်ပြင်းပြင်းတစ်ချက်ရှူလိုက်ပြီး မောင်းထွက်သွားသည်။

ချောင်လောလောက နှာခေါင်းရှုံ့ကာ "ကားပေါ်တက်"

သူမနှင့် သူမ၏လက်အောက်ငယ်သားများလည်း Bentley ကားပေါ်သို့ တက်သွားကြသည်။

"ဟောင်ကောင်က သူ့လိပ်စာကို တစ်ရက်အတွင်း ရအောင်ရှာပါ" ချောင်လောလောက လဆန်းတောင်အား ခံစားချက်များဖြင့် ကြည့်လိုက်သည်။

မြေယာဌာနသို့ ပြန်သည့်လမ်းတွင် ဝမ်ချီရှန်သည် ဆေးရုံသို့ အရင်သွားသည်။ ဆရာဝန်က သူ၏နဖူးကို သက်သာစေရန် ဆေးနှစ်မျိုးပေးခဲ့ပြီး သတိထားရမည့်အရာများကို ပြောပြသည်။ ထိုနောက် ဝမ်ချီရှန်သည် မြေယာဌာနသို့ ပြန်သွားခဲ့၏။

"ဥက္ကဋ္ဌဝမ် ဘာဖြစ်တာလဲ"

ပထမထပ်ရှိ လော်ဘီသို့ ဝင်လိုက်သည်နှင့် အမျိုးသမီးဝန်ထမ်းတစ်ဦးက ဝမ်ချီရှန်၏အသွင်အပြင်ကို မြင်ပြီး အလျင်စလိုမေးသည်။

"ငါအဆင်ပြေတယ်" ဝမ်ချီရှန်က ပြန်ဖြေပြီး "ဒါရိုက်တာရှိလား"

"သူ့ ရုံးခန်းထဲမှာ" အမျိုးသမီးက ပြန်ဖြေသည်။

ထိုနောက် ဝမ်ချီရှန်သည် ဓာတ်လှေကားဆီသို့ တန်း၍လျှောက်သွားသည်။ လျူမုံ့က သူ့နောက်မှလိုက်လာနေသေးသည်ကိုမြင်တော့ ဒေါသတကြီးဖြင့် "မင်းက ဘာလို့ငါ့နောက်လိုက်နေတာလဲ"

"အာ... ကျွန်တော် အခု ပြန်တော့မှာပါ" လျူမုံ့က အလန့်တကြားဖြင့် ရေရွတ်လိုက်သည်။

ငါတို့ဥက္ကဋ္ဌက အခု စိတ်အခြေအနေမကောင်းဘူး။ အရင်ပြန်သွားတာ ပိုကောင်းမယ်...

လျူမုံ့သည် တိတ်တိတ်လေး နောက်ပြန်ဆုတ်လာသည်။

ဝမ်ချီရှန်က နှာခေါင်းရှုံ့လိုက်ပြီး အပေါ်တက်သည့် ခလုတ်ကို နှိပ်လိုက်သည်။

သူသည် ခြေလှမ်းကျဲများဖြင့် ဒါရိုက်တာ၏ရုံးခန်းဆီသို့ လျှောက်သွားသည်။ ဝမ်ချီရှန် တံခါးရှေ့တွင် မျက်နှာပိုးသတ်လိုက်ပြီး အမူအရာပြင်ကာ တံခါးခေါက်လိုက်၏။

"ဒေါက် ဒေါက် ဒေါက်"

"ဝင်ခဲ့ပါ"

ရုံးခန်းထဲမှ သန်မာသည့်အသံတစ်ခု ကြားလိုက်ရသည်။

ဝမ်ချီရှန် တံခါးဖွင့်လိုက်ပြီး ဒါရိုက်တာအား တစ်ချက်ကြည့်လိုက်၏။

အသက် ၅၀ ဝန်းကျင်ရှိ ကျန်းမာရေးကောင်းမွန် ဒါရိုက်တာသည် ကျယ်လောင်၍ စွမ်းအားပြည့်ဝသည့်အသံဖြင့် ပြောဆိုခဲ့သည်။

"ဒါရိုက်တာ ကျွန်တော် အရေးကြီး သတင်းပို့စရာရှိပါတယ်" ဝမ်ချီရှန်က သူ၏မာနကို ဖုံးကွယ်ကာ အသံတိုးတိုးဖြင့် ပြောသည်။

"ဘာလဲ" ကျန်းလုံက သူ့အား မော့ကြည့်ကာ မေးသည်။

"အဲဒါ... လွန်ခဲ့တဲ့တစ်လကျော်က လဆန်းတောင်ကို ကန့်သတ်ချက်တွေနဲ့ တစ်နှစ်ငှားရမ်းခွင့် စာချုပ်ချုပ်ခဲ့ပါတယ်။ ဒီနေ့ လေလံအောင်တဲ့ကုမ္ပဏီသုံးခုက ကိုယ်စားလှယ်တွေကို စစ်ဆေးဖို့လိုက်ပြတော့ လဆန်းတောင်ပေါ်က သစ်တောကြီး တစ်ခု ပျောက်သွားတာကို တွေ့ခဲ့ရတယ်။ တစ်ယောက်ယောက် သစ်တောကိုရှင်းပြီး မြက်ပင်တွေစိုက် တိရစ္ဆာန်တွေမွေးနေတာ။ အခု သူက စည်းကမ်းဖောက်ဖျက် လိုက်တာဆိုတော့ ကျုပ်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ထိခိုက် စေတယ်။ သူ့ကို ပြင်းပြင်းထန်ထန် အပြစ်ပေးလိုက်ရမလား"

"အင်း... ငါတို့ သူ့ကို လုပ်ထုံးလုပ်နည်းနဲ့အညီ အပြစ်ပေး သင့်တယ်" ဒါရိုက်တာက ကွန်ပြူတာကို ကြည့်ကာ ပြောသည်။

"ဟုတ်ကဲ့" ဝမ်ချီရှန်က စိတ်လှုပ်ရှားစွာဖြင့် မျက်လုံးများ တောက်ပကာ ထွက်လာသည်။

သို့သော် သူခြေနှစ်လှမ်း လှမ်းပြီးနောက်တွင် ဒါရိုက်တာက "နေဦး မင်း လဆန်းတောင်လို့ ပြောလိုက်တာလား”

"အာ... ဟုတ်ပါတယ်” ဝမ်ချီရှန်က ရပ်တန့်ကာ ဒါရိုက်တာကို ကြည့်သည်။

ဒါရိုက်တာသည် ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားပုံပေါ်ပြီး "ခဏနေဦး။ ငါ အထက်ကို မေးလိုက်ဦးမယ်”

လွန်ခဲ့သည့်ရက်အနည်းငယ်က လူတစ်စုသည် လဆန်းတောင်ပေါ်သို့ တက်ရောက်ခိုးယူကာ အနေ့ဦင့်အယှဥ်ဖြစ်စေခဲ့သည့်ကိစ္စကို သတိရသွားသည်။ နောက်ပိုင်းတွင် ထိုလူတို့အား တောင်ပိုင်းခရိုင် အထွေအထွေအုပ်ချုပ်ရေးရုံးသို့ တိုက်ရိုက်ခေါ်ဆောင်သွား၏။ တစ်စုံတစ်ယောက်က ဒါရိုက်တာဒုန်ရှန်းချွမ်ကို တိုက်ရိုက်ဆက်သွယ်နိုင်သည်ဟုလည်း ကြားသည်။ ထိုသို့ဆိုလျှင် ထိုလူသည် သန်မာသည့်နောက်ခံရှိနေနိုင်သည်။

ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်၍ သူ့အထက်လူကြီးကို အရင်မေးကြည့်ရပေမည်။

သူသည် ဒုန်ရှန်းချွမ်၏သီးသန့်ဖုန်နံပါတ်ကို ခေါ်ဆိုလိုက်၏။ "အစ်ကိုဒုန် လဆန်းတောင်နဲ့ပတ်သက်ပြီး တစ်ခုလောက်မေးလို့ရမလား။ ဒီနေ့ အဲဒီကို ကျွန်တော့်လူတစ်ယောက် စစ်ဆေးဖို့သွားတာ။ ရလဒ်က...”

ဝမ်ချီရှန်၏အကြည့်အောက်တွင် ဒါရိုက်တာသည် တဖြည်းဖြည်း မိုးကြိုးပစ်ခံလိုက်ရသကဲ့သို့မျက်နှာဖြစ်သွားသည်။

"ကောင်းပြီ ကောင်းပြီ။ ငါဘာလုပ်ရမလဲ သိပါတယ်”

ထိုသို့ပြောပြီးနောက် ဒါရိုက်တာသည် နှုတ်ခမ်းများ အနည်းငယ် တုန်ယင်သွားကာ ဖုန်းချလိုက်၏။ သူသည် ဝမ်ချီရှန်ကို ကြည့်ကာ လက်ဝှေ့ယမ်းလိုက်ရင်း "လဆန်းတောင်ကိစ္စကို စိတ်မပူနဲ့။ သူလုပ်ချင်တာမှန်သမျှ လုပ်ခွင့်ပေးလိုက်။ တောင်တစ်ခုလုံးကို ဖြိုချလိုက်ရင်တောင် မင်းကိစ္စမဟုတ်ဘူး"

"အမ်" ဝမ်ချီရှန် ရုတ်တရက် ကြက်သေသေသွား၏။

"ငါပြောတာ မကြားဘူးလား" ဒါရိုက်တာက ပြောသည်။

"ကျွန်တော်သိပါပြီ။ ဒီတိုင်းထားလိုက်ရမှာလား။ ဒါပေမယ့် တောင်ကိုငှားတဲ့လူက အရမ်းမောက်မာတယ်" ဝမ်ချီရှန့်က တုံ့ဆိုင်းစွာဖြင့် "ပြီးတော့ သူ့အပြုအမူက ကျွန်တော်တို့ကို လုံးဝ ဂရုမစိုက်ဘူး အဲဒါကပူပေါင်းမှုကိုအကျိုးသက်ရောက်..."

"အကျိုးသက်ရောက်မှုက မင်းနဲ့ဘာမှမဆိုင်ဘူး။ အဲဒါကို ဒီတိုင်းသာထားလိုက်" ဒါရိုက်တာက ခိုင်မာစွာပြောသည်။

"ဟုတ်ကဲ့ပါ" ဝမ်ချီရှန် ရုတ်တရက် စိတ်ပျက်သွားပြီး "ကျွန်တော် အခု သွားပါတော့မယ်"

ထို့နောက် သူ အပြင်ထွက်သွားသည်။ သို့သော် ရှေ့ခြေလှမ်းအနည်းငယ် လှမ်းပြီးနောက်တွင် ရပ်တန့်ကာ ခေါင်းပြန်လှည့်၍ "ဒါရိုက်တာ လေလံအနိုင်ရတဲ့ကုမ္ပဏီသုံးခုက

လဆန်းတောင်ကို စိတ်ဝင်စားနေကြတယ်။ သူတို့နဲ့ ဆက်ပြီး ပူးပေါင်းမှုလုပ်ရမလား”

"ပူပေါင်းမှု...” ဒါရိုက်တာက ၁၀ စက္ကန့်ခန့် စဉ်းစားပြီး နောက်ဆုံးတွင် "ငါဘာအကြောင်းကြားချက်မှ မရဘူးဆိုတော့ အဲဒါကို ပုံမှန်အတိုင်းပဲ ကိုင်တွယ်လို့ရမှာပါ”

"ဟုတ်ကဲ့ပါ”

ဝမ်ချီရှန် ထွက်သွားသည်။ ထွက်လာပြီးနောက်တွင် သူ၏မျက်လုံးများက စိတ်ရှုပ်ထွေးမှုများဖြင့် ပြည့်နေ၏။

"ဘာတွေဖြစ်နေတာလဲ။ ဒါရိုက်တာက တောင်ကို ပြန်လည်တည်ဆောက်ခြင်းရဲ့တရားမဝင်တဲ့အပြုအမူကို ဘယ်လိုမြင်တာလဲ”

...

၁၁ နာရီ ၃၀ မိနစ် တွင် ယူချင်းချင်းနှင့် ကျောက်ဒါဟူတို့ လျန်မုန့်ချီ၏တိုက်ခန်းသို့ ရောက်ရှိလာကြသည်။

"ချင်းချင်း နျန်းနျန်း၊ ငါ့အစ်ကို လျန်ဟောင်နဲ့ မိတ်ဆက်ပေးမယ်။ အစ်ကို ဒါက ငါ့သူငယ်ချင်းတွေ ယူချင်းချင်းနဲ့ ကျောက်ဒါဟူတဲ့" လျန်မုန့်ချီက ပြောသည်။

"ဟိုင်း"

"ဟိုင်း" ယူချင်းချင်းက ပြုံးကာ "မိန်ချီ နင့်အစ်ကိုက ချောတယ်နော်"

"ဟုတ်တယ်။ သူက နင့်ထက် ရုပ်နတယ်" ကျောက်ဒါဟူက ခန္ဓာကိုယ်ကို တွန့်ကာ ပြောသည်။

"ပေါက်ကရတွေ လျှောက်မပြောနဲ့" လျန်မုန့်ချီက ကျောက်ဒါဟူအား စိုက်ကြည့်လိုက်ပြီး "ထမင်းသွားစားကြမယ်။ ငါ ဗိုက်ဆာနေပြီ"

"သွားကြမယ်"

သူတို့ ထွက်လာကြသည်။

ယူချင်းချင်းက ကားမောင်းပြီး ကျောက်ဒါဟူက ရှေ့ခရီးသည်ခုံတွင်ထိုင်ကာ လျန်မုန့်ချီနှင့် လျန်ဟောင်က နောက်ခုံတွင် ထိုင်ကြသည်။

"ဒါနဲ့ ငါ စွန်းဒုန်ဟာမ်ဆီ ဖုန်းဆက်ပြီး သူ့မန်ဘာကတ် ငှားရဦးမယ်။ မဟုတ်ရင် နင် ဗီအိုင်ပီဟင်းပွဲတွေ စားခွင့်ရမှာမဟုတ်ဘူး” လျန်မုန့်ချီက ပြောရင်းဆိုရင်း ဖုန်းကို ထုတ်လိုက်သည်။

"ငှားဖို့မလိုဘူး” လျန်ဟောင်က လက်ခါပြလိုက်ပြီး "ပြီးရင် ငါ မန်ဘာကတ်တစ်ကတ် ဝယ်လိုက်မယ်”

"အင်း ကောင်းတယ်” လျန်မုန့်ချီက ဖုန်းကို သိမ်းလိုက်ပြီးနောက်မှ အနည်းငယ် အံ့အားသင့်သွားသည်။ သူမ လျန်ဟောင်အား အကြိမ်အနည်းငယ် စိုက်ကြည့်လိုက်ပြီး "အရမ်းထူးဆန်းတယ်။ အစ်ကို နင်ရဲ့စရိုက်အရ…”

"ငါ မနက်က သွားစားပြီးပြီ။ အစားအသောက်တွေက အရသာရှိတယ်။ ပေးရတဲ့ဈေးနဲ့ တန်ပါတယ်" လျန်ဟောင်က ခေါင်းယမ်းကာ ပြုံး၍ပြောသည်။

"သြော် မနက်က သွားပြီးပြီကိုး။ နင် ဘာစားခဲ့လဲ။ ကြက်ဥထမင်းကြော်လား ခေါက်ဆွဲပြုတ်လား" လျန်မုန့်ချီ မေးသည်။

"ငါ ကြက်ဥထမင်းကြော်တစ်ဝက်နဲ့ ပေါက်စီတစ်ဝက် စားခဲ့တယ်" လျန်ဟောင် ပြန်ပြောသည်။

"အမ်" လျန်မုန့်ချီက သူ့အား ဒေါသတကြီး စိုက်ကြည့်လိုက်ပြီး "နင်ဘာလို့ ငါ့အတွက် ပေါက်စီနည်းနည်းလောက် မယူလာပေးတာလဲ"

"အာ... အသားသောက်တွေကို ဆိုင်က ယူသွားခွင့်ပြုတာလား။ ငါ စည်းကမ်းတွေမတွေ့မိတော့ အဲဒါ ခွင့်မပြုဘူးထင်နေတာ။ ပြီးတော့ ဆိုင်မှာ ဝိတ်တာလည်းမရှိတော့ ဘယ်သူ့ကို မေးရမှန်း မသိဘူး" လျန်ဟောင်က နဖူးကို ပုတ်လိုက်သည်။

"ဟမ့်" လျန်မုန့်ချီက နှာခေါင်းရှုံ့လိုက်ပြီး "ကိုယ့်ဘာသာ မန်ဘာကတ်ဝယ်လိုက်။ သူများဆီက ငွားဖို့ ငါ စိတ် အနှောင့်အယှက်ဖြစ်စရာမလိုတော့ဘူး"

wunzinnosp

## အခန်း(၃၈၃-ခ) တိုးပွားလာသည့် စားသောက်ဆိုင်မန်ဘာ များ(၂)

"မိန်ချီ နင်ဘယ်အချိန် အိပ်ရာထတာလဲ" ထိုအချိန်တွင် ယူချင်းချင်းက ပြုံးကာ မေးသည်။

"ကိုးနာရီ။ မနေ့ညက အိပ်ရာဝင်တာ နောက်ကျသွားလို့" လျန်မုန့်ချီက ပေါ့ပေါ့ပါးပါး ပြန်ဖြေ၏။

"ဟားဟားဟား... ကိုးနာရီမှ အိပ်ရာထတယ်။ အဲ့ဒီအချိန် မှတော့ ဘယ်လိုလုပ် ပေါက်စီစားလို့ရတော့မှာလဲ" ကျောက်ဒါ ဟူက နှုတ်ခမ်းကိုတွန့်ကွေးကာပြောသည်။

"ဟုတ်တယ်။ နေ့လည်စာကျ များများစားလို့ရတာပေါ့" လျှန်မုန့်ချီက တိတ်တဆိတ်တံတွေးမျိုချလိုက်သည်။

"အဲဒီတုန်းက... ဟူး..." ကျောက်ဒါဟူက သက်ပြင်းချ လိုက်ပြီး "သူဌေးကတော်ရှိတုန်းကဆို အမြဲတမ်း စားတော်ပွဲ ကြီးလိုပဲ။ အခုတော့ မုန့်မုန့်ကလွဲရင် ငါတို့ အရင်ထက် ဟင်းပွဲ တွေနည်းသွားတယ်"

"သူဌေးကတော်က ဘယ်တော့ပြန်လာမလဲမသိဘူး။ အ ရင်တစ်ခါစားခဲ့တဲ့ ဟော့ပေါ့ကို ငါ စားချင်နေတုန်းပဲ" ယူ ချင်းချင်းက သက်ပြင်းချကာပြောသည်။

"သူဌေးကတော်က ခရီးထွက်နေတာလား" လျှန်ဟောင် က ပြောသည်။ "မနက်က ဆိုင်ရှင်နဲ့ကလေးမလေးတစ် ယောက်ကို တွေ့ခဲ့တယ်။ သူဌေးက အရမ်းချောတယ်နော်။ ကလေးလေးကလည်း တော်တော်လှပြီး ချစ်ဖို့ကောင်းတယ်"

"သူဌေးကတော်ကလည်း အရမ်းကိုလှတာ။ ဒါပေမယ့် အပြင်သွားတိုင်း နေကာမျက်မှန်တပ်ထားတယ်။ အဲဒါကြောင့် သူ့မျက်နှာကို ငါတို့ မမြင်ဖူးဘူး” ကျောက်ဒါပဟူက ပြောသည်။

"သူတို့ရဲ့ကလေးက သူတို့ရဲ့မျိုးရိုးဗီဇကောင်းတွေကြောင့် အရမ်းကြည့်ကောင်းနေတာသေချာပေါက်ပဲ” မုန့်မုန့်၏ချစ်စရာကောင်းသည့်အသွင်ပြင်ကိုသတိရသွားပြီး ယူချင်းချင်းက မနာလိုအားကျစွာပြောသည်။

"သူဌေးကတော်ကို အရင်ကတွေ့ဖူးသလိုမျိုး ရင်းရင်းနီးနီး သိနေသလိုပဲ။ ဒါပေမယ့် သူမမျက်နှာကို ရှင်းရှင်းလင်းလင်းမမြင်တော့ ဘယ်သူလဲဆိုတာ မသိဘူး” လျန်မုန့်ချီက အချိန်အတန်ကြာစဥ်းစားကာ ပြောသည်။

ဇီယန်သည် သူမထက် ပိုလှသည်ကို သူမ ဝန်မခံချင်သော်လည်း ၎င်းက အမှန်တရားဖြစ်၏။

"အင်း” လျန်ဟောင်က ခေါင်းညိတ်သည်။ အလုပ်ကိစ္စ ခရီးသွားနေသည့် ဇီယန်ကို သတိရသွားပြီး ခံစားချက်များဖြင့်

သက်ပြင်းချလိုက်၏။ မထင်မှတ်စွာဖြင့် သူမ အိမ်ထောင်ကျတာ နှစ်အနည်းငယ်ပင်ကြာသွားခဲ့လေပြီ။

သို့သော် စားသောက်ဆိုင်ပိုင်ရှင်သူဌေး၏ဇနီးက ဇီယန်ဟုသူ လုံးဝ မျှော်လင့်ထားခဲ့မည်မဟုတ်ချေ။

သူတို့အချင်းအချင်း စကားပြောလာရင်း စားသောက်ဆိုင်သို့ ရောက်လာကြသည်။

အချိန်က ၁၂ နာရီခန့်ရှိပြီး ဆိုင်ရှေ့တွင် လူ ၂၀ ကျော်တန်းစီနေသည်။

လျှန်ဟောင်သည် လူတော်တော်များများက ဤစားသောက်ဆိုင်၏ဗီအိုင်ပီမန်ဘာများကို လေးစားသည့်ပုံပေါက်နေသည်ကိုမြင်တော့ အနည်းငယ် ထိမိသွားသည်။

"အစ်မလျှန်လာပြီပေါ့။ သူက အစ်မသူငယ်ချင်းလား။ ကျွန်တော့်မန်ဘာကတ်ကို သုံးလို့ရတယ်နော်” အလယ်တွင်

ထိုင်နေသည့် စွန်းဒုန်ဟမ်က လက်ကိုဝှေ့ယမ်းကာ လှမ်းပြောသည်။

"သူက ငါ့အစ်ကိုပါ။ သူကိုယ်တိုင် တစ်ကတ်ဝယ်မှာတဲ့" လျန်မုန့်ချီက ပြုံးကာ ပြောသည်။

"နေ့လည်စာ ဘာစားရမှာလဲ။ အသားရှိလား" ယူချင်းချင်း မစောင့်နိုင်ဘဲ မေးသည်။

"ဒီနေ့ နေ့လည် ဟင်းပွဲနှစ်ခု ရမယ်။ အာဟတ်ပုဇွန်တုပ် ရယ် ပန်းဂေါ်ဖီစိမ်းနဲ့မှိုခြောက်ရယ်" ရှုယုံက ခေါင်းလှည့်ကာ ပြောသည်။

"တကယ်လား။ အရမ်းကောင်းတယ်" ယူချင်းချင်း ပြုံးလိုက်၏။

"ဒါပေမယ့် နည်းနည်းပဲရှိတာထင်တယ်" ရှုယုံက ထပ်ပေါင်းပြောသည်။

"အာ..." ယူချင်းချင်း အေးခဲသွား၏။

လျန်ဟောင်သည် မီးဖိုချောင်၌ ချက်ပြုတ်နေသည့် ကျန်းဟန်ကို တစ်ချက်ကြည့်လိုက်ပြီး "ငါ သူဌေးဆီကနေ မန်ဘာကတ်ဝယ်ရမှာလား"

"ဒီကိုလာပါ။ မန်ဘာကတ်အတွက် ကျွန်တော်လုပ်ပေးလို့ရတယ်" ရှူယုံက ထရပ်ကာ လက်ပ်တော့ကောင်တာသို့သွားလိုက်သည်။ အံ့ဆွဲထဲမှ ဘဏ်ကတ်တစ်ခု ထုတ်လိုက်ပြီး "ငွေလွှဲပေးရုံပဲ"

"ကောင်းပြီ" လျန်ဟောင်က ခေါင်းညိတ်ကာ ဖုန်းကို ထုတ်၍ ငွေလွှဲလိုက်၏။

ထိုအချိန်တွင် အတွင်းဘက်ရှိ သာမန်စားပွဲဝိုင်းတစ်ခု၌ လူနှစ်ယောက်ထိုင်နေသည်။

သူတို့ထဲမှ တစ်ယောက် ပေါ့ပေါ့ပါးပါးအဝတ်အစားများဝတ်ဆင်ထားပြီး အသက် ၃၀ ဝန်းကျင်ရှိသည်။ သူသည် အထက်တန်းစားတစ်ဦးပမာ ပြည့်စုံစွာ ဝတ်ဆင်ထား၏။ သူနှင့် မျက်နှာချင်းဆိုင်တွင် လေးထောင့်မျက်နှာနှင့် အသက် ၄၀

အရွယ် လူလတ်ပိုင်းအမျိုးသားတစ်ဦးထိုင်နေပြီး သူ့အား ရိုသေစွာ ကြည့်နေသည်။

"ဒီက ဟင်းပွဲတွေ မြည်းကြည့်ရအောင်”

ပေါ့ပေါ့ပါးပါး ဝတ်ထားသည့်အမျိုးသားက တိုးတိုးလေးပြောကာ ထရပ်၍ ကောင်တာဆီ လျှောက်သွားသည်။ သက်လတ်ပိုင်းလူက ဘာမှမပြောဘဲ သူ့နောက်မှ လိုက်လာသည်။

"ကျုပ် မန်ဘာကတ်နှစ်ခု ဝယ်ချင်ပါတယ်” ပေါ့ပေါ့ပါးပါး ဝတ်ထားသည့်လူက ပြုံးကာပြောသည်။

ယွမ် သန်း ၂၀၀ ကျသင့်သည့် မန်ဘာကတ်နှစ်ခုအား ယွမ် ၂၀၀ တန်ပမာ သူ၏လေသံက သာမန်ကာလျှံကာရှိလှသည်။

"အဟွတ်... အဟွတ်...”

ရှယ်ယုံ အနည်းငယ် ချောင်းဆိုးသွား၏။

တစ်ကြိမ်တည်းဖြင့် မန်ဘာကတ်အနည်းငယ် ရောင်းထွက်သွားသည်။ မန်ဘာကတ်သုံးခုမှာ ယွမ် သန်း ၃၀ ကျသင့်၏။ သူဌေးရဲ့ ဝင်ငွေက အရမ်းကြမ်းတယ်။

"ဒီမှာ ဘဏ်ကတ်ပါ။ ခင်ဗျားလုပ်ရမှာက ငွေလွှဲရုံပါပဲ"

ရှုယုံက ဘဏ်ကတ်ကို ညွှန်ပြသည်။

သူ၏စကားများက လျန်ဟောင်၏အာရုံကို စွဲဆောင်သွားပြီး ထိုလူအား တစ်ချက်ကြည့်လိုက်သည်။ သို့သော် ပေါ့ပေါ့ပါးပါးဝတ်ဆင်ထားသူ၏နောက်ရှိ သက်လတ်ပိုင်းလူအား စူးစိုက်ကြည့်လိုက်မိသည့်အချိန်တွင် ဖိအားအနည်းငယ် ခံစားလိုက်ရသည်။

ဒီဖိအားက... ချီစွမ်းအားမာစတာတစ်ယောက်လား...

လျန်ဟောင် လန့်သွားသည်။

ဒီစားသောက်ဆိုင်က တကယ်ကို အစွမ်းထက်တဲ့လူတွေပေါ်လာတတ်တဲ့နေရာတစ်ခုပဲ...

"ပြီးပြီ"

သူတို့နှစ်ယောက် ရှူယုံအား ငွေလွှဲမှတ်တမ်းပြလိုက်သည်။

"ရပါပြီ။ ခင်ဗျားတို့ကို နံပါတ် ၁၅၊ ၁၆ နဲ့ ၁၇ ကတ်တွေ ပေးလိုက်မယ်" ရှူယုံက ကတ်သုံးကတ်ကိုထုတ်ကာ ပေးလိုက်၏။ တစ်ချိန်တည်းမှာပင် သူ ပြောလိုက်သည်။ "အိုး ဒါနဲ့ ခင်ဗျားတို့ အိုင်ဒီကတ်တွေပါလား။ ကျုပ်အဲဒါကို မှတ်တမ်းတင်ထားဖို့လိုတယ်။ မဟုတ်ရင်လည်း ခင်ဗျားတို့ရဲ့ နာမည်နဲ့ ဆက်သွယ်ဖို့အချက်အလက်တွေ ပြောပြလို့ရပါတယ်"

ကတ်များကို ရောင်းသည့်အခါ ကျောက်ဖုန်းက အဖွဲ့ဝင်များ၏အချက်အလက်များကို မှတ်တမ်းတင်ထားခြင်း ရှိ မရှိ သူမသိချေ။ ယခု ကျောက်ဖုန်းလည်း ရှိမနေသည့်အတွက် သူ၎င်းတို့အား မှတ်တမ်းတင်ထားရပေမည်။

ရှူယုံတွေးလိုက်၏။

"လျန်ဟောင်။ ဖုန်းနံပါတ်က...” လျန်ဟောင်က တန်း၍ပြောလိုက်သည်။

သူက လျန်မုန့်ချီရဲ့အစ်ကိုဖြစ်မယ်ထင်တယ်...

ရှယံတွေးလိုက်ရင်း ချရေးလိုက်သည်။ သူရေးပြီးသည်နှင့် ခေါင်းညိတ်ပြလိုက်၏။

ပေါ့ပေါ့ပါးပါးဝတ်ဆင်ထားသူညှိလူက ဘာမှမပြောဘဲ သူ့အား နာမည်ကတ်လေးတစ်ခုသာ ပေးလိုက်သည်။

မစ္စတာရှန်း၊ ဆက်သွယ်ရန်အချက်အလက်များ...

နာမည်နှင့် ဖုန်းနံပါတ်တစ်ခုသာ ပါရှိသည်။

သို့သော် ထိုနာမည်အား တစ်ချက်ကြည့်လိုက်ပြီး ပေါ့ပေါ့ပါးပါးဝတ်ထားသည့်လူများ သေချာပြန်ကြည့်လိုက်ပြီး နောက် လျန်ဟောင်သည် ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားကာ သူ၏မျက်လုံးထဲတွင် အံ့သြတုန်လှုပ်များဖြင့် ပြည့်နက်သွားသည်။

ဒီစားသောက်ဆိုင်က တကယ်ကို စွမ်းအားကြီးတဲ့သူတွေ ပေါ်လာတတ်တဲ့နေရာတစ်ခုပဲ...

လျန်ဟောင် စိတ်ထဲမှ သက်ပြင်းချလိုက်ပြီး စားပွဲဆီသို့ ပြန်လှည့်သွား၏။

ရှုယုံက သူတို့၏အချက်အလက်များကို စိတ်ထဲတွင် မှတ်ထားလိုက်ပြီး "မစ္စတာရှန်း ခင်ဗျားက အခု အဖွဲ့ဝင်ဖြစ်သွားပြီဆိုတော့ အဖွဲ့ဝင်စားပွဲမှာ ထိုင်လို့ရပါပြီ"

"ကျေးဇူးပါ" မစ္စတာရှန်းက ခေါင်းညိတ်လိုက်ပြီး စန္ဒယားဘေးရှိ ပြတင်းပေါက်နားမှ စားပွဲတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

နောက်ထပ်မန်ဘာကတ်သုံးကတ်ကို ရောင်းလိုက်သော်လည်း ကျန်းဟန်ကတော့ တစ်ချက်သာလှမ်းကြည့်ပြီး ဟင်းချက်နေဆဲဖြစ်သည်။

လွန်ခဲ့သည့်ည ထိုသက်လတ်ပိုင်းလူ ဆိုင်သို့ ပထမဆုံး ရောက်လာချိန်ကတည်းက ထိုလူသည် နက်နဲအဆင့်မာစတာ ဖြစ်ကြောင်း သူသိခဲ့၏။ သူသည် သက်တော်စောင့်တစ် ယောက်ကဲ့သို့ ပြုမူနေပြီး ပေါ့ပေါ့ပါးပါးဝတ်ထားသည့်လူမှာ အဆင့်အတန်းမြင့်သူဖြစ်နိုင်သည်။

ထိုမြင်ကွင်းက စားသောက်ဆိုင်ထဲရှိ အခြား သူများ၏အာရုံကို ဆွဲဆောင်သွားသည်။

နောက်ထပ် မန်ဘာကတ်သုံးခု ရောင်းထွက်သွားပြီ။ မိုက် တယ်... အရမ်းမိုက်တယ်...

ရှုယုံသည် ခဏလောက်စဉ်းစားလိုက်ပြီး စားပွဲဆီသို့ ပြန်မ သွားဘဲ အပြင်ထွက်လာ၏။

ကြော်ငြာဘုတ်တွင် စာလုံးအချို့ကို ပြောင်းရေးလိုက် သည်။

အဖွဲ့ဝင်ကတ် တစ်ခုလျှင် ယွမ် ၁၀ သန်း၊ ၁၇/၂၀ ရောင်းချပြီး။

ရေးပြီးနောက် ဖင်ကိုပုတ်ကာ ဆိုင်ထဲပြန်ဝင်သွားသည်။

တန်းစီနေသည့် လူ ၂၀ ကျော်သည် အံ့အားသင့်သွားကြပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

"သူ ဘယ်စည်းကမ်းကို ပြောင်းလိုက်တာလဲ”

"မသိဘူးလေ။ သူဌေးက ငါတို့ကို အခွင့်အရေးတချို့ပေးပြီး ဟင်းပွဲတွေ မြည်းစမ်းခွင့်ပေးမလို့များလား”

"အိပ်မက်မက်မနေနဲ့။ သူဌေးက နေ့တိုင်းချက်ပြုတ်ပေးဖို့ စိတ်ပါဘူး။ ဘာလဲသိချင်ရင် သွားကြည့်လိုက်လေ”

အသက် ၂၀ အရွယ် လူငယ်တစ်ယောက်က ပြောကာ ပြေးသွားသည်။ ယခုစာကြောင်းနှင့် ယခင်စာကြောင်းကြားရှိ ကွာခြားချက်ကို တွေ့ရှိလိုက်ရပြီးနောက် သူ၏မျက်လုံးများ ပြူးကျယ်သွား၏။

"လခွမ်း။ အဖွဲ့ဝင်တွေဟ။ တစ်ယောက်ယောက်က အဖွဲ့ဝင်ကကတ်တွေ ဝယ်သွားတယ်။ အခု ကတ် ၂၀ မှာ ၁၇ ကတ် ရောင်းထွက်သွားပြီး ၃ ကတ်ပဲ ကျန်တော့တယ်။ လူချမ်းသာတွေ များလှချည်လား”

"ဟူး…”

"လန့်စရာပဲ”

"ဟေး ဒီစားသောက်ဆိုင်က အဖွဲ့ဝင်တွေအကုန်လုံးက အရည်အချင်းရှိသူတွေချည်းပဲ။ ငါ ဒီနေရာကို အရမ်းသဘောကျတယ်။ ဘာလို့လဲဆိုတော့ ဒီမှာ သန်းကြွယ်သူဌေးတွေအများကြီးကို နေ့တိုင်းတွေ့နိုင်တယ်လေ…”

-အခန်း(၃၈၃)ပြီး

wunzinnosp

## အခန်း(၃၈၄-က) မုန့်မုန့်၏တိုင်တန်းမှု(၁)

ဆိုင်အပြင်ဘက်တွင် ဖြစ်ပျက်နေသည်ကိုမြင်တော့ ရှုယုံ ကျေနပ်စွာဖြင့် ခေါင်းညိတ်လိုက်၏။

အချိန်နှင့်အမျှ လူတော်တော်များများသည် စားသောက်ဆိုင်ငယ်လေးအား အဆင့်မြင့်၍ ခမ်းနားသည့် ကိုယ်စားပြုမှုတစ်ခုအဖြစ် သူတို့၏စိတ်ထဲတွင် မှတ်ယူသွားကြ ပေမည်။

သူလည်း ဂုဏ်ယူသလိုခံစားမိသည်။

လျန်ဟောင်သည် ကျောက်ဖုန်းအမြဲထိုင်နေကျနေရာတွင် လျန်မုန့်ချီနှင့်အတူ ဝင်ထိုင်လိုက်သည်။

"အဲဒီနှစ်ယောက်က အရမ်းချမ်းသာတယ်နော်။ မန်ဘာ ကတ်နှစ်ခုကို တန်းပြီး ဝယ်ပစ်လိုက်တာ" ကျောက်ဒါပဲက တိုးတိုးလေးပြောသည်။

သူ၏စကားကို ကြားပြီးနောက် လျန်ဟောင် ပြုံးကာ ခေါင်းယမ်းလိုက်သည်။

သေချာပေါက် သူတို့က ချမ်းသာကြပေသည်။ ထို လူ၏နာမည်ကတ်နှင့် ပုံပန်းသွင်ပြင်ကိုကိုကြည့်၍ သူ တို့၏ဇစ်မြစ်ကို သူ မှန်းဆမိခဲ့သည်။

သူသည် ဟွာနိုင်ငံ(တရုတ်နိုင်ငံ)ရှိ အင်တာနက်ကုမ္ပဏီ ကြီးငါးခုအနက် တစ်ခုဖြစ်သော အနောက်ပိုင်းလေကြောင်း အန်းယုနည်းပညာကုမ္ပဏီ(Western Airlines An Yu Technology) ၏ဥက္ကဋ္ဌ မစ္စတာရှန်းဖြစ်သည်။

နာမည်ကြီးထိပ်တန်းသူဌေးတစ်ဦးအနေဖြင့် သူသည် ယွမ်ဘီလီယံ ၁၃၀ ချမ်းသာသည်။

သာမန်လူများ တွင်ကျယ်စွာအသုံးပြုသည့် ဖိုင်းယား ဝေါ(Firewalls) ကဲ့သို့သော ကွန်ယက်ကာကွယ်မှု(Network Defense)တွင် အဓိကပါဝင်နေသောကြောင့် အန်းယုနည်း ပညာကုမ္ပဏီအကြောင်းကို လူတော်တော်များများ သိကြ

သည်။ ထို့ပြင် ၎င်းသည် စီးပွားရေးလုပ်ငန်း(Enterprise)ကြီးများစွာနှင့် ပူပေါင်းဆောင်ရွက်မှုများလည်းရှိပြီး အစိုးရအာဏာပိုင်များနှင့် နက်ရှိုင်းသည့် ပူပေါင်းမှုများပင် ထူထောင်ထားသည်။

ပါတီပွဲများကို တက်ရောက်လေ့မရှိသည် မစ္စတာရှန်းမှာ သူ၏နာမည်ဂုဏ်သတင်း၌ အတော်လေးလူသိနည်းလှ၏။ သူသည် လျှိုချင်းဖုန်းလောက် နာမည်မကြီးသော်လည်း မည်သူမျှ သူ၏အဆင့်အတန်းကို အထင်မသေးကြ။

ဤစားသောက်ဆိုင်၌ ထိုကဲ့သို့အကောင်ကြီးတစ်ယောက် ပေါ်လာလိမ့်မည်ဟု သူ မမျှော်လင့်ထားခဲ့ချေ။ လျန်ဟောင်သည် သူ၏ဆောင်ရွက်ချက်များကို ပို၍သိသည်။

သူ၏ဦးဆောင်မှုအောက်တွင် သူ၏ကုမ္ပဏီမှာ တဖြည်းဖြည်းကြီးမားလာခဲ့ပြီး အတော်လေး ဒဏ္ဍာရီဆန်ခဲ့သည်။ လျန်ဟောင်သည် အန်းယုနည်းပညာကုမ္ပဏီမှ မစ္စတာရှန်းသည် ကွန်ယက်နည်းပညာ(Network Technology) တွင်

ထူးခြားပြောင်မြောက်စွာ နားလည်ထားပြီး တစ်ချိန်က သူ့အား အနက်ရောင်တစ္ဆေဟု နာမည်ပြောင်ရှိကြောင်း မိသားစု အကြီးအကဲများထံမှ ကြားသိခဲ့ရသည်။

ထိုနာမည်ကို လူအနည်းငယ်သာ ကြားဖူးနိုင်သော်လည်း ဟက်ကာလောကတွင်တော့ ထိုနာမည်သည် လူများ စွာ၏ရှိသေလေးစားမှုကို ခံယူနိုင်လေသည်။

အကြောင်းအရင်းမှာ ထိုနာမည်သည် ကမ္ဘာပေါ်ရှိ ထိပ်ဆုံး ဟက်ကာ သုံးယောက်အနက်မှ တစ်ယောက်၏သင်္ကေတဖြစ် နေသောကြောင့်ပင်။

သူ့ရဲ့အောင်မြင်မှုတွေနဲ့ ယှဉ်လိုက်ရင် ငါက ဘာမှမဟုတ် တော့ဘူး...

လျှန်ဟောင် စိတ်ထဲ၌ ခံစားချက်များဖြင့် သက်ပြင်းချ လိုက်၏။

အချိန်တိုအတွင်း မန်ဘာကတ်သုံးကို ရှောင်းချခဲ့သည် အား တွေ့သည့်အခါ ပီရာဆန်၏မျက်နှာမှာ ရှုံ့မဲ့သွားသည်။

သူတို့က ယွမ်သန်း ၃၀ သုံးခဲ့တာလား။ ဝိုး သူဌေးတွေပဲ...

ငါ့မှာလည်း ယွမ် ၁၀ သန်းတန် မန်ဘာကတ်တစ်ခုရှိတယ်။ ငါလည်း သူဌေးတစ်ယောက်ပါဟ...

အချိန်အတန်ကြာစဉ်းစားပြီးနောက် ပီရာဆန်သည် သူ၏မန်ဘာကတ်အား အိတ်ကပ်ထဲမှ ထုတ်လိုက်ပြီး ၎င်းကို ကျေနပ်စွာကြည့်လိုက်၏။ ထိုနောက် ပြန်ထည့်လိုက်သည်။

နေ့လည်စာမှာ ခဏအကြာတွင် အဆင်သင့်ဖြစ်သည်။ ကျွန်းဟန်က မုန့်မုန့်အတွက် ပန်းကန်များယူလာပြီး သူကိုယ်တိုင် ဒုတိယထပ်သို့ ယူသွားသည်။

အဖွဲ့ဝင်များကလည်း သူတို့၏အစားအသောက်ကိုယူရန် ထသွားကြ၏။ လူတိုင်း ပုစွန်သုံးကောင်ခန့်ရရှိပြီး အခြားဟင်းများမှာလည်း သိပ်မများချေ။

"ဒါက အာဟာတ်ပုဇွန်လား။ အနံ့ကမွှေးနေတာပဲ" ပီရာဆန်သည် မျက်လုံးများကိုမှိတ်ကာ အနံ့ကို သေသေချာချာရှူလိုက်၏။

"မင်း ဒီဟင်းကို သိတာလား" ဝမ်ချမ်းက ပြုံးကာ ပြောသည်။

"သိတာပေါ့။ အဲဒါ သက်ကြီးရွယ်အိုတွေအတွက် ဂုဏ်ပြုဟင်းပွဲတွေထဲကတစ်ခုပဲ။ တရုတ်လူမျိုးတွေရဲ့ ဂုဏ်ပြုဟင်းပွဲလိုမျိုး ဒေသအသီးသီးက ထူးခြားမှုတွေနဲ့ပတ်သက်တဲ့ ဗဟုသုတတွေ ကျုပ်အများကြီးသိတယ်။ ကံမကောင်းတာက ကျုပ် အဲဒီဟင်းပွဲတွေထဲက ဆယ်ပုံတစ်ပုံ ဆယ်ပုံနှစ်ပုံလောက်ပဲ မြည်းစမ်းဖူးတယ်" ပီရာဆန်က သက်ပြင်းချသည်။ "တရုတ်လူမျိုးတွေက နယ်မြေကျယ်ပြောပြီး သယံဇာတတွေပေါများတယ်။ ကျုပ် အဲဒီအရသာရှိတဲ့အစားအသောက်တွေအကုန်လုံးကို မြည်းစမ်းနိုင်ဖို့ကတော့ အဝေးကြီးလိုပါသေးတယ်"

"ဒီ အာဟာတ်ပုဇွန်က ပေကျင်းရဲ့ထူးခြားတဲ့ ပုဇွန်သုံးမျိုး ထဲမှာ ဒုတိယအဆင့်ရှိတယ်။ ပြီးတော့ အဲဒါက ပေကျင်းရဲ့ ထန်အစားအစာတွေထဲမှာလည်း ပါဝင်တယ်"

ဝမ်ချီရှန်က ခေါင်းယမ်းလိုက်ပြီး ပြန်စဉ်းစားကာ "ငါ ပေကျင်းကို နောက်ဆုံးတစ်ခေါက်ရောက်တုန်းက ဒီဟင်းကို အများဆုံးစားဖြစ်တယ်။ ဒီဟင်းက ပုံသဏ္ဍာန်ကိုအဓိကထား တဲ့ အနုပညာမြောက်တဲ့ဟင်းမျိုးပဲ။ စားဖိုမှူးက ပုဇွန်တွေကို အပိုင်းနှစ်ပိုင်းခွဲပေးတယ်။ ရှေ့ပိုင်းကို နီနီရဲရဲလေးဖြစ်သွား အောင် အပူပေးပြီး အချို အငန် အရသာညီမျှသွားအောင်လုပ် တယ်။ နောက်တစ်ပိုင်းကိုကျ အခွံချွတ်ပြီး ရွှေဝါရောင်ဖြစ်တဲ့ အထိ ကြွပ်ကြွပ်လေးကြော်တယ်။ သူ့ရဲ့ပုံသဏ္ဍာန်က ဗိုက်ပူပူ နဲ့မလို့ သူ့ကို အာဟာတ်ပုဇွန်လို့ခေါ်တာ"

"အိုး ကျုပ်သိပြီ ကျေးဇူးပါ အန်ကယ်ဝမ်" စကားပြောပြီး နောက် ပီရာဆန်သည် လက်နှစ်ဖက်ကိုပွတ်ကာ စိတ်လှုပ်ရှား

စွာဖြင့် "မြည်းကြည့်ဦးမယ်။ သေချာပေါက် အရမ်းအရသာရှိမှာ"

ထိုနောက် ပုဇွန်ကို စတင်စားတော့သည်။ ၎င်းကို သူ့ပါးစပ်ထဲ ထည့်လိုက်ပြီးနောက် သူ၏စွမ်းဆောင်ရည်များက ပြန်ပေါ်လာသည်။

"ဝါး... နူးညံ့ပြီး မွှေးနေတာပဲ။ ကြွပ်ရွပြီး အရသာရှိလိုက်တာ..."

ထိုအချိန်တွင် အခြားစားသုံးသူများသည်လည်း သူတို့၏အစားအသောက်ထဲ၌ အာရုံနစ်မြုပ်နေကြသည်။

ပြတင်းပေါက်နားရှိ စားပွဲတွင်ထိုင်သည့် မစ္စတာရှန်းသည် ပုဇွန်ကို အရင်မစားဘဲ မှိုခြောက်နှင့် ဘရိုကိုလီကို အရင်မြည်းကြည့်သည်။

မှိုကို ကိုက်လိုက်ပြီးနောက် မစ္စတာရှန်း မျက်လုံးမှား မိတ်ကာ တိုးတိုးလေးရေရွတ်သည်။ "ငယ်ငယ်က အမေချက်ပေးတဲ့ ဟင်းလျှိုမျိုးပဲ။ တကယ်အရသာရှိတယ်...”

ထိုအချိန်တွင် ဒုတိယထပ်ရှိ မုန့်မုန့်သည်လည်း ပျော်ရွှင်စွာ စားသောက်နေသည်။

"မှိုတွေက အရမ်းအရသာရှိတယ်။ ပုဇွန်ကြီးကလည်း အကြီးကြီး။ ဖေဖေချက်ပေးတဲ့ဟင်းတွေက အရသာအရှိဆုံးပဲ။ ဖေဖေက အတော်ဆုံး”

မုန့်နို့က ဝိုးတဝါးရေရွတ်သည်။

"သမီးကြိုက်ရင် များများစား” ကျန်းဟန်က ကျေနပ်စွာ ပြုံးလိုက်သည်။

"ဟင့်အင်း။ မေမေကပြောထားတယ်။ ဗိုက်ပြည့်လွန်အောင် အများကြီးမစားရဘူး။ နည်းနည်းလောက် ချန်ထားရမယ်တဲ့” မုန့်မုန့်က လေးနက်စွာ ပြောသည်။

"ဘာမှမဖြစ်ပါဘူး။ သမီးစားချင်ရင် စားလို့ရတယ်” ကျန်းဟန်က နူးညံ့စွာပြုံး၍ ပြောလိုက်သည်။

"အမ်ဟမ်... ဒါဆို သမီး နောက်ထပ် သုံးကိုက်လောက်ထပ်စားမယ်... ရလား”

"သမီး ကြိုက်သလောက်သာစား”

...

မုန့်မုန့်နှင့်အတူရှိနေသည့်အချိန်တိုင်း ကျန်းဟန် အလွန်နွေးထွေးသည်။ မိသားစုဝင်များအားလုံး အတူတူဆုံစည်းနိုင်သည့်အခါ ပို၍ကောင်းမွန်လာမည်မှာ သေချာ၏။ သို့သော် ဇီယန်သည် သူမ၏အိပ်မက်များကို အကောင်အထည်မဖော်ရသေးသဖြင့် ရှန်းကန်နေရသည်။ ထို့ကြောင့် ကျန်းဟန်သည် သူမလုပ်ချင်တာမှန်သမျှ လိုက်လုပ်ပေးခဲ့၏။

ပျော်ရွှင်သည့်အချိန်များက အမြဲတမ်း မြန်ဆန်သည်။

နှစ်နာရီခန့်တွင် စားသုံးသူများ ဆက်တိုက် ပြန်ထွက်သွားကြ၏။ ရှုယုံသည် ပထမထပ်ရှိ စားပွဲတစ်ခုတွင်ထိုင်ကာ လက်ထဲ၌ ဘီယာတစ်ဘူးနှင့် မိုဘိုင်းဂိမ်းကစားနေသည်။

ကျန်းဟန်နှင့် မုန့်မုန့်သည် ဒုတိယထပ်တွင် ဇီယန်နှင့် ဗီဒီယိုကော ခဏပြောကြသည်။ ထိုနောက် ပထမထပ်သို့ဆင်းကာ မုန့်မုန့်က အရုပ်များဖြင့် ကစား၏။

လေးနာရီထိုးခါနီးတွင်။

ပန်းရောင်ဖျော့ဖျော့ ဘန်တလေတစ်စီးသည် စားသောက်ဆိုင်ရှေ့ ကားပါကင်၌ ဖြည်းညှင်းစွာ ရပ်တန့်သွားသည်။

"ဘန်း”

အရပ်ရှည်ရှည်အမျိုးသမီးတစ်ဦး ခရီးသည်ခုံမှ ဆင်းလာပြီး စားသောက်ဆိုင်၏နာမည်ဆိုင်းဘုတ်ကို ပြုံး၍ ကြည့်လိုက်သည်။ သူမက ချောင်လောလောပင်။

ဤအချိန်တွင် သူမသည် ဘေးဘက်တွင် အနည်းငယ် လှစ်ဟာပြထားသည့် ဝတ်စုံရှည်ကို ဝတ်ဆင်ထားသည်။ ငွေရောင်လက်ကိုင်အိတ်နှင့် ဒေါက်မြင့်ဖိနပ်ကို စီးထားသည်။ သူမ ဆိုင်ထဲသို့ လျှောက်ဝင်လာ၏။

လှည့်ပတ်ကြည့်လိုက်ပြီးနောက် ကျန်းဟန်က ဆိုဖာပေါ်တွင် ထိုင်နေပြီး ကလေးမလေးက လမ်းလျှောက်လာသည်ကို တွေ့လိုက်ရသည်။

"ဒေါက်… ဒေါက်… ဒေါက်…"

သူမ၏ဖနောင့်နှင့် ကြမ်းပြင်ထိလိုက်တိုင်း ဒေါက်ဖိနပ်သံက တစ်ချက်ချင်းထွက်ပေါ်လာပြီး ၎င်းက ရှုယုံ၏အာရုံကို ဆွဲဆောင်သွားသည်။

သူသည် သူမအား လှမ်းကြည့်လိုက်ပြီး "အမျိုးသမီး စားသောက်ဆိုင်က မဖွင့်သေးပါဘူး။ မင်းဘာတာ စောလွန်းနေတယ်"

"ကျွန်မက အရမ်းစောလွန်းနေတာလား" ချောင်လောလော ရပ်တန့်လိုက်သည်။ သူမ ရှုယုံကို ကြည့်လိုက်ပြီးနောက် နေကာမျက်မှန်ကိုချွတ်ကာ "ကျွန်မကတော့ နောက်ကျနေတာလို့ ထင်တယ်"

သူမစကားဆုံးသည့်အခါ ကျန်းဟန်အား လှမ်းကြည့်လိုက်ပြီး ရွှင်မြူးစွာဖြင့် ပြောလိုက်သည်။ "ရှင်ဘယ်လိုထင်လဲ ကျန်းဟန်"

ရှုယုံ အံ့အားသင့်သွားသည်။

သူမက သူ့ငွေးကိုသိတာလား...

ဖြစ်ပျက်သွားသည်ကိုမြင်တော့ ရှုယုံ တိတ်ဆိတ်သွားသည်။ သူမက သူ့ငွေးကိုသိနေမှတော့ သူ တားနေရန် မလိုတော့။

ကျန်းဟန်က ဘာမှပြန်မပြောဘဲ ချောင်လောလောကို ကြည့်လိုက်၏။

ချောင်လောလော ဤနေရာတွင် ပြဿနာရှာတော့မည်ကို သူ ခပ်ရေးရေး သဘောပေါက်လိုက်သည်။

မတော်တဆမှုမဖြစ်ခင်က ချောင်လောလော သူ့အား ဖုန်းဆက်ခဲ့သည်ကို သူ မှတ်မိနေသေးသည်။

သူမကို စွန့်ပစ်ခဲ့သည့်တစ်ဦးတည်းသောသူမှာ သူဖြစ်ကြောင်း ပြောခဲ့ဖူး၏။

သူမသည် အခြားသူများ၏စွန့်ပစ်ခြင်းကို ဘယ်တုန်းကမှ မခံခဲ့ရကြောင်း၊ သူမ သူ့အား ထာဝရမုန်းနေမည်ဖြစ်ကြောင်း ပြောခဲ့သည်။

သူမအား ထိုကဲ့သို့ဆက်ဆံခဲ့သည့်အတွက် တစ်နေ့တွင် သူ နောင်တရရမည်ဟု ပြောခဲ့၏။

သူမရဲ့အချစ်က အမုန်းအဖြစ် ပြောင်းလဲသွားတာလား...

ငင်းက သိပ်ပြီး မလျော်ကန်ချေ။ သူမသည် သူတို့၏အချစ်ရေးကို အစွဲအလန်းကြီးကာ ချစ်တီးခေါင်းသန်းရှာနေသည်ဟု

ကျန်းဟန် ထင်ခဲ့သည်။ မဟုတ်ပါက သူမ သူ့အား ဤမျှ မက်ဆွေ့ချ်ပေါင်းသောင်းခြောက်ထောင် ပို့မည်မဟုတ်ချေ။ ၎င်းကို သေသေချာချာတွေးကြည့်ပြီးနောက် ကျန်းဟန် စိုးရိမ်သွားသည်။

သူမ ရောက်ရှိလာခြင်းက ကျန်းဟန်၏ခံစားချက်များကု အပြောင်းအလဲဖြစ်စေခဲ့သည်။

သူ လိပ်ပြာလုံသည်။ ထို့ပြင် သူ့တွင် ရည်းစားရှိခဲ့ဖူး ကြောင်း ဇီယန် သိရှိ၏။

သို့သော် ဇီယန်နှင့် ရင်းနီးသည့်ဆက်ဆံရေးရှိလာသည့် အချိန်ကတည်းက အနာဂတ်တွင် သူသည် အခြားအမျိုးသမီး များနှင့် လုံး၀ ရင်းရင်းနှီးနှီးနေမည်မဟုတ်ချေ။

ကျန်းဟန် ထိုသို့မလုပ်နိုင်ရုံသာမက သူကိုယ်တိုင်းလည်း အခြားအမျိုးသမီးဂများနှင့် မနီးကပ်ချင်။

သူ ပြန်လည်မွေးဖွားလာပြီးချိန်က ဇီယန်ကိုပင် သူ အလေးအနက်မထားခဲ့ချေ။ ကျန်းဟန်သည် ကျင့်ကြံခြင်းကမ္ဘာတွင် သူတော်စင်မိန်းမပျိုများစွာကို မြင်တွေ့ခဲ့ဖူးသောကြောင့် ရုပ်ရည်အသွင်အပြင်က သူ့အား အထင်ကြီးစေခြင်းမရှိချေ။ ဇီယန်ကလည်း ရံဖန်ရံခါပြောဖူးသည်။ သူမက အလွန်သဝန်တို တတ်ဆဲဖြစ်၏။

သို့သော် ယခုတော့ သူ၏သဘောထားက ပြောင်းလဲသွားပေပြီ။ မုန့်မုန့်နှင့် ဇီယန်က သူ၏နှလုံးသားကို လုံး၀ သိမ်းပိုက်ထားသည်။

ထို့ကြောင့် သူသည် အခြားအမျိုးသမီးများနှင့် မပတ်သက်လို။ အထူးသဖြင့် သူ၏ရည်းစားဟောင်းများဖြင့်ပင်။

"ဘာကိစ္စလဲ" ကျန်းဟန်က တုံးတိတိပြောသည်။

ကျန်းဟန်၏လေသံကို ကြားပြီးနောက် ချောင်လောလော မသိမသာ နှာချောင်းရှုံ့လိုက်၏။

သူမ ဆိုဖာဆီ လျှောက်လာပြီး ပြုံးစိစိဖြင့် "ဘာဖြစ်နေတာလဲ။ ရှင့်ရဲ့ရည်းစားဟောင်းကို မကြိုဆိုဘူးလား"

"ဖူး..."

ရှုယုံ ပါးစပ်ထဲမှရော နှာခေါင်းထဲမှပါ ဘီယာများ ထွက်လာပြီး စားပွဲတစ်ခုလုံး စိုရွှဲသွား၏။ သူ လက်သုတ်ပဝါကို အမြန်ထုတ်ကာ စားပွဲကိုသုတ်လိုက်ပြီး အပြင်ထွက်ရန် ပြင်လိုက်သည်။

"ဟမ်"

မုန့်မုန့်၏မျက်လုံးများ ပြူးကျယ်သွားသည်။ "ချစ်သူလား"

"မဟုတ်ဘူး" မုန့်မုန့်က နှုတ်ခမ်းဆူလိုက်ပြီး မကျေမနပ်ဖြင့် "သမီးဖေဖေမှာ မေမေနဲ့ သမီးပဲရှိတာ။ တခြားဘယ်သူမှ မရှိဘူး"

"ဟားဟား... ဒါက ရှင့်သမီးလား။ သူမက တကယ် ချစ်စရာလေးပဲ"

ချောင်လောလောက ပြုံးနေသော်လည်း မုန့်မုန့်က သူမကို လုံးမ မနှစ်သက်ချေ။

သူမက အရမ်းစိတ်ရှုပ်ဖို့ကောင်းတယ်...

ဖေဖေကို မေမေနဲ့ ငါက လွဲပြီး ဘယ်သူမှ မပိုင်ဘူး...

မုန့်မုန့်၏ပိုင်ဆိုင်လိုသည့်ဗီဇက နိုးကြွလာသည်။

ဆိုလိုသည်မှာ သူမ ချက်ကောင်းကိုထိသွား၏။ သူမလေးသည် ကျန်းဟန်၏ရင်ခွင်ထဲမှီကာ သူမ၏လက်ကလေးများဖြင့် ကျန်းဟန်၏လည်ပင်းကို သိုင်းဖက်ပြီး ချောင်းလောလောကို တောက်ပသော မျက်လုံးဝိုင်းများဖြင့် စိုက်ကြည့်လျှက် တစ်လက်မမျှ အလျှော့မပေးဘဲ ငြင်းဆန်လိုက်သည်။

မုန့်မုန့်၏အသွင်ကိုကြည့်ပြီး ကျန်းဟန်၏ခံစားချက်များ ရောထွေးလာသည်.

သူသည် မုန့်မုန့်၏အချစ်ဆုံးရတနာတစ်ပါးဖြစ်လာသလို ပင်။

မုန့်မုန့်သည် သူမ တန်ဖိုးထားသည့်အရာကို အခြားသူများအား လုယူခွင့်မပြုနိုင်ချေ။

မုန့်မုန့်၏သဘောထားကြောင့် သူ အမှန်တကယ် ကြည်နူးသွားပြီး သူ့ရှေ့တွင် ရပ်နေသည့် ချောင်လောလောကိုလည်း သူ၏သဘောထားကို ပြသလိုက်သည်။ သူသည် တည်ငြိမ်စွာဖြင့် "မင်းမှာ ပြဿနာရှိလို့လား"

"ဒါပေါ့"

ကျန်းဟန်၏အကြည့်ကိုမြင်တော့ ချောင်လောလော ပို၍စိတ်တိုလာသည်။ သူမ မပျော်မရွှင်ဖြစ်လေလေ သူမ၏အပြုံးက ပို၍ ပီပြင်လာလေပင်။ "ရှင်စားသောက်ဆိုင်ဖွင့်ထားတယ်ကြားတယ်။ ဒါကြောင့် ရှင့်ကို ဂုဏ်ပြုပေးရအောင် ကျွန်မ အမြန်လာခဲ့တာ။ မာနကြီးတဲ့သခင်လေးကျန်းတစ်ယောက်တည်းကပဲ မန်ဘာကတ်တစ်ကတ်ကို ယွမ် ၁၀ သန်းနဲ့ရောင်းမှာလေ။ ဒါကြောင့် ကျွန်မ မန်ဘာကတ်တစ်ကတ် ဝယ်မလို့။ ရှင်အံ့သြသွားလား"

ရှင်အုံသြသွားလား...

မင်းမေးချင်တာက ဟောဘင်ကောင်မှာ ငါ့ရဲ့ဘဝကို သက်တောင့်သက်သာရှိရဲ့လားလို့လား...

ဒါက သူမ ဖော်ပြချင်တာလား...

"ငါ ငြင်းတယ်" ကျန်းဟန်က ပြောပြီးသည်နှင့် အဝေးကို ကြည့်လိုက်သည်။

"ရှင် ကျွန်မကို ငြင်းတာလား။ ရှင်... ကျွန်ကို ကြောက်နေတာလား" ချောင်လောလောက ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

"ကြောက်တာလား"

-အခန်း(၃၈၄-က)ပြီး

wunzinnosp

## အခန်း(၃၈၄-ခ) မုန့်မုန့်၏တိုင်တန်းမှု(၂)

“ကြောက်တာလား”

ကျန်းဟန် ရယ်မောလိုက်ပြီး “ငါတို့ရဲ့ကတ်တွေကို စားပွဲပေါ် တင်မထားပေမယ့် ဘာတွေဖြစ်ခဲ့လဲဆိုတာ ငါတို့နှစ်ယောက်လုံး ရှင်းရှင်းလင်းလင်းသိနေတာပဲ။ ဘာမှ ထပ်ပြီးပြောနေစရာမလိုဘူး။ ငါ့ကို ထပ်ပြီး မနှောင့်ယှက်နဲ့။ ရှုယုံ သူမကို လိုက်ပို့လိုက်”

ကျန်းဟန်၏သဘောထားကြောင့် ချောင်လောလော ဒေါသပုန်ထသွားသည်။

"ရှင်က ကျန်းမိသားစုရဲ့သခင်လေးမဟုတ်တော့ဘဲနဲ့ ဘာလို့ မောက်မာနေရတာလဲ”

သူမ အနည်းငယ် အကူအညီမဲ့နေပြီး ပထမဆုံးကစားပွဲတွင် ရှုံးနိမ့်သွားပုံပေါ်သည်။

"အမျိုးသမီး ကျေးဇူးပြုပြီး”

ထိုအချိန်တွင် ရှုယုံက ဘာတွေဖြစ်နေလဲ သိသွားသဖြင့် ချောင်လောလောဆီသွားကာ လက်ဟန်ပြလိုက်သည်။

"နောက်တစ်ခေါက် တွေ့ကြတာပေါ့" ချောင်လောလော က ပြောလိုက်ပြီးနောက် မုန့်မုန့်ကို လက်ဝှေ့ယမ်းပြကာ "ချစ်ချစ်လေး ဂွတ်ဘိုင်နော်"

"ဟမ့်"

မုန့်မုန့်က နှာခေါင်းရှုံ့လိုက်ပြီး သူမအား မကြည့်ဘဲ အကြည့်လွှဲလိုက်သည်။

ငါ သူ့ကို မနှုတ်ဆက်ချင်ဘူး...

မုန့်မုန့်၏အပြုအမူကိုမြင်တော့ ချောင်လော့ လှည့်ထွက်သွားပြီး သူမနောက်တွင် ရယ်မောသံကို ချန်ထားခဲ့လေသည်။

သို့သော် သူမ ဆိုင်ထဲမှ ထွက်လာပြီးနောက်တွင်တော့ ရယ်မောနေသည်ကို ရပ်တန့်လိုက်ပြီး သူမ၏မျက်နှာပေါ်တွင် တိမ်မဲများဖုံးလွှမ်းသွားသည်။ သူမ ကားဆီ ပြန်လျှောက်လာပြီး

လက်သီးကိုတင်းတင်းဆုပ်ကာ ယာဥ်မောင်းအား ညွှန်ကြားလိုက်၏။

"ရီချန်းနည်းပညာကုမ္ပဏီ(Yicheng Technology)ကို သွားပါ"

"ဟုတ်ကဲ့"

ကားမှာ မောင်းထွက်သွားပြီး တောင်ပိုင်းကျွန်း၏အရှေ့ပိုင်းခရိုင်ရှိ ရီချန်းနည်းပညာကုမ္ပဏီတွင် ရပ်တန့်သွားသည်။

ရီချန်းနည်းပညာကုမ္ပဏီသည် ချောင်မိသားစု၏လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သည်။ ချောင်လောလော လူကိုယ်တိုင်ရောက်ရှိလာကြောင်း သိရှိပြီးနောက် ကုမ္ပဏီဥက္ကဌသည် သူ့အား ကိုယ်တိုင်ကိုယ်ကျ လာရောက်နှုတ်ဆက်၏။

"ကျွန်မကို လုံခြုံရေးနည်းပညာဒါရိုက်တာဆီ ခေါ်သွားပေးပါ" ချောင်လောလောက သူ့အား တန်း၍ အမိန့်ပေးသည်။

ထိုနောက် သူတို့ ဒါရိုက်တာ၏ရုံးခန်းသို့ သွားကြပြီး ၎င်းရှေ့တွင် သူမ လက်ကိုဝှေ့ယမ်းကာ သူတို့အား သူမနောက်မှ ဆက်မလိုက်ရန် တားလိုက်သည်။

"မစ္စချောင်"

"ဒါရိုက်တာက ချောင်လောလောနှင့်အတူ ရုံးခန်းထဲသို့ ဝင်သွား၏။ သူမ၏ရည်ရွယ်ချက်ကို မသိသဖြင့် သူအရင်ဆုံး ပြောလိုက်သည်။ "မစ္စချောင် ကျူပ်ကို ခိုင်းစရာရှိလို့လား မသိဘူး"

"ဒီ QQ အကောင့်ကို ဟက်လိုက်ပါ"

"ကောင်းပါပြီ" ဒါရိုက်တာက ကွန်ပြူတာရှေ့တွင်ထိုင်ကာ "အကောင့်ကို ပိုပြီးမြန်မြန်ဟက်လို့ရအောင် နောက်ထပ် အချက်အလက်တွေများ သိသေးလား မစ္စချောင်"

"ကျွန်မ အရင်ပတ်စ်ဝေါ့ဟောင်း နှစ်ခုပဲ သိတယ်"

"အဲဒါဆို လုံလောက်ပါပြီ"

"ပတ်စ်ဝါ့တွေက....”

"ကောင်းပါပြီ။ မိနစ် ၂၀ လောက်တော့ ကြာလိမ့်မယ်” ဒါရိုက်တာ၏လက်များမှာ လျင်မြန်စွာလှုပ်ရှားသွားပြီး ကီးဘုတ်ကို နှိပ်လိုက်သည်။

ချောင်လောလောသည် ကျန်းဟန်က သူမ၏မက်ဆေ့ချ်များကို တမင်စာမပြန်တာလား သူမ မက်ဆေ့ချ်များစွာပို့ထားသည်ကို မသိရှိခဲ့တာလား သိချင်နေသည့် စိတ်စွဲလမ်းမှုတစ်ခုရှိသည်။

သူမ၏စာများကို သူတမင်လျစ်လျူရှုထားခဲ့သည်ဆိုပါက သူမ၏လက်စားချေခြင်းမှာ အဆများစွာ ပို၍ပြင်းထန်ပေလိမ့်မည်။

၁၇ မိနစ်ခန့် ကြာပြီးနောက်...

"ကျုပ်ရသွားပြီ” ဒါရိုက်တာသည် သူ၏နဖူးမှ ချွေးများကို သုတ်ကာ ပြောလိုက်သည်။

သူကောင်းကောင်းအစွမ်းပြနိုင်ပါက ချောင်လောလောသူ့အား အထင်ကြီးသွားလိမ့်မည်ဟု သူထင်ခဲ့သည်။

"ရှင်အခု အပြင်ထွက်လို့ရပြီ” ချောင်လောလောက ရုံးစားပွဲတွင် ဝင်ထိုင်လိုက်ပြီး မက်ဆေ့ချ်များကို လိုက်လံကြည့်ရှုသည်။

သူ လွှန်ခဲ့တဲ့ တစ်လကျော်က လော့ဂ်အင်ဝင်ခဲ့တာလား...

သူ ငါ့စာတွေကို ဖတ်ပြီး စာမပြန်တာဆိုရင်တော့ ငါ ဒေါသထွက်ရလိမ့်မယ်...

သူ တခြားသူတွေနဲ့ အဆက်အသွယ်မလုပ်ဘဲ ဒီအကောင့်ကို ပစ်ထားပုံရတယ်။ ဒါပေမယ့် တချို့အီးမေးလ်တွေကို ဒီကနေ ပို့ထားတာ...

ဘာ။ တကယ်တော့ ဟန်ယန်က ရှင်လား...

ချောင်လောလော၏သူငယ်အိမ်များ ရုတ်တရက် ကျုံ့သွားပြီး အံ့အားသင့်သည့်အမူအရာပေါ်လာသည်။ သူမ ရယ်မောလိုက်၏။

စိတ်ဝင်စားစရာပဲ။ ရှင်က စွယ်စုံရတယ်ဆိုတာ ကျွန်မ ဘယ်လိုလုပ် မသိရပါလိမ့်...

ချောင်လောလောသည် လက်ဖက်ရည်သောက်ရင်း မက်ဆေ့ချ်များကို လိုက်ဖတ်ကြည့်သည်။ ခြောက်နာရီထိုးခါနီးတွင် အောက်သို့ ပြန်ဆင်းလာပြီး ကားပေါ်တက်လိုက်၏။

"အဲဒီစားသောက်ဆိုင်ကို ပြန်သွား”

"အင်း”

...

မုန့်မုန့် အပန်းဖြေရာစားသောက်ဆိုင်တွင်...

ချောင်လေးလေး ထွက်သွားပြီးနောက် မုန့်မုန့်သည် နှုတ်ခမ်းလေးစူကာ ကျန်းဟန်အား စိုက်ကြည့်ရင်း "ဖေဖေ သူမက ဘယ်သူလဲ"

"အာ..."

ကျန်းဟန် ခဏလောက် စဉ်းစားလိုက်ပြီး "ဖေဖေ အရင်က သိခဲ့တဲ့လူတစ်ယောက်ပါ"

"ဟွန့် မုန့်မုန့် သူမကို သဘောမကျဘူး"

"အင်း... အခု မုန့်မုန့်က သူမကို သဘောမကျဘူးဆိုတော့ ဖေဖေလည်း သဘောမကျဘူး" ကျန်းဟန်က ပြုံးကာ မုန့်မုန့်၏ခေါင်းလေးကို ပုတ်လိုက်သည်။

သူ၏စကားကို ကြားပြီးနောက် မုန့်မုန့်သည် ကြည်လင်နေသည့်မျက်လုံးဝိုင်းများက စဉ်းစားတွေးတောနေသည့် အလင်းများဖြင့် တောက်ပနေပြီး ဘေးနားတွင် ကျေနပ်စွာထိုင်

လိုက်ကာ ရေရွတ်လိုက်သည်။ "အင်း... ဖေဖေ မုန့်မုန့် ဖေဖေ့ ဖုန်းထဲက ဓာတ်ပုံတွေကြည့်ချင်တယ်"

"ကောင်းပြီ" ကျန်းဟန်က ဖုန်းကိုထုတ်လိုက်ပြီး အယ်လ်ဘမ်ကို ဖွင့်လိုက်ပြီး မုန့်မုန့်အား ဓာတ်ပုံများပြသည်။ "ဒါကို ကြည့်။ ဒီပုံကို ဘယ်မှာရိုက်ခဲ့တာလဲ မှတ်မိသေးလား"

"အင်း အဲဒါ အပန်းဖြေဥယျာဉ်မှာ။ မုန့်မုန့် အပန်းဖြေ ဥယျာဉ်သွားရတာကို ကြိုက်တယ်"

မုန့်မုန့်က ရယ်မောလိုက်ပြီး "ဖေဖေ မုန့်မုန့် အုန်းနို့ သောက်ချင်တယ်"

"ဖေဖေ သွားယူပေးမယ်" ကျန်းဟန် ထကာ မီးဖိုချောင်ဆီ လျှောက်သွားသည်။

သို့သော် မီးဖိုချောင်ထဲ၌ အုန်းနို့ပုလင်းကိုယူပြီး ပြန်လှည့်လိုက်သည့်အချိန်တွင် မုန့်မုန့်၏ အလျင်စလိုပြောနေသံကို ကြားလိုက်ရ၏။

"မေမေ မေမေမြန်မြန်ပြန်လာရမယ်။ သူမက ဖေဖေ့ရဲ့ ချစ်သူလို့ပြောတဲ့ လူဆိုးမကြီးတစ်ယောက် ဒီကိုရောက်လာတယ်…”

"ဖူး…”

ရှုယုံ သူ့ပါးစပ်ထဲမှ ဝိုင်များ ထွေးထုတ်လုမတတ် ဖြစ်သွားပြီး အနည်းငယ် ကြက်သေသေသွားသည်။

ဘုရားရေ ဒီကလေးမလေးက အရမ်းဉာဏ်ကောင်းတာပဲ…

သို့သော် မုန့်မုန့်၏အမြင်အရ ဖုန်းကွန်တက်စာရင်းတွင် အရှည်ဆုံးနာမည်ဖြစ်သည့် အချစ်လေးယန် သည် သူမ၏မေမေကို ကိုယ်စားပြု၏။ ၎င်းက သူမမေမေ၏နာမည်ကို ပြောင်းထားပြီး မုန့်မုန့် ၎င်းကို စိတ်ထဲမှတ်မိနေသည်။ ထို့ကြောင့် သူမလေးအတွက် ဧယန်အား ဖုန်းခေါ်ရန် အလွန်လွယ်ကူသည်။

ကျန်းဟန်၏နှုတ်ခမ်းများ အနည်းငယ်တုန်ခွသွားပြီး ရှက်ရွံ့စွာဖြင့် ပြန်လျှောက်လာ၏။

ထိုအချိန်တွင် ဇီယန်သည် အဝတ်အစားလဲပြီး အပြင်ထွက်ရန်ပြင်နေချိန် ဖုန်းဝင်လာသဖြင့် ရုတ်တရက် ရပ်တန့်သွားသည်။

လူဆိုးမလား။ ချစ်သူလား...

အဲဒါ ဘာကိုဆိုလိုတာလဲ။ သူ့ရည်းစားဟောင်းလား...

ဇီယန် အနည်းငယ် စိတ်ရှုပ်ထွေးသွားပြီး နားမလည်နိုင်ဖြစ်နေသည်။

မုန့်မုန့်နှင့် အချိန်အတော်ကြာ စကားပြောပြီးနောက် ဖြစ်ပျက်ခဲ့သည်များကို သူမ နားလည်လိုက်သည်။

"ဖေဖေ မေမေက ဖေဖေနဲ့ပြောချင်နေတယ်" မုန့်မုန့်က သူမဘေးနားရှိ ကျန်းဟန်အား ဖုန်းပေးလိုက်သည်။

မုန့်မုန့်သည် အပြစ်ရှိစိတ်ဖြင့် တိုးတိုးလေးရေရွတ်လိုက်သည်။ "သမီး အရုပ်တွေနဲ့ကစားတော့မယ်"

ထိုနောက် သူမလေးသည် ဆိုဖာပေါ်တွင် အရုပ်များဖြင့် ဆော့ကစားနေတော့သည်။ ကံကောင်းထောက်မစွာဖြင့် ထို အခိုက်တွင် စားသောက်ဆိုင်အပြင်ဘက်မှ ဝမ်ရှိဟန်၏ စိတ်လှုပ်ရှားနေသည့် အော်သံကို ကြားလိုက်ရသည်။

"မုန့်မုန့်ရေ မုန့်မုန့် ငါနင်နဲ့ကစားဖို့လာပြီ"

"အမ် ရှိဟန်"

မုန့်မုန့် အံ့အားသင့်စွာ အော်ဟစ်လိုက်ပြီး ဝမ်ရှီဟန်နှင့် အတူ ဒုတိယထပ်သို့ ပြေးသွားသည်။

သူတို့နောက်တွင်တော့ သစ်သီးအိတ်နှစ်ထုပ်ကိုသယ်လာသည့် ဝမ်ကျားဝမ်နှင့် စုယွီက ကျန်းဟန်အား နှုတ်ဆက်သည်။ ကျန်းဟန် ဖုန်းပြောနေသည်ကိုတွေ့သည့်အခါ သူတို့လည်း ကလေးနှစ်ယောက်ကို ဂရုစိုက်ရန် အပေါ်တက်သွားခဲ့သည်။

တကယ်တမ်းတွင် ကျန်းဟန်သည် ဖုန်းပြန်ဖြေသည့် အချိန်၌ ခါးသီးစွာ ပြုံးလိုက်၏။

"ကျန်းဟန် ရှင်က အရမ်းချောမောပြီး ဆွဲဆောင်မှုရှိလွန်းတော့ ရှင့်ရည်းစားဟောင်းက ရှင့်ကို စားသောက်ဆိုင်မှာ လာတွေ့တယ်ပေါ့…”

ဇီယန်၏ရယ်မောသံကို ဖုန်းထဲမှ ကြားလိုက်ရသည်။

သို့သော် ကျန်းဟန် ခေါင်းယမ်းလိုက်သည်။

ထိုအချိန်တွင် ဝမ်ကျားဝမ်သည် သူ့မိသားစုနှင့် ရောက်ရှိလာပြီး နှုတ်ဆက်ခြင်းဖြစ်၏။ ကျန်းဟန် စန္ဒယားရှေ့တွင် ထိုင်ကာ ခါးသီးစွာ ပြုံး၍ ပြောလိုက်သည်။ "အမှန်က အဲဒါ လဆန်းတောင်မှာဖြစ်ခဲ့တာ….”

ကျန်းဟန်က သူမအား အကျဉ်းချုံးရှင်းပြသည်။

"သူမက ဘာလို့ စားသောက်ဆိုင်ကို ရောက်လာတာလဲ။ စားသောက်ဆိုင်ကို ဘယ်လိုရှာတွေ့တာလဲ”

"သူမမိသားစုက ဟောင်ကောင်မှာ။ အသေးစိတ်ကို စကားနည်းနည်းနဲ့ ပြောပြလို့မရဘူး။ စိတ်မပူပါနဲ့ သူမကို ကိုယ်တို့ဘဝကို နှောင့်ယှက်ခွင့်မပြုပါဘူး။ ကိုယ် မင်းနဲ့ မုန့်မုန့် ကိုပဲ ချစ်တယ်" ကျန်းဟန်က ရိုးသားစွာပြောသည်။

ဖုန်းထဲ၌ အသံတိတ်သွား၏။

၁၀ စက္ကန့်ခန့်ကြာပြီးနောက် ဇီယန်၏ တိုးညှင်းသည့်အသံ ကို ကြားလိုက်ရသည်။ "ရှင့်မှာ ရည်းစားတွေရှိဖူးတယ်။ အခု ပထမတစ်ယောက်ပေါ်လာပြီဆိုတော့ အနာဂတ်မှာ ဒုတိယ တစ်ယောက် ပေါ်လာဦးမလား ကျွန်မ မသိဘူး"

"လုံးဝ မဖြစ်ပါဘူး" ကျန်းဟန် အမြန်ပြောသည်။ "ကိုယ့် အတွေးတွေကို မင်းမသိဘူးလား။ ကိုယ်..."

"ဟမ့် ကျွန်မ ရှင့်ကို ခဏလောက်ယုံလိုက်မယ်" ဇီယန်က နှာခေါင်းရှုံ့ပြီး "ရှင်ဘာတွေလုပ်ခဲ့သလဲ ကျွန်မ ဂရုမစိုက်ဘူး။ ဒါပေမယ့် အနာဂတ်မှာတော့..."

"ကိုယ် မင်းတစ်ယောက်တည်းကိုပဲ ချစ်တယ်" ကျန်းဟန်က လေးနက်သည့်အသံဖြင့် ပြောသည်။

"ရှင်ပြောတဲ့စကားတွေကို ကျွန်မ မှတ်ထားတယ်။ ကျွန်မ ရှင့်အနားမှာ မရှိပေမယ့် မုန့်မုန့်က ရှင့်ကို စောင့်ကြည့်နေမှာ။ ကျွန်မ ဖုန်းချပြီ အလုပ်သွားရတော့မယ်"

"အင်း ညကျမှ ပြောကြရအောင်"

ကျန်းဟန် ပြန်ဖြေသည်။

ဖုန်းချပြီးနောက် တိုက်ပွဲတစ်ခုဆင်နွှဲခဲ့ရသလို သူ၏နဖူးတွင် ချွေးများထွက်လာသည်ကို တွေ့လိုက်ရသည်။

သေချာပေသည်။ ဇီယန်အားဂရုစိုက်မှုကြောင့် သူ၏စိတ်များ ပြောင်းလဲသွားခဲ့သည်။

သူမအား ဂရုစိုက်သောကြောင့် ရှင်းပြရန် အတတ်နိုင်ဆုံးကြိုးစားခဲ့ပြီး သူမကို စိတ်ဓာတ်မကျသွားစေလိုချေ။

ကျန်းဟန် ခေါင်းယမ်းလိုက်ပြီး အပေါ်ထပ်သို့သွားကာ မုန့်မုန့်နှင့်အတူကစားရန် ကြံရွယ်လိုက်၏။

ဝမ်ရိုဟန် ရောက်နေသည်ဆိုတော့ ညစာအတွက် အသားဟင်းချက်ရန် လိုအပ်သည်။

အချိန်အတော်ကြာ စဉ်းစားပြီးနောက် အတော်လေးအဆင်ပြေသည့် ဘဲကင်လုပ်ရန် ဆုံးဖြတ်လိုက်သည်။

"ရှုယုံ တောင်ပေါ်သွားပြီး ဘဲနည်းနည်းလောက် ယူခဲ့ပါဦး" ကျန်းဟန် ရှုယုံအား တစ်ချက်ကြည့်ကာ ပြောလိုက်သ်ည။

သို့သော် ရှုယုံက ဘာမှ မတုံ့ပြန်ချေ။ အနီးကပ်ကြည့်လိုက်ရာ သူ၏နားတွင် နားကြပ်တပ်ထားပြီး သီချင်းနားထောင်နေသည်ကို တွေ့လိုက်ရသည်။

သူဖုန်းပြောနေသည်ကိုမြင်တော့ နားကြပ်တပ်ကာ သီချင်းနားထောင်ခဲ့ခြင်းဖြစ်မည်ဟု ကျန်းဟန် မှန်းဆမိသည်။

ထို့ကြောင့် သူ လျှောက်သွားလိုက်ပြီး ရှုယုံ၏ပုခုံးကိုပုတ်ကာ ဘာလုပ်ရမည်ကို ပြောလိုက်သည်။

"ဟုတ်ကဲ့"

ရှုယုံ ခေါင်းညိတ်ပြီး ထွက်သွား၏။

ကျန်းဟန် ဒုတိယထပ်သို့ တက်သွားသည်။

အခြားတစ်ဖက်တွင်...

ဆင်ခြေဖုံးရှိ ရေတံခွန်တစ်ခုနှင့် မနီးမဝေးတွင် ဆရာမား နှင့် အခြားသူများ မော်တော်ယာဉ်အိမ်နားတွင် ရပ်နေကြသည်။

"မိနစ် နှစ်ဆယ်လောက်ရှိပြီ သူမ ဘာလို့ ထွက်မလာသေးတာလဲ" ကျိုးဖေးက စိတ်ရှုပ်ထွေးစွာမေးသည်။

"ကိစ္စမရှိပါဘူး။ ငါတို့မှာ အချိန်တွေအများကြီးရှိတယ်။ စိတ်မပူနဲ့" ဆရာမားက ပြုံးသည်။

"အစ်မယန် မိတ်ကပ်လိမ်းပြီးသွားတော့ ဖုန်းဝင်လာတယ်" မိတ်ကပ်တာဝန်ခံ အမျိုးသမီးက ပြောသည်။

ထိုအချိန်တွင် မော်တော်ယာဉ်အိမ်အတွင်း၌ ဧယန်သည် ဖုန်းချလိုက်၏။

သူမ အနည်းငယ် မပျော်မရွှင်ဖြစ်နေသည်။

"မဖြစ်ဘူး သူက အရမ်းနူးညံ့သိမ်မွေ့လွန်းတယ်။ သူ့ကို ကူညီပေးဖို့ သန်မာတဲ့တစ်ယောက်ယောက်ကို ငါရှာရမယ်"

ဧယန် အနည်းငယ် စိတ်ပူနေသည်။ အချိန်အတော်ကြာ စဉ်းစားပြီးနောက် သူမ လူတစ်ယောက်အား ရုတ်တရက် သတိရသွား၏။

"လီလီနဲ့ ကွတ်တိပဲ"

ထို့ကြောင့် သူမ ဖုန်းကိုထုတ်ကာ ကျန်းလီ၏နံပါတ်ကို ခေါ်လိုက်သည်။

"ဟဲလို လီလီ။ နင့်ယောင်းမက နင့်ကို ဒုက္ခပေးစရာလေး တစ်ခုရှိလို့။ ဒီရက်ပိုင်း နင် စားသောက်ဆိုင်ကို မကြာခဏသွားဖို့လိုမယ်…”

-အခန်း(၃၈၄)ပြီး

wunzinnosp

## အခန်း(၃၈၅) မလိုတမာစိတ်(၁)

ဇီယန်နှင့် ကျန်းလီ ငါးမိနစ်ကြာအောင် စကားပြောခဲ့ကြသည်။

ကျန်းလီက သိချင်စိတ်ဖြင့် မေးခွန်းများစွာမေးခဲ့ပြီးနောက် ဇီယန်က ကျန်းဟန်၏ရည်းစားဟောင်းအကြောင်း ပြောပြခဲ့သည်။

ဇီယန်သည် ၎င်းကို ထုတ်ပြောလိုက်ပြီးနောက် အနည်းငယ် စိုးရိမ်သွားသည်။ ကျန်းလီသည် သူမနှင့်

ကောင်းမွန်သည့် ဆက်ဆံရေးရှိသော်လည်း သူမသည် ကျွန်းဟန်၏ညီမဖြစ်၏။ အကယ်၍ တစ်ခုခုဖြစ်ခဲ့ပါက သူမအစ်ကို ဘက်မှ ရှိနေမည်မှာ သေချာပေါက်ပင်။

သို့သော် သူမ ပြောပြနိုင်သူမှာ ကျွန်းလီမှလွဲ၍ အခြားမည်သူ့ကိုမျှလည်း ရှာမတွေ့။

ထိုနောက် ဇီယန် နှုတ်ဆိတ်သွား၏။

ကျွန်းလီသည် ဇီယန်၏စိုးရိမ်မှုကို သိသည်။ သူမ တံ့ဆိုင်းသွားပြီးနောက် သူမအစ်ကိုအတွက် အာမခံပေးပါမည်ဟု ပြောခဲ့သည်။

"စိတ်မပူပါနဲ့။ အဲဒီရည်းစားဟောင်းဆိုတာ ဘယ်သူလဲ ငါဂရုမစိုက်ဘူး။ ဒီကိစ္စကို ငါနဲ့လွှဲထားလိုက်ပါ။ အဲဒါက မုန့်မုန့်အတွက်ပဲဆိုရင်တောင် သူ သူမကို အဲ့လိုမျိုး မြင်ခွင့်ပေးမှာမဟုတ်ပါဘူး။ ပြီးတော့ နင်က ငါ့ရဲ့ယောင်းမလေ”

ထိုစကားကိုကြားတော့ ဇီယန် စိတ်သက်သာရာရသွားပြီး ပြုံးလိုက်သည်။ "ဒါက မပြင်းထန်ပါဘူး။ ငါ ကျန်းဟန်ကို ယုံကြည်တယ်။ သူနဲ့မုန့်မုန့်ကို နှောင့်ယှက်မှာပဲ ငါစိုးရိမ်တာ"

"ဟားဟား.. ငါသိပါတယ်။ နင်နဲ့ငါ့အစ်ကိုက အရမ်းချိုမြိန်တာပဲ။ ငါ နင်တို့မင်္ဂလာပွဲကို မစောင့်နိုင်တော့ဘူး"

"...’

စကားအနည်းငယ်ပြောပြီးနောက် သူမ ဖုန်းချလိုက်၏။

ကျန်းလီ ခဏလောက် စဉ်းစားပြီးနောက် အစ်ကို လုံ၏ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။ "အစ်ကိုလုံ ငါ့ရဲ့ အချိန်ဇယားကို ၈ နာရီခွဲကနေ ၁၀ နာရီ အထိ အဲ မဟုတ်သေးဘူး ၁၁ နာရီအထိ ပြောင်းပေးပါလား။ ငါအခုတလော အလုပ်များနေလို့။ ချင်းချင်းအတွက်ရောပဲ သူမကိုလည်း ၁၁ ပြောင်းပေးပါလား"

အစ်ကိုလုံက ကျန်းလီ၏ဆောင်းဆိုမှုကို လက်ခံခဲ့သည်။

အပန်းဖြေကား*ပေါ်တွင် ဇီယန်သည် ဖုန်းပြောပြီးနောက် တံခါးဆီ လျှောက်သွားလိုက်သည်။ သူမ ထရပ်လိုက်သည်နှင့် ဖုန်းက ထပ်၍မြည်လာ၏။

(ဘာသာပြန်သူမှတ်ချက် - *အပန်းဖြေကားဆိုတာ အရှေ့ပိုင်းမှာ မော်တော်ယာဉ်အိမ်ဟု သုံးနှုန်းခဲ့ပါတယ်။ ရုပ်ရှင်မင်းသားမင်းသမီးတွေသုံးတဲ့ အဝတ်လဲခန်း မိတ်ကပ်ခန်းပါတဲ့ ဇိမ်ခံကားကြီးကိုပြောတာပါ။)

သူမ ဖုန်းကို ကောက်ကိုင်လိုက်ရာ ထန်ကျားယီခေါ်ဆိုခြင်းဖြစ်ကြောင်း တွေ့လိုက်သည်။ ဇီယန် ဖုန်းပြန်ဖြေလိုက်၏။ "အန်တီထန်"

"ရှောင်ယန် အန်တီ သမီးကို ပြောချင်တာတစ်ခုရှိလို့"

"ဘာများလဲ"

"မကြာခင်က သမီးရဲ့အန်ကယ်ဟောင်က သမီးကို သူ့ကုမ္ပဏီမှာ အလုပ်လာလုပ်စေချင်တယ်လို့ ပြောခဲ့တယ်လေ။

တော်ဝင်အန်တာတိတ်မန့်မှာက သမီးရဲ့ဆွေမျိုးဘာညာလည်း မရှိဘူး။ သမီး ဒီကိုလာလိုက်တာက ပိုပြီးအဆင်ပြေလိမ့်မယ်။ သမီးရဲ့အတွေးကို သိချင်လို့။ သမီးသဘောတူရင် တော်ဝင်အန်တာတိတ်မန့်ကလူတွေနဲ့ စကားပြောလို့ရပြီ။ သမီး အဆင်မပြေဘူးထင်ရင်လည်း အန်တီထန်က ဒီကိစ္စကို ထပ်ပြောမှာမဟုတ်ပါဘူး”

ထန်ကျားယီ၏စကားများက သူမ၏စေတနာကို ပြသခဲ့ပြီး ဇီယန် ဘာမှပြန်ပြောခဲ့ချေ။ သူမ ငါးစက္ကန့်လောက် တုံ့ဆိုင်းသွားပြီးနောက် ပြန်ဖြေသည်။

"သမီးအတွက်က အဆင်ပြေပါတယ်။ ဒါပေမယ့်.. သူတို့နဲ့ ညှိနှိုင်းဖို့က သိပ်မလွယ်ဘူး။ သမီး စာချုပ်တစ်ခုလုံးကို လက်မှတ်ထိုးခဲ့တယ်”

"အဲဒါက ကိစ္စမရှိပါဘူး။ သမီးရဲ့အန်ကယ်ဟောင်က အဲဒါကို ကိုင်တွယ်ပေးလို့ရတယ်”

"ဟုတ်ကဲ့ပါ။ သမီးသွားရတော့မယ်။ အလုပ်ကိစ္စ တန်းလန်းဖြစ်နေလို့။ တခြားသူတွေ သမီးကို စောင့်နေကြတယ်”

"ဒါဆို သမီး အလုပ်သွားလုပ်လိုက်ပါဦး။ သမီးပြန်လာရင် အန်တီတို့ ဆုံကြတာပေါ့”

ဖုန်းချပြီးနောက် ဧယန် ကားပေါ်တွင် တစ်မိနစ်ခန့် ထိုင်နေလိုက်သည်။

ကိစ္စတစ်ခုပြီး နောက်တစ်ခုက ရောက်လာတော့ သူမ အနည်းငယ် စိတ်ဆတ်လာသည်။ သူမ အလုပ်လုပ်နေချိန်တွင် ကောင်းမွန်သည့်အနေအထား၌ ရှိနေစေချင်၏။

သူမ၏စိတ်ခံစားချက်ကို ထိန်းညှိပြီးနောက် မတ်တပ်ထရပ်ကာ ကားပေါ်မှ ဆင်းလာပြီး ရိုက်ကူးရေးဆက်လုပ်ခဲ့သည်။

ညနေခြောက်နာရီကျော်။ စားသောက်ဆိုင်ရှေ့တွင် လူများစွာ တန်းစီနေကြသည်။

ပန်းရောင်ဖျော့ဖျော့ဘန်တလေတစ်စီးသည် မဝေးလှသည့် လမ်းဘေးနေရာတွင် ရပ်တန့်သွား၏။ ချောင်လောလောသည် ကားပေါ်မှဆင်းကာ လမ်းလျှောက်လာသည်။

စားသောက်ဆိုင်အပြင်ဘက်ရှိ လူတန်းကိုကြည့်ပြီး တန်း၍ထိုင်ရန် ရွေးချယ်လိုက်သည်။

နေကာမျက်မှန်တပ်ထားသည့် အရပ်ရှည်ရှည်အမျိုးသမီးတစ်ဦးက ဤနေရာတွင်ထိုင်ကာ သူမပတ်ဝန်းကျင်ရှိ စကားပြောဆိုသံများက အလွန်နိမ့်ကျလှသည်။

ယောက်ျားများစွာက သူမရှိရာသို့ အခါအားလျော်စွာ လှမ်းကြည့်ကြပြီး သူတို့ထဲမှနှစ်ယောဦက်က သူမနှင့် စကားလာမပြောဘဲ မနေနိုင်ကြချေ။ သို့သော် သူမက သူတို့အား လုံးဝစိတ်မဝင်စားသောကြောင့် အခြားသူများလည်း လက်လျှော့ကာ တန်းစီနေရုံသာရှိကြသည်။

ချောင်လောလော စားသောက်ဆိုင်ထဲဝင်ရန် မိနစ် ၅၀ နီးပါး ကြာမြင့်၏။ သူမ ထောင့်တစ်နေရာရှိ ခုံတစ်ခု ရွေးလိုက်သည်။

သူမနှင့် မျက်နှာချင်းဆိုင်တွင် မုတ်ဆိတ်မည်းနဲ့လူတစ်ယောက်ထိုင်နေသဖြင့် သူမ မျက်မှောင်ကြုတ်လိုက်မိ၏။

ဒရိုင်ဘာလည်း သူမနှင့်အတူ လိုက်လာသင့်သည်ဟု သူမ ဘာသာ တွေးလိုက်သည်။

တစ်မိနစ်ခန့်စောင့်ပြီးနောက်မှ ဘူဖေးကဲ့သို့ဖြစ်မှန်း သိရှိသွားပြီး ထရပ်ကာ မီးဖိုချောင်ကောင်တာဆီ လျှောက်သွား၏။ သူမ ကြက်ဥထမင်းကြော်ကိုယူကာ ထိုင်ခုံဆီပြန်သွားသည်။

ရှုယုံက သူမအား မြင်လိုက်၏။

သူမ ဒီနေရာမှာ ဘာလာလုပ်နေတာ...

ကောင်တာမှ သူမထိုင်ခုံရောက်သည့်အထိ ရှုယုံ သူမကို စိုက်ကြည့်နေသည်။ ခဏလောက်စဉ်းစားပြီးနောက်

နောက်ဆုံးတွင် သူမအား လျစ်လျူရှုထားရန် ရွေးချယ်လိုက်သည်။

သူဌေးနှင့် အခြားသူများက အပေါ်ထပ်တွင်ရှိသည်။ သူမသည် သူတို့အား မနှောင့်ယှက်ပါက သူမကို မမြင်ချင်ယောင်ဆောင်ထားနိုင်၏။

ရှုယုံ ခေါင်းယမ်းလိုက်ပြီး ဖုန်းနှင့်ဆက်ကစားနေသည်။

လျန်ဟောင်၊ လျန်မုန့်ချီနှင့် အခြားသူများ ဘဲကင်စားနေကြသည်။ လျန်ဟောင်၏မှတ်ချက်သည် အရသာရှိတယ် ဟူသည့် စကားတစ်လုံးတည်းသာ။

ချောင်လောလောသည် ကြက်ဥထမင်းကြော်အား ပထမဆုံးအကြိမ် စားလိုက်သည်။ တစ်လုတ်စားလိုက်ပြီးနောက်တွင် သူမ ကြက်သေသေသွား၏။

အရသာရှိသည့်အစားအစာက သူမ၏ရင်ထဲမှ ဒေါသကို အနည်းငယ် ပြေလျော့သွားစေသည်။

"စိတ်ဝင်စားစရာပဲ။ သခင်လေးတစ်ယောက်က ထူးခြားတဲ့စားဖိုမှူးတစ်ယောက်အဖြစ် အသက်မွေးနေရတယ်"

ချောင်လောလောသည် ကြက်ဥထမင်းစားနေရင်း ပတ်ဝန်းကျင်အား လှည့်ပတ်ကြည့်လိုက်သည်။

ဘဲကင်ရန့်က သူမအား ဆွဲဆောင်နေ၏။

သူမ လှည့်ကြည့်လိုက်သည်။ စန္ဒယားဘေးရှိ ပြတင်းပေါက်နားတွင် ထိုင်နေသော လူနှစ်ယောက်ကိုမြင်လိုက်ရသည့်အခါ သူမ မျက်လုံးများက ရပ်တန့်သွားသည်။

"အဲဒါ အန်းယုနည်းပညာက မစ္စတာရှန်းမလား"

"သူက ဒီမှာအဖွဲ့ဝင်တစ်ယောက်ပေါ့"

ထိုအချိန်တွင် ချောင်လောလော အနည်းငယ် လေးနက်လာသည်။ စားသောက်ဆိုင်အဖွဲ့ဝင်များအားလုံးသည် သူမအတွက် အသုံးဝင်သည့် အဆက်အသွယ်များ ဖြစ်လာနိုင်သည်။

၎င်းက စားသောက်ဆိုင်ငယ်လေးတစ်ခုသာဖြစ်၏။ သူမ သာ ဤနေရာ၌ ထင်ရှားကျော်ကြားသူအချို့ကို သိခွင့်ရမည်ဆို လျှင်... သူမ၏လူမှုရေးအဆင့်အတန်းက မြင့်တက်လာမည်မှာ သေချာသည်။

"ဒါက ပြီးပြည့်စုံတယ်။ ရှင့်မှာ ရောင်စုံပူပေါင်းတစ်ခုလို မျိုး ပျော်စရာဘဝတစ်ခုပိုင်ထားပေမယ့် ကျွန်မက ရှင့်အတွက် ပူပေါင်းကို ဖောက်မယ့်သူပဲ။ ကျွန်မကို စွန့်ပစ်ပြီး လျစ်လျူရှု ထားတဲ့အတွက် အပြစ်ဒဏ်ပဲ။ ရှင် ဘာမှမဖြစ်သလို ဆက်ပြီး ပျော်ရွှင်နေနိုင်တဲ့အခါကျရင်တော့ ကျွန်မ ရှင့်ကို ချီးကျူးမိမှာ ပါ"

ယောက်ျားများအကြောင်း ယောက်ျားများအသိဆုံးဖြစ် သလို မိန်းမများအကြောင်းကိုလည်း မိန်းမများသာ အသိဆုံး ပင်။ သူမ ဘာလုပ်လျှင် ဤစားသောက်ဆိုင်၏သူဌေးကတော် က ရက်စရာကောင်းသည့်အခြေအနေကို ရောက်သွားစေမလဲ သူမသိ၏။

ထိုသို့သော အပြစ်ဒဏ်မှသာ လွန်ခဲ့သည့်နှစ်များက သူမ၏မုန်းတီးမှုကို ဖြေလျှော့နိုင်မည်ဖြစ်သည်။

ချောင်လောလောသည် တစ်ခုခုလုပ်ရန် ဆုံးဖြတ်လိုက်သည်။

ထိုအချိန်တွင် စားသောက်ဆိုင်တံခါးပွင့်လာပြီး အမျိုးသမီးသုံးဦးဝင်လာ၏။

လျန်ဟောင်သည် သူတို့အားမြင်လိုက်ပြီးနောက် ပြုံးကာ ခေါင်းညိတ်ပြလိုက်သည်။

၎င်းက သူဌေး၏ညီမ ကျန်းလီဖြစ်သည်။

ကျန်းလီက ပြန်ပြုံးပြလိုက်ပြီး ဒုတိယထပ်သို့ တက်သွားသည်။

ချောင်လောလော၏မျက်လုံးများက ကျန်းလီ၏နောက်မှ လီအန်းနာကို စိုက်ကြည့်နေသည်။

သူမက တိကွမ်းကုမ္ပဏီက ဝန်ထမ်းမလေး။ သူမရဲ့မျိုးရိုးနာမည်က လီ ထင်တယ်”

ချောင်လေသလေ အနည်းငယ် စိတ်ရှုပ်ထွေးသွား၏။ ခဏလောက်စဉ်းစားပြီးနောက် သူမ၏မျက်လုံးများ တောက်ပလာသည်။

သူမ စားပွဲတစ်ဖက်ရှိ မုတ်ဆိတ်မွေးနှင့်လူကို ကြည့်ကာ အသံတိုးတိုးဖြင့် "တဆိတ်လောက်၊ ခုနကဝင်သွားတဲ့ အမျိုးသမီးသုံးယောက်က ဘယ်သူတွေလဲ။ သူတို့က ဘာလို့ တန်းစီစောင့်ဖို့မလိုတာလဲ”

"ဘယ်သူလဲ။ ဪ သူတို့လား။ တစ်ယောက်က ဆိုင်ရှင်ရဲ့ညီမလေး။ ကျန်တဲ့နှစ်ယောက်က သူမရဲ့သူငယ်ချင်းတွေ။ ဒါပေါ့ မိသားစုဝင်တွေက တန်းစီစောင့်စရာ ဘယ်လိုပါ့မလဲ”

"ဪ” ချောင်လေသလေက ခေါင်းညိတ်လိုက်သည်။ ထို နောက် ကောင်တာဆီလျှောက်သွားပြီး အိတ်ထဲမှ ပိုက်ဆံတစ်

အုပ်ထုတ်ကာ ကောင်တာပေါ် တင်လိုက်သည်။ ပိုက်ဆံကို ရေတွက်မနေလဲ တန်း၍ လှည့်ထွက်လာခဲ့၏။

သူမ၏ဘန်တလေဆီသို့ ပြန်သွားသည်။ ယာဉ်မောင်းအား ဘယ်ကိုသွားရမည်မပြောဘဲ အိတ်ထဲမှ ဖုန်းကိုထုတ်ကာ နံပါတ်တစ်ခုကို ခေါ်လိုက်သည်။

"သူဌေးလျို၊ ကျွန်မ ချောင်လောလောပါ။ ကျွန်မကို တစ်ခုလောက် ကူညီပေးပါလား။ ရှင့်ရဲ့ကုမ္ပဏီက လီမျိုးရိုးနဲ့ အသက် ၂၄ လောက်ရှိတဲ့ ဝန်ထမ်းမိန်းကလေးရဲ့ အချက်အလက်တွေကို စုဆောင်းဖို့ တစ်ယောက်ယောက်စီစဉ်ပေးပါ..."

ဖုန်းခေါ်ဆိုပြီးနောက်တွင် သူမ ပြောလိုက်၏။ "ဒုန်ယန်လခန်းမကိုပြန်သွားပါ"

ကားသည် မြောက်ပိုင်းကျွန်းရှုခရိုင် သို့မောင်းနှင်သွားခဲ့သည်။ လမ်းတစ်ဝက်တွင် သူမ၏ဖုန်းထဲသို့ မက်ဆေ့ချ်တစ်ခု ဝင်လာ၏။

ကုမ္ပဏီတွင် လီမျိုးရိုး အမျိုးသမီးဝန်ထမ်း ၄၅ ယောက်ရှိပြီး အသက် ၂၄ ဝန်းကျင်ကတော့ သိပ်အများကြီးမရှိချေ။ ချောင်လောလောသည် အကျဉ်းချုံးတစ်ချက်ကြည့်လိုက်၏။ စာရင်းတစ်ဝက်အရောက်တွင် ဓာတ်ပုံတစ်ပုံကို အာရုံစိုက်မိသွားသည်။

"လီအန်နာ"

၎င်းကို စဉ်းစားလိုက်ပြီး ချောင်လောလော သူ့ဒြေးလျှိုကို ဖုန်းထပ်ခေါ်လိုက်သည်။ "မနက်ဖြန် နေ့လည်လောက်ကျရင် ရှင့်ရဲ့ဝန်ထမ်း လီအန်နာနဲ့ ရက်ချိန်းယူပေးပါ။ အပြာရောင်လက်ဖက်ရည်ခန်းမမှာ ချိန်းပေး"

...

အခန်း(၃၈၅-က)ပြီး

wunzinnosp

## အခန်း(၃၈၅-ခ) မလိုတမာစိတ်(၂)

ည ၉ နာရီ မိနစ် ၃၀ တွင် ဝမ်ရိဟန်သည် စားသောက်ဆိုင်မှ တွန့်ဆုတ်စွာဖြင့် ပြန်သွားခဲ့သည်။ ကလေးနှစ်ယောက်မှာ အချိန်ကောင်းများ ရရှိခဲ့ကြ၏။

သူတို့ပြန်သွားပြီးနောက် ကျန်းလီသည် သူမအစ်ကိုအား အိပ်ခန်းထဲဆွဲခေါ်ကာ တံခါးပိတ်လိုက်သည်။

"ဘာဖြစ်လို့လဲ။ ဘာလို့ ဒီလောက်လျှို့ဝှက်နေတာလဲ" ကျန်းဟန်က ရယ်စရာကောင်းသည်ဟု ခံစားရပြီး မေးလိုက်သည်။

"အစ်ကို ဒီနေ့ နင့်ဆီ ဘယ်သူလာသေးလဲ။ ဘယ်ရည်းစားဟောင်းလဲ။ ငါ့ကို အမှန်တိုင်းပြော" ကျန်းလီက မေးသည်။

"အဲဒါ အမှန်ပဲ"

"အဲဒါ ဘယ်သူလဲ။ အရှက်မရှိလိုက်တာ" ကျန်းလီ ဒေါသတကြီးပြောသည်။ "အစ်ကို နင့်မိန်းမက ငါ့ကိုပြောထားတယ်။

နင်နဲ့မုန့်မုန့်ကို ဘယ်သူမှ မနှောင့်ယှက်စေချင်ဘူးတဲ့။ နင်ဘာပြောထားလဲ။ နင့်မှာ အရင်က တကယ့်ရည်းစားမရှိဘူးလို့ ပြောခဲ့တယ်မလား။ သူတို့နဲ့ အဆက်အသွယ်မလုပ်နဲ့တော့။ လမ်းခွဲပြီးရင်တောင် ယောကျ်ားတစ်ယောက်နဲ့မိန်းမတစ်ယောက်က သူငယ်ချင်းဖြစ်နေတုန်းပဲ လို့တော့ အပိုတွေပြောပြီး ငါတို့ကို အရူးလုပ်ဖို့မကြိုးစားနဲ့။ ငါ အရမ်းဒေါသထွက်တယ်။ သိက္ခာရှိတဲ့ရည်းစားဟောင်းက ဘယ်လိုလုပ် ဒီနေရာကို လာရှာမှာလဲ။ သူက ဘယ်သူလဲ။ ငါ သူ့ကိုတွေ့ရင် သေချာပေါက် ဆဲဆိုပစ်ဦးမယ်”

ကျန်းလီ၏ဒေါသထွက်နေပုံကိုကြည့်ပြီး ကျန်းဟန်ရယ်စရာကောင်းသလို စိတ်ရှုပ်စရာကောင်းသည်ကို တွေ့လိုက်ရသည်။ သူ ကျန်းလီ၏ခေါင်းကို အသာပုတ်လိုက်ပြီး "နင့်အစ်ကိုက ဒီမိသားစုကို တန်ဖိုးအထားဆုံးပါ။ ညီမလေးစိတ်ချနိုင်ပါတယ်”

"အဲဒါကောင်းတယ်" ကျန်းလီက မျက်စောင်းထိုးလိုက်ပြီး "သူက ဘယ်သူလဲဆိုတာ နင်မပြောရသေးဘူး"

"ချောင်လောလော"

"သူလား။ ဟမ့် ငါ သူ့ကို အရင်ကတည်း သဘောမကျဘူး။ သူက ကြောင်သူတော်ပဲ။ ဘာပဲဖြစ်ဖြစ် နောက်ရက်တွေ ငါဒီကို လာနေမယ်။ အခု ငါ့အလုပ်ချိန်က ၁၁ နာရီဖြစ်သွားပြီ။ ဆိုတော့ ငါ့မှာ အားလပ်ချိန်ရှိတယ်" ကျန်းလီက နာရီကို ကြည့်လိုက်ပြီး ပြောသည်။

"ကောင်းပြီ။ ဒါဆို ဒီရက်တွေမှာ အစ်ကို့အတွက် ကိုယ်ရံတော်လုပ်ပေးလို့ရတာပေါ့" ကျန်းဟန် ရယ်မောလိုက်သည်။

ထိုအချိန်တွင် တံခါးအပြင်ဘက်မှ မုန့်မုန့်၏အော်သံကို ကြားလိုက်ရသည့်အတွက် ကျန်းဟန် ချက်ချင်း ထွက်လာခဲ့သည်။

၁၀ နာရီခန့်တွင် သားအဖနှစ်ယောက် ဇီယန်နှင့် ဗီဒီယို ကောပြောကြသည်။

၎င်းက ဇီယန်အား စိတ်အားတက်ကြွစေခဲ့ပြီး သူမ၏အလုပ်ကို အမြန်ပြီးရန် စိတ်အားထက်သန်သွားကာ အလုပ်အရှိန်မြင့်လာခဲ့သည်။

ည ၁၁ နာရီတွင် လျန်မုန့်ချီ၏တိုက်ခန်း၌...

ချူဟွေ့ဝင်လာပြီး လျန်ဟောင်အား Cadillac Escalade ကားသော့တစ်ချောင်း ပေးရင်း ရယ်မောကာ ပြောသည်။

"အစ်ကိုဟောင် မင်း ဟောင်ကောင်မှာ ဒီကားကို စီးလို့ရ တယ်"

"ကျေးဇူးပဲ" လျန်ဟောင်က သော့ကိုယူကာ ပြုံးလိုက် သည်။ "မင်းက ငါ့အကြောင်းသိသားပဲ"

သူ SUV ကားများ Off-Road ကားများကို သဘောကျကြောင်း သူသိပြီး Cadillac က သူ၏အကြိုက်နှင့် ကိုက်ညီသည်။

"ဒါပေါ့ ငါမင်းနဲ့ အလုပ်အတူတူလုပ်ဖူးတယ်လေ” ချူဟွေ့က ရယ်မောပြီး "လက်တလော ဒီအလုပ်ကိစ္စနဲ့ အလုပ်ရှုပ်နေလို့။ နေ့ခင်းဘက်မှာ ငါ အားလပ်ချိန်သိပ်မရှိဘူး။ ရက်အနည်းငယ်ကြာမှ မင်းကို ငါ လိုက်ပို့ပေးမယ်”

"မင်းအားတဲ့အချိန်မှာ ပြောကြတာပေါ့” လျန်ဟောင် ပြုံးကာ ပြန်ပြောသည်။

“ ၁၁ နာရီပဲရှိသေးတယ်။ လမ်းလျှောက်ထွက်ကြမလား” ချူဟွေ့က မေးသည်။

"ဘယ်သွားကြမှာလဲ” လျန်မုန့်ချီက အိပ်ခန်းထဲမှ ထွက်လာပြီး ပန်းသီးသစ်လုံးစားရင်း မေးသည်။

"ကြယ်ကောင်းကင်ဘားဆိုရင်ရော" လျှန်ဟောင်က ရုတ်တရပ် ထပြောသည်။

အားလုံး တိတ်ဆိတ်သွားကြ၏။

"ဘာလဲ" လျှန်မုန့်ချီက မျက်လုံးပြူးပြီး "ဘာလို့ အဲ့ကို သွားမှာလဲ။ ငါတို့ မနေ့က အဲဒီကို သွားပြီးပြီလေ။ ဘာလို့ ဒီနေ့ ထပ်သွားချင်နေတာလဲ။ နင်.... ကျန်းလီကို ကြိုက်လို့လား။ ဒါမှမဟုတ် လေ့ချင်းလား။ မဖြစ်နိုင်ပါဘူး နင် သူတို့ထဲကတစ်ယောက်ကို မြင်မြင်ချင်းချစ်သွားတာလား"

"မဟုတ်ပါဘူး။ နင်ဘာတွေတွေးနေတာလဲ" လျှန်ဟောင် ခဏလောက်တန့်သွားပြီး ရယ်ရမလား ငိုရမလား မသိတော့။ "ကျန်းလီက စင်ပေါ်မှာဆိုရင် အရမ်းစိတ်ဝင်စားဖို့ကောင်းတယ်လို့ ထင်လို့ပါ။ နင်တို့မသွားချင်ရင်လည်း တခြားနေရာ သွားကြမယ်လေ"

"နင်တစ်ယောက်ယောက်ကို စိတ်ဝင်စားတယ်ဆိုတာ ရှားတယ်။ ကျန်းလီကို သွားကြည့်ကြရအောင်” လျန်မုန့်ချီက ပြောသည်။

သူတို့လူစု အောက်ထပ်သို့ ဆင်းလာကြသည်။ လျန်ဟောင်သည် သူ၏ Escalade ကို မောင်းပြီး ချူဟွေ့က Ferrari 458 ကိုမောင်းပြီး ကောဒ့်စ်ဝေးပင်လယ်ကွေ့သို့ သွားကြသည်။

ထိုအချိန်အတွင်း၌ လျန်မုန့်ချီသည် လျန်ဟောင်အား ကျန်းလီကို မည်သို့ခံစားရကြောင်း အကြိမ်ကြိမ် မေးမြန်းနေခဲ့သည်။

လျန်ဟောင်ဘာမှပြန်မပြောဘဲ ခါးသီးစွာ ရယ်မောလိုက်၏။

အစပိုင်းတွင် ကျန်းလီ၏ ခေါင်းမာသည့်ဒေါသက သူ၏အာရုံစိုက်မှုကို စွဲဆောင်သွားခဲ့သည်။ ထိုနောက် စင်ပေါ်၌ သူမ၏အရိုင်းဆန်သည့်သဘာဝက သူ့အား သူမအကြောင်း

အခါအားလျော်စွာ တွေးတောစေပြီး အလွန်စိတ်ဝင်စားဖွယ်ကောင်းကြောင်း တွေ့ရလေသည်။

၎င်းက တက္ကသိုလ်ဝင်ပေါက်တွင် အင်တာနက်ကဖေးဆိုင်များစွာရှိနေသလိုပင်။ သင်သည် ထိုဆိုင်များထဲမှ တစ်ဆိုင်၏ မန်နေဂျာကို ပို၍စိတ်ဝင်စားနေပါက အခြားဆိုင်များထက် ထိုဆိုင်ကို ပို၍သွားဖြစ်လိမ့်မယ်။ ၎င်းက ဆွဲဆောင်မှုတစ်ခုဖြစ်၏။

မကြာခင်တွင် သူတို့၏ဦးတည်ရာသို့ ရောက်ရှိလာကြ၏။

အစ်ကိုဖြစ်သူက စင်ပေါ်မှ လီလီကို စိတ်ဝင်တစား စိုက်ကြည့်နေသည်ကိုမြင်တော့ လျန်မုန့်ချီ နှုတ်ခမ်းများ တွန့်ကွေးသွားသည်။

တကယ်လို့ ငါ့အစ်ကိုက ကျန်းလီကို သဘောကျပြီး သူတို့နှစ်ယောက်အတူတူရှိနိုင်ခဲ့ရင်... သူဌေးမှာလည်း မိန်းမမရှိဘဲ ငါက သူဌေးရဲ့မိန်းမဖြစ်လာခဲ့ရင်... မိသားစုထဲမှ လူတိုင်းရဲ့ အနေအထားက ဘယ်လိုဖြစ်လာမှာလဲ...

နောက်တစ်နေ့ နေ့လည်တွင်...

ကျန်းရှုခရိုင် အန်းဟူလမ်းတွင် လီအန်းနာသည် အပြာရောင်လက်ဖက်ရည်ခန်းမ၏ဆိုင်းဘုတ်ကို ကြည့်ရင်း စိတ်လှုပ်ရှားနေသည်။

သူမ ဒီကိုမလာခင် သူမနှင့်တွေ့ချင်သည့်သူမှာ ရှယ်ရာရှင်တစ်ယောက်ဖြစ်ကြောင်း သိခဲ့ရသည်။ သူမ၏သူဌေးက တစ်ဖက်လူအား ကောင်းကောင်းဆက်ဆံရန် ပြောလိုက်၏။

အထဲဝင်ပြီးနောက် သူမ၏နာမည်ကို ပြောပြလိုက်ရာ ဒုတိယထပ်မှ ပြတင်းပေါက်နားရှိ တိတ်ဆိတ်သည့်စားပွဲဝိုင်းသို့ သူမအား ခေါ်သွားပေးသည်။

"တွေ့ရတာ ဝမ်းသာပါတယ် မစ္စချောင်” လီအန်နာက ပြုံးကာ နှုတ်ဆက်သည်။

"တွေ့ရတာဝမ်းသာပါတယ်။ ထိုင်ပါဦး” ချောင်လောလောက ပြုံးကာ ပြန်ပြောသည်။

လီအန်နာ သောက်စရာတစ်ခုမှာလိုက်ပြီး သုံးမိနစ်အကြာတွင် လာချပေးသည်။

ချောင်လောလောသည် ထိုအချိန်အတွင်း ဘာမှမပြောသလို လီအန်နာလည်း တိတ်ဆိတ်နေ၏။ သူမနှင့် ဘာကြောင့်တွေ့လို့သလဲ တွေးနေမိသည်။

"မင်းကို ဘာလို့တွေ့ချင်လဲဆိုတာ သိလား" ချောင်လောလောက အပြင်ဘက်ငေးနေသည့်မျက်လုံးများကို ပြန်ရုတ်လိုက်ပြီး လီအန်နာကို မေးသည်။

"မသိပါဘူး" လီအန်နာက ခေါင်းကိုယမ်းလိုက်၏။

ချောင်လောလောက ပြုံးကာ "မင်းရဲ့ အလုပ်လုပ်နိုင်စွမ်းက တကယ်ကောင်းတယ်။ ဒါကြောင့် ငါမင်းကို မှတ်မိနေတာ။ မနေ့က မင်းကို မုန့်မုန့်အပန်းဖြေရာစားသောက်ဆိုင်မှာ တွေ့ခဲ့တယ်လေ"

"မစ္စချောင်လည်း အဲဒီကို သွားစားတာလား" လီအန်နာက စိတ်သက်သာရာရသွားပြီး ပြုံးကာ မေးသည်။

"အစားသောက်တွေက တကယ်အရသာရှိတယ်"

"ကျွန်မလည်း အဲ့လိုပဲ ခံစားရတယ်" လီအန်နာက ပြော၏။

"မနေ့က မင်း တန်းစီစရာမလိုဘဲ တန်းဝင်သွားတာတွေ့ လိုက်တယ်။ တခြားသူတွေကိုမေးကြည့်တော့ မင်းက ဆိုင်ရှင် သူဌေးရဲ့ညီမနဲ့ အရမ်းရင်းနှီးတယ်လို့ကြားတယ်"

"ဟုတ်ပါတယ်။ လီလီနဲ့ ကျွန်မက တိုက်ခန်းအတူတူငှား နေတာ ကြာပါပြီ။ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် အရမ်းရင်းနှီးပါတယ်" အန်နာက ခေါင်းညိတ်သည်။

“အိုး မင်း သူမကို ကောင်းကောင်းသိမှာပဲနော်”

"အင်း…" လီအန်နာက ခဏရပ်တန့်လိုက်ပြီး "မစ္စချောင် လီလီကို သိလို့လား"

"ဒါပေါ့။ ငါ ကျန်းလီကိုတော့ မသိပါဘူး။ သူမအစ်ကို ကျန်းဟန်က ငါ့ရဲ့ သူငယ်ချင်းဟောင်းတစ်ယောက်လေ။ မနေ့က သူ့ကို မတောတဆတွေ့ခဲ့တာ။ ဒါကြောင့် ဒီနေ့ မင်းနဲ့တွေ့ပြီး သူ့ကို အံ့သြစရာတစ်ခုလုပ်ပေးချင်လို့။ ငါ့ကို တစ်ခုလောက် ကူညီပေးလို့ရမလား"

"ကိစ္စမရှိပါဘူး။ ရှင်တစ်ခုခုလိုအပ်တာရှိရင် ကျွန်မ လုပ်ပေးပါမယ်" လီအန်နာက စိုးရိမ်သွားပြီး သူမ၏သူဌေးပြောလိုက်သည်ကို တွေးမိသွားသည်။ သူမရှေ့ရှိ မစ္စချောင် သူမသွားမရှုပ်ရဲသည့် ပုဂ္ဂိုလ်ဖြစ်သည်။

"ဒါဆို ငါ တိုက်ရိုက်ပဲ ပြောပါ့မယ်။ နောက်ပြီးကျရင် စားသောက်ဆိုင်ကိုသွားပြီး မန်ဘာကတ်တစ်ခုဝယ်ပေးပါ။ ငါ့ကားကို ယူသွားလို့ရတယ်။ ငွေပေးချေဖို့အတွက် ကားသမားက မင်းကို ဖုန်းတစ်လုံးပေးလိုက်မယ်။ ဒါပေမယ့် ငါ့နာမည်ကိုတော့ မပြောနဲ့"

"ကောင်းပါပြီ" လီအန်နာက ခေါင်းညိတ်ကာ "အခုသွားရတော့မလား"

"သွားပါ။ အိုး ဒါနဲ့" ချောင်လောလောက စဉ်းစားလိုက်ပြီး "ကျန်းဟန်ရဲ့မိန်းမကို မတွေ့ခဲ့ရဘူး။ အလုပ်ကိစ္စနဲ့ ခရီးထွက်နေတယ်လို့ကြားတယ်။ မင်း သူမကို သိလား"

"သိပါတယ်" လီအန်နာသည် ချောင်လောလော ဘာတွေးနေသလဲ မသိသဖြင့် ခေါင်းညိတ်ကာ အမှန်အတိုင်းပြောလိုက်သည်။

"သူမက ဘယ်သူလဲ။ ငါ သူမ သိနေမလားလို့"

"အဲဒါ အစ်မယန်ပါ။ ဇီယန်လေ" လီအန်နာက ပြန်ဖြေသည်။

ဘုန်း...

ချောင်လောလော သူမ၏လက်ဖက်ရည်ခွက်ကို ကိုင်ကာ တန့်သွားပြီး အံ့အားသင့်သွားသည်။

အဲဒါ သူမပေါ့...

ဟန်ယန်၊ ဇီယန်။ အားလုံး ရှင်းသွားတာပဲ...

သူမ စဉ်းစားနေသော်လည်း သူမ၏မျက်နှာထက်တွင် အပြုံးတစ်ခုရှိနေဆဲပင်။ "ငါ သူမကို သိပါတယ်။ ကြည့်ရတာ လက်ဆောင်တွေ ပိုပြီးပြင်ဆင်ထားလို့ လိုတယ်ထင်တယ်။ အခုသွားတော့လေ။ ကားသမားက မင်းကို ပြန်ခေါ်လာပေး လိမ့်မယ်"

"ကောင်းပါပြီ" လီအန်နာ ခေါင်းညိတ်ကာ လှည့်သွားပြီး အောက်ထပ်ရှိ အညိုရောင် Jaguar ပြိုင်ကားဆီသို့ လျှောက် သွားသည်။

ပိုပြီး စိတ်ဝင်စားဖို့ကောင်းလာပြီထင်တယ်...

ချောင်လောလောသည် ပြတင်းပေါက်မှ အပြင်သို့လှမ်း ကြည့်နေပြီး သူမ၏မျက်လုံးထဲတွင် လှောင်ပြောင်မှုတစ်ခုရှိ နေသည်။

-အခန်း(၃၈၅)ပြီး

wunzinnosp

## အခန်း(၃၈၆-က) ထပ်မံရှုံးနိမ့်ခြင်း(၁)

မုန့်မုန့်အပန်းဖြေရာစားသောက်ဆိုင်တွင်...

နေ့လည် ၁ နာရီခွဲ၌ သာမန်စားသုံးသူ သုံးလေးယောက်သာ ရှိနေသည်။

ဗီအိုင်ပီစားပွဲ၌ ရှုယုံ၊ စွန်းဒုန်ဟမ်၊ လျန်ဟောင်၊ လျန်မုန့်ချီနှင့် ကျောက်ဒါဟူတို့ ထိုင်နေပြီး ယူချင်းချင်းကတော့ အလုပ်မအားသဖြင့် နေ့လည်ခင်းဘက် မလာခဲ့ချေ။

ကျန်းဟန်နှင့် မုန့်မုန့်တို့က ဒုတိယထပ်တွင် ရှိနေကြသည်။ ပထမထပ်တွင် ကျန်းလီက တံခါးစောင့်နတ်ဘုရားကဲ့သို့ ဆိုဖာအစွန်းတွင်ထိုင်ကာ ဖုန်းကြည့်နေရင်း ရံဖန်ရံခါ တံခါးဆီသို့ လှမ်းကြည့်နေသည်။ လော့ချင်းသးည် နားကြပ်

တပ်ထားပြီး တက်ဘလက်ဖြင့် လူငယ်အချစ်ဇာတ်လမ်း တီဗီ စီးရီးကို ကြည့်ရင်း သူမဘေးတွင် ငြိမ်သက်စွာ ထိုင်နေ၏။

လျန်မုန့်ချီသည် နေ့လည်စာကို စားပြီးသည်နှင့် နွားနို့ သောက်ရင်း သူမအစ်ကို ကျန်းလီအား စိုက်ကြည့်နေသည်ကို ခံစားမိလိုက်ပြီး နှုတ်ခမ်းကို တွန့်ကွေးကာ ကျန်းလီအား လက် ပြလိုက်သည်။ "လီလီ ဒီမှာ ခဏလာထိုင်ပါဦး"

"ဘာလို့လဲ" ကျန်းလီက သူမဘေးတွင် ဝင်ထိုင်ပြီး "ဘာ လုပ်မလို့လဲ"

လျန်ဟောင် လျန်မုန့်ချီအား တစ်ချက်ကြည့်လိုက်၏။ သူ့ ညီမ ဘာတွေထူးထူးဆန်းဆန်းလုပ်ချင်နေလဲ သူ သိ၏။

"ဘာလို့ ဒီနေ့ အစောကြီးရောက်နေတာလဲ။ ခါတိုင်း ည ဘက်မှ လာနေကျမဟုတ်လား" လျန်မုန့်ချီက မေးသည်။

"အာ... ငါ လာချင်တဲ့အချိန်လာမှာပေါ့။ နင်နဲ့ဘာဆိုင်လို့ လဲ" ကျန်းလီက သူမအား တစ်ချက်ကြည့်လိုက်ပြီး လေးနက်

စွာ ပြောသည်။ "ခုတလော ငါ အားနေတယ်လေ။ မနက်တိုင်း လာပြီးတော့ ည ၁၀ နာရီမှ အလုပ်ပြန်သွားလုပ်ရမှာ”

"အိုး အဲဒါကောင်းတယ်” လျှန်မုန့်ချီ ရယ်မောလိုက်၏။

"နင် နည်းနည်းထူးဆန်းနေတယ်။ တစ်ခုခုဖြစ်လို့လား” ကျန်းလီက လျှန်မုန့်ချီအား စိုက်ကြည့်ကာ မေးလိုက်သည်။

"ဟုတ်တယ်” လျှန်မုန့်ချီက မျက်စောင်းထိုးလိုက်ပြီး ဘွင်းဘွင်းကြီး ပြောချလိုက်သည်။ "ငါ့အစ်ကိုက နင့်ကို ကြိုက်နေလို့”

"ဖူး...”

သူမ ထိုသို့ပြောလိုက်သည်နှင့် သူတို့အနောက်တွင် ထိုင်နေသည့် ရှယ်ပုံမှာ ဘီယာတစ်ချိုက်လုံး ထွေးထုတ်မိမတတ်ဖြစ်သွားသည်။

ဝိုး… မကြာသေးခင်ကမှရောက်လာတဲ့ ရိုးသားပုံပေါက်တဲ့ ကောင်က သူဌေးရဲ့ညီမကို လိုက်ရဲလိမ့်မယ်လို့ မထင်ထား ဘူး…

သူ့ဘေးနားရှိ စွန်းဒုန်ဟမ်မှာလည်း ထိတ်လန့်သွားပြီး မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် လှည့်ကြည့်လာသည်။

ကျောက်ဒါပဲဟူမှာလည်း နွားနို့များ သီးမတတ်ပင်။ သူ့ ပါးစပ်ကို လက်ဖြင့်အုပ်ကာ ကျန်းလီနှင့် လျန်မုန့်ချီအား ကြည့် လိုက်၏။

"အမ်”

ကျန်းလီလည်း ကြောင်အသွားသည်။ သူမ လျန်ဟောင် ဘက်သို့ မျက်နှာလှည့်လိုက်ပြီး သူ့အား အထက်အောက်စုံဆန် ကြည့်လိုက်၏။

လျန်ဟောင် ပြုံးကာ တစ်ခုခုပြောရန် ပြင်လိုက်ချိန်မှာပင် ကျန်းလီက မနှစ်သက်ဟန်ဖြင့် ခေါင်းယမ်းလိုက်သည်။

"အင်း... နင့်အစ်ကိုလိုမျိုး ဖြူဖွေးဖွေး ပျော့တိပျော့ဖတ် နဲ့ ဆံပင်ရှည်ရှည်မျိုးကို ငါမကြိုက်ဘူး။ သူက ငါ့အကြိုက်ပုံစံ မဟုတ်ဘူး"

"..." လျန်ဟောင်၏မျက်နှာပေါ်မှ အပြုံးက အေးခဲ သွား၏။

ပျော့တိပျော့ဖတ်လား။ ငါက ယောကျ်ားမဟုတ်ဘူး လား...

ဘာမှတောင်မပြောရသေးဘဲ အငြင်းခံလိုက်ရတာလား...

ဒါကတော့...

"ငါ..." လျန်ဟောင် တုန်ယင်သွားပြီး အားတင်းပြုံးကာ "ငါ့ညီမက စနောက်ရတာ သဘောကျတယ်လေ"

"အိုး ကျွန်မလည်း စတာပါ" ကျန်းလီက ပြုံးကာ ပြောသည်။ "ရှင်က တကယ်တော့ တော်တော်လေးချောပါ

တယ်။ ဒါပေမယ့် နည်းနည်းလေး ယောက်ျားမဆန်ဘူးဖြစ်နေတာ”

"ဟဲဟဲ... အဲ့ဒါက သူငယ်ချင်းတွေလို့ ခံစားရတယ်” လျန်ဟောင် ပြုံးကာ ခေါင်းယမ်းလိုက်၏။

"အမ်...” လျန်မုန့်ချီက ရင်ဘတ်ကို ပုတ်လိုက်ပြီး "နင်ငါ့ကို အံ့ဩအောင်လုပ်လိုက်တာပဲ။ ငါ့အစ်ကို သေချာပေါက်အရမ်းချောတဲ့ကောင်လေးပါ”

"နင်တို့နှစ်ယောက် မျက်လုံးနဲ့ နှာခေါင်း ဆင်တူတယ်။ ငါနဲ့ ငါ့အစ်ကိုဆို တစ်ယောက်နဲ့တစ်ယောက် မတူကြဘူး။ ငါတို့က မောင်နှမဆိုတာတောင် သိဖို့ခက်တယ်” ကျန်းလီက ပြောသည်။

"နင့်အစ်ကို ခပ်မိုက်မိုက်စစ်သားလိုမျိုး ယောကျ်ားပီသတယ်လေ။ နင်သာ သူနဲ့တူနေရင် ဘယ်လောက် ကံဆိုးလိုက်မလဲ” လျန်မုန့်ချီက စနောက်လိုက်ပြီး "မနေ့ညက ငါ့အစ်ကို နင့်

ကိုတွေ့ချင်လို့ ကြယ်ကောင်းကင်ဘားကို သွားချင်နေတာလေ”

"တကယ်လား” ကျန်းလီက လျန်ဟောင်ကို တစ်ချက်ကြည့်လိုက်ပြီး "ရှင်က ဘားသွားရတာ ကြိုက်တာလား”

"အဲ့လိုတော့ မဟုတ်ပါဘူး” လျန်ဟောင်က ခေါင်းညိတ်လိုက်ပြီး "မင်းက အရမ်းဥပဓိရုပ်ကောင်းပြီးတော့ သဘောကျဖို့ကောင်းတယ်။ ဒါကြောင့် မင်းအကြောင်း ပိုပြီးသိရအောင် အဲဒီဘားကို သွားခဲ့တာပါ။ မင်းရဲ့ ဒီဂျေစကေးက အရမ်းကောင်းတယ်နော်။ လူတိုင်းကို တက်ကြွစေတယ်”

"ဒါပေါ့။ ကျွန်မက ကြယ်ကောင်းကင်ဘားရဲ့ နံပါတ်တစ်ဒီဂျေလေ” ကျန်းလီက ဂုဏ်ယူစွာ ပြောသည်။ "နောက်တစ်ခါ ကြယ်ကောင်းကင်ဘားကို သွားရင် ကျွန်မနာမည်ကို ပြောလိုက်။ အဲဒါဆို ရှင့်အတွက် စားပွဲဝိုင်းကောင်းကောင်းတစ်ခု စီစဉ်ပေးလိမ့်မယ်”

"အင်း.. နောက်တစ်ခါပေါ့" လျန်ဟောင် ပြုံးလိုက်ပြီး "မင်း ဒီဂျေလုပ်တာ ဘယ်လောက်ကြာပြီလဲ"

"အင်း... လေးနှစ်ရှိပြီ။ ကျွန်မ အဲဒါကို အရမ်းနှစ်သက်တယ်လေ" ကျန်းလီက စဉ်းစားကာ ပြန်ဖြေသည်။

"လေးနှစ်ပဲရှိသေးတာတောင် ကောင်းကောင်းသင်ယူနိုင်ခဲ့တာပဲ။ မင်းက ဒီနယ်ပယ်မှာ ပါရမီပါပုံရတယ်" လျန်ဟောင်က ပြုံးကာ ပြောသည်။

"တကယ်လား။ တကယ်တမ်းကျ ကျွန်မက သိပ်ပြီး ပါရမီ မပါပါဘူး။ ဟူကျန်းလုံလို နာမည်ကြီးဒီဂျေတွေကပဲ ချီးကျူး ထိုက်တာပါ" ကျန်းလီက ခေါင်းယမ်းလိုက်၏။ ဟူကျန်းလုံ အကြောင်း ပြောသည့်အချိန်တွင် သူမ၏မျက်လုံးထဲ၌ မျှော်လင့်သည့်အရိပ်အယောင်များရှိနေသည်။

ဟူကျန်းလုံသည် တရုတ်နိုင်ငံရှိ နာမည်ကြီးဒီဂျေတစ် ယောက်ဖြစ်သည်။ သူသည် အလွန်ပေါ်ပြူလာဖြစ်သည့်

သီချင်းများစွာ ထုတ်ဝေခဲ့ပြီး ဆုများစွာ ဆွတ်ခူးနိုင်ခဲ့ကာ ဤနယ်ပယ်မှလူများစွာ၏ အိုက်ဒေါဖြစ်သည်။

"မင်းက နိမ့်ချလွန်းနေပြီ။ ဟူကျန်းလုံက ဒီနယ်ပယ်မှာ လုပ်နေတာ ၁၀ နှစ်ကျော်ပြီ။ မင်းသာ သူလောက်အချိန်ယူခဲ့ရင် သူ့လိုမျိုး ဖြစ်လာနိုင်ပါတယ်" လျန်ဟောင်က ရယ်မောလိုက်၏။

"အလုပ်ထက် အပြောက ပိုလွယ်ပါတယ်။ အားပေးတဲ့အတွက် ကျေးဇူးပါ။ ကျွန်မ အကောင်းဆုံးကြိုးစားပါ့မယ်" ကျန်းလီက လျန်ဟောင်အား လက်ဟန်ပြသည်။

သူတို့စကားပြောနေစဉ် လျန်မုန့်ချီသည် လျန်ဟောင်အား ခဏလောက် စိုက်ကြည့်လိုက်ပြီး နောက်ခဏတွင် ကျန်းလီအား စိုက်ကြည့်လိုက်သည်။ သူမ စကားလုံးရှာမရဖြစ်နေ၏။

နောက်ဆုံးတွင် သူမ၏အစ်ကိုအား စိုက်ကြည့်လိုက်သည်။

သူ ဘယ်လိုများ ဒီလောက် စကားများတတ်လာတာလဲ။ သူ လီလီကို တကယ်ကြီး သဘောကျသွားတာ မဟုတ်လောက်ပါဘူးနော်...

စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဤမောင်နှမက အခြားမောင်နှမကို ချစ်မိသွားကြ၏။

စိတ်မကောင်းစရာက... တစ်ဖက်မှ အစ်ကိုဖြစ်သူက အိမ်ထောင်ကျပြီးသားဖြစ်နေသည်။

လျှန်မုန့်ချီ တစ်ခုခုပြောတော့မည့်အချိန်တွင် ကျန်းလီက ရုတ်တရက် ထရပ်ပြီး တံခါးဆီ ကြည့်လိုက်သည်။

"အန်နှာ နင်အလုပ်မှာ မဟုတ်လား။ ဘာလို့ ဒီရောက်လာတာလဲ”

"လီလီ နင်ဒီရောက်နေတာလား။ ငါ့သူဌေးအတွက် မန်ဘာကတ်တစ်ခု လာလျှောက်ပေးတာပါ။ သူမက ဒီကို အရင်တစ်ခေါက်လာစားပြီးတော့ ဒီက အစားအသောက်တွေကို

ချီးကျူးနေတာ။ မန်ဘာကတ်လျှောက်ဖို့ မအားလို့ ငါ့ကို အကူအညီတောင်းလိုက်တာ” လီအန်နာက ပြန်ဖြေသည်။

"မန်ဘာကတ်လား။ ငါ မင်းကို တစ်ခုယူပေးမယ်”

ရှုယုံက အမြန်ထရပ်ကာ လက်ပ်တော့ကောင်တာသို့ သွားလိုက်သည်။ သူသည် ဘဏ်ကတ်တစ်ခုကို ထုတ်ကာ "မင်း ငွေလွှဲပေးလို့ရပြီ”

"အိုကေ” လီအန်နာက ဖုန်းကိုထုတ်ကာ ငွေလွှဲသည့် စာမျက်နှာကို ဖွင့်လိုက်ပြီး ဘဏ်ကတ်နံပါတ်နှင့် စကားဝှက်ကို ရိုက်ထည့်လိုက်သည်။ ငွေလွှဲပြောင်းမှု အောင်မြင်သွား၏။

"ဒါက ၁၈ ကတ်မြောက်ပဲ။ အခု နှစ်ကတ်ပဲ ကျန်တော့တယ်” ရှုယုံက မန်ဘာကတ်ကို လီအန်နာအား ပေးလိုက်ပြီး "မင်းသူဌေးရဲ့ အသေးစိတ်အချက်အလက်တွေ သိလား။ ငါ မှတ်ထားရမယ်”

"အဲဒါ…" လီအန်နှာ အံ့အားသင့်သွားပြီး ခေါင်းယမ်းလိုက်၏။ "အသေးစိတ်အချက်တွေကို ငါမသိဘူး။ သူမ နောက်တစ်ခါလာမှပဲ မှတ်ထားလိုက်ပါလား"

"ကောင်းပြီ" ရှုယုံက ခေါင်းညိတ်ကာ သူ၏ထိုင်ခုံသို့ ပြန်သွားသည်။

"လီလီ နင် ခဏနေပြန်မှာလား" လီအန်နှာက ကျန်းလီကို ကြည့်ကာ မေးသည်။

"မပြန်သေးဘူး။ ငါ ၁၂ နာရီနောက်ပိုင်းမှ ပြန်မှာ" ကျန်းလီက ပြန်ဖြေ၏။

"ငါသိပြီ။ အလုပ်ပြန်မှ တွေ့မယ်"

"အိုကေ နောက်မှတွေ့မယ်"

"နောက်မှတွေ့မယ်" လီအန်က သူတို့အား လက်ခါပြကာ ထွက်သွားသည်။

လျန်ဟောင်၊ လျန်မုန့်ချီနှင့် ကျောက်ဒါဟူတို့ နောက်ထပ် မိနစ် ၂၀ ခန့် ထိုင်နေခဲ့ကြသည်။ အချိန်အများစုတွင် လျန်ဟောင်သည် ကျန်းလီနှင့် စကားပြောနေ၏။

နေ့လည် နှစ်နာရီတွင် သူတို့ စားသောက်ဆိုင်မှ ပြန်လာကြပြီး ကျောက်ဒါဟူက ယူချင်းချင်း၏အလုပ်လုပ်သည့်နေရာသို့ သွားခဲ့သည်။

လျန်ဟောင်နှင့် လျန်မုန့်ချီက Escalade ကားပေါ်တက်သွားကြသည်။

"အစ်ကို နင် လီလီကို တကယ်ချစ်တာလား" လျန်မုန့်ချီက လျန်ဟောင်အား စိုက်ကြည့်ကာ မေးသည်။

"ဘာလို့ မေးတာလဲ" လျန်ဟောင်က ကားစက်နှိုးပြီး ပြုံးကာပြောသည်။

"အလိုလိုသိစိတ်လေ။ ငါ နင့်အကြောင်း ကောင်းကောင်းသိပါတယ်" လျန်မုန့်ချီက ပြော၏။

ငင်းကိုကြားတော့ လျန်ဟောင် လေးနက်စွာ စဉ်းစားနေ ဟန်ဖြင့် ၁၀ စက္ကန့်ခန့် တိတ်ဆိတ်သွားသည်။

နောက်ဆုံးတွင် သူ ခေါင်းညိတ်ကာ "လက်ရှိမှာ သူမက ငါ့အတွက် အရမ်းဆွဲဆောင်မှုရှိတယ်။ သူမက ပွင့်လင်းတယ်၊ ရိုးသားတယ်၊ ဟန်ဆောင်မှုမရှိဘူး စစ်မှန်တယ်။ ဒါပေမယ့် သူမကို သဘောကျတာလား ချစ်မိသွားတာလား ငါမသိဘူး။ ပြောရရင် ငါ သူမနဲ့ဆို အရမ်းသက်တောင့်သက်သာရှိသလို ခံစားရတယ်။ လွန်ခဲ့တဲ့နှစ်တွေအတွင်း သူမလိုမိန်းကလေးမျိုး ငါတစ်ခါမှ မတွေ့ဖူးဘူး”

"နင် ဇီယန်ကို မကြိုက်ဘူးလား” လျန်မုန့်ချီက သံသယဖြင့် မေးသည်။ "နင့်စိတ်က အပြောင်းအလဲမြန်လိုက်တာ”

"ဇီယန်ကို ကြိုက်တယ်လို့ ငါ့ကိုယ်ငါ ယုံကြည့်ခဲ့ဖူးပေမယ့် သူမ လက်ထပ်ပြီး ကလေးမွေးထားပြီလို့ကြားရတော့ ငါသိပ်ပြီး ဝမ်းမနည်းဘူး။ ငါသူမကို မချစ်ခဲ့လိုဖြစ်နိုင်တယ်။ ငယ်ငယ်က သူမကို စွဲလမ်းခဲ့ရုံပဲဖြစ်မယ်။ ဒါပေမယ့် ကျန်းလီက ငါ့ကို

မတူညီတဲ့ခံစားချက်ပေးမယ်။ နင့်အစ်ကို သူမကို တကယ်ချစ်မိသွားရင် နင် စိတ်မရှိဘူးမလား” လျန်ဟောင်က ပြုံးကာ ပေါ့ပေါ့ပါးပါးမေးသည်။

"အင်း... အဲဒါကျ ငါဘာပြောနိုင်မလဲ။ ဒါပေမယ့် သူမက နင့်ကို စိတ်မဝင်စားဘူး။ သိပ်ပြီး ကိုယ့်ကိုယ်ယုံကြည်မှုရှိမနေနဲ့” လျန်မုန့်ချီက အညှာတာမဲ့စွာပြောသည်။

"ဟုတ်ပါပြီ” လျန်ဟောင် အားတင်းပြုံးလိုက်သည်။ အပြန်လမ်းတွင် သူ ခဏလောက် တိတ်ဆိတ်သွားပြီး နောက်ဆုံး၌ စကားတစ်ခွန်းပြောလိုက်သည်။

"မိန်ချီ နင် ဘယ်ဆံပင်ညှပ်ဆိုင်ကို သွားလေ့ရှိလဲ။ ငါ့ဆံပင်က အရမ်းရှည်လွန်းနေပြီ။ ငါ ဆံပင်ညှပ်ချင်တယ်”

"ဘာလို့လဲ။ ဘာဖြစ်လို့နင်...”

......

မကြာလိုက်ခင်မှာပင် လီအန်နာသည် အထူးကားတစ်စီးဖြင့် အပြာရောင်လက်ဖက်ရည်ခန်းမသို့ ပြန်ရောက်လာပြီး ဒုတိယထပ်သို့ တက်သွားသည်။

"မစ္စချောင် ဒါက မန်ဘာကတ်ပါ" လီအန်နာက သူမ၏ပိုက်ဆံအိတ်ထဲမှ စိန်စီထားသည့် မန်ဘာကတ်ကို ဂရုတစိုက်ထုတ်ယူပြီး ချောင်လောလောအား ပေးလိုက်သည်။

"အင်း.. ပြန်သွားရင် မင်းရဲ့ကြီးကြပ်ရေးမှူးကို ဒီလအတွက် မင်းရဲ့ဘောနပ်စ် နှစ်ဆတိုးတယ်လို့ ပြောလိုက်ပါ" ချောင်လောလောက သူမကို လက်ဝှေ့ယမ်းပြလိုက်သည်။

"ကျေးဇူးတင်ပါတယ် မစ္စချောင်" လီအန်နာက ဝမ်းသာအားရ ခေါင်းညိတ်ပြကာ "မစ္စချောင် ကိစ္စမရှိတော့ဘူးဆိုရင်…"

"မင်းအခု သွားလို့ရပါပြီ" ချောင်လောလောက တန်း၍ပြောလိုက်၏။

"ဟုတ်ကဲ့ပါ" လီအန်နာ လှည့်ထွက်သွားသည်။

ချောင်လေသလေသသည် မန်ဘာကတ်အား ကောက်ယူလိုက်ပြီး တစ်ချက်ကြည့်ကာ သူမ၏ပိုက်ဆံအိတ်ထဲသို့ထည့်လိုက်သည်။ ထိုနောက် အပြာရောင်လက်ဖက်ရည်ခန်းမမှ ထွက်လာခဲ့၏။

ညနေ ၆ နာရီ ၃၀ မိနစ်တွင်…

စားသုံးသူ ၃၀ ကျော်မှာ တန်းစီစောင့်နေကြပြီး ဗီအိုင်ပီ အဖွဲ့ဝင်များအားလုံး ရောက်ရှိနေကြသည်။

အစားအသောက်များကို ယခုပင် ပြင်ဆင်ပြီးသွားပြီး အဖွဲ့ဝင်များ သူတို့၏စားစရာအတွက် တန်းစီရမည့်အချိန်ပင်။

ပန်းရောင်ဖျော့ဖျော့ ဘန်တလေကားတစ်စီးသည် စားသောက်ဆိုင်ရှေ့ ကားပါကင်၌ ရပ်တန့်သွားပြန်၏။

-အခန်း(၃၈၆-က)ပြီး

wunzinnosp

## အခန်း(၃၈၆-ခ) ထပ်မံရှုံးနိမ့်ခြင်း(၂)

ချောင်လောလောသည် ပေါ့ပေါ့ပါးပါးဝတ်စုံကို ဝတ်ဆင်ထားပြီး ကားပေါ်မှဆင်းကာ စားသောက်ဆိုင်သို့ တန်းတန်းမတ်မတ်လျှောက်သွား၏။ သူမ၏နောက်တွင် ဝတ်စုံပြည့်ဝတ်ဆင်ထားသည့်လူတစ်ဦး လိုက်ပါလာသည်။

အနီးနားရှိလူအချို့က သူမအား မှတ်မိသွားပြီး တီးတိုး ပြောကြသည်။

"အဲဒါ မနေ့က တန်းစီတဲ့ မိန်းမလှလေးမဟုတ်လား"

"သူမက ဘန်တလေနဲ့ ရောက်လာပြီး ဆိုင်ထဲကို တန်းဝင်သွားတယ်။ ဟူး... သူမက ၁၈ ယောက်မြောက် အဖွဲ့ဝင်ဖြစ်လိမ့်မယ်"

"သူမက အရမ်းချမ်းသာတာပဲဟ... အခု စားသောက်ဆိုင်မှာ မန်ဘာကတ် နှစ်ကတ်ပဲ ကျန်တော့တယ်။ လူချမ်းသာတွေရဲ့လောကကို ငါတို့ နားမလည်ပါဘူးကွာ"

"..."

စားသုံးသူများ၏တီးတိုးသံများအောက်တွင် သူတို့နှစ်ယောက် ဆိုင်ထဲဝင်သွားကြ၏။ မန်ဘာကတ်ကို သူမ၏လက်အောက်ငယ်သားအား ပေးအပ်ကာ စားစရာအတွက် တန်းစီစောင့်ဆိုင်းရန် ခိုင်းစေပြီးနောက် ချောင်လောလောသည် ပတ်ဝန်းကျင်အား လိုက်ကြည့်ရင်း နောက်ဆုံးတွင် စန္ဒယားနားရှိ စားပွဲဝိုင်းတစ်ခုဆီသို့ လျှောက်သွားခဲ့သည်။

"မစ္စလင်းလား" ချောင်လောလောက ထမင်းစားစားပွဲတွင် ရပ်လိုက်ပြီး လင်းရှယ်အား ကြည့်ကာ ပြုံး၍ ပြောသည်။ "မတွေ့တာကြာပြီနော်"

"မင်္ဂလာပါ မစ္စချောင်" လင်းရှယ်က မတ်တပ်ရပ်ကာ သူမအား လက်ဆွဲနှုတ်ဆက်၏။

အဆင့်အတန်းလက္ခဏာအရ ချောင်မိသားစုသည် ဟောင်ကောင်တွင် ဩဇာအရှိဆုံးမိသားစုဖြစ်ပြီး လင်းမိသားစုနှင့်နှိုင်းယှဉ်၍မရချေ။ ထို့ကြောင့် လင်းရှယ်သည် ချောင်လောလောနှင့် အကြိမ်များစွာ တွေ့ဆုံဖူးသော်လည်း တစ်ယောက်နှင့်တစ်ယောက် မရင်းနှီးကြ။

"ဒီမှာ ထိုင်လို့ရမလား" ချောင်လောလောက လင်းရှယ်၏ရှေ့မှ ခုံကို ညွှန်ပြသည်။

"ရပါတယ်။ ထိုင်ပါ" လင်းရှယ်က ပြုံးကာပြန်ပြောသည်။

သူမက အဖွဲ့ဝင်အသစ်ပဲ...

လင်းရှယ် သဘောပေါက်သွား၏။

လင်း၅ွယ်တစ်ခုခုပြောခါနီးတွင် ချောင်လောလောက လှည့်ကြည့်လိုက်ပြီး အဝါရောင်ပေါ့ပေါ့ပါးပါးဝတ်စုံကို ဝတ်ဆင်ထားသည့်လူအား ချိုမြိန်စွာ နှုတ်ဆက်လိုက်သည်။

"ဟဲလို မစ္စတာရှန်း၊ ကျွန်မက ချောင်မိသားစုက ချောင် လောလောပါ။ ရှင့်ကို ဒီမှာတွေ့ရလိမ့်မယ်လို့ မထင်ထားဘူး။ မစ္စတာရှန်းသာ ချောင်မိသားစုကို လာလည်ရင် ကျွန်မတို့ အရမ်းဂုဏ်ယူမိမှာပါ"

"မစ္စတာရှန်းလား"

လင်း၅ွယ် အံ့သြသွားပြီး ထိုလူအား သေသေချာချာကြည့် လိုက်၏။ သူမ၏မျက်လုံးများ ကျဉ်းမြောင်းသွားသည်။

အန်းယုနည်းပညာကုမ္ပဏီက မစ္စတာရှန်းလား...

သူက ဘာလို့ ဒီကိုရောက်နေတာလဲ...

သူမ အံ့အားသင့်သွားသော်လည်း ချောင်လောလောက နှုတ်ဆက်စကားပြောပြီးနေပြီဖြစ်၍ သူမ ဘာသိဘာသာ မနေ

နိုင်ချေ။ ထို့ကြောင့် မတ်တပ်ထရပ်ကာ "မင်္ဂလာပါ မစ္စတာရှန်း ကျွန်မ လင်းအုပ်စုက လင်းရှွယ်ပါ။ အခွင့်အရေးရှိရင် မစ္စတာရှန်းကို လင်းအုပ်စုဆီ ဖိတ်ချင်ပါတယ်"

မစ္စတာရှန်းက သူတို့အား ပြုံးကာ ခေါင်းညိတ်၍ တုံ့ပြန်လိုက်ပြီး ဘာမှပြန်မပြောချေ။

ချောင်လောလောအတွက် အစားအသောက်ယူရန် တာဝန်ယူထားသည့် လက်အောက်ငယ်သားသည် စားစရာများနှင့်အတူ ရောက်လာပြီး စားပွဲပေါ်တင်ပေးကာ ပြန်ထွက်သွားခဲ့သည်။ ချောင်လောလောနှင့် လင်းရှွယ်တို့ စတင်စားသောက်ကြပြီး ရံဖန်ရံခါ အသံတိုးတိုးဖြင့် စကားပြောကြသည်။

ရှယုံမှာ ဖြစ်စဉ်တစ်ခုလုံးကို ကြည့်နေပြီး အနည်းငယ် ခေါင်းကိုက်သွား၏။

မန်ဘာကတ်ဝယ်ခဲ့တာက ချောင်လောလောလား....

ငါ အပေါ်ထပ်သွားပြီး သူဌေးကို ချက်ချင်း သတင်းပို့လိုက်ရမလား...

ရှယံု တုံ့ဆိုင်းနေသည်။ အကြိမ်ကြိမ် တွေးတောပြီးနောက် သူဌေး ထမင်းစားပြီးသည်အထိ စောင့်ဆိုင်းရန် ဆုံးဖြတ်လိုက်သည်။ မဟုတ်ပါက အပေါ်တက်ပြီး သတင်းပို့လိုက်လျှင် သတင်းဆိုးကြောင့် သူဌေး စိတ်အခြေအနေ ဆိုးသွားလိမ့်မည်။ ထို့ပြင် ဗီအိုင်ပီအဖွဲ့ဝင်များနှင့် စားသုံးသူများလည်း ရှိနေကြပြီး တစ်ခုခုအမှားအယွင်းဖြစ်ပါက သူဌေး သိက္ခာကျမည်ဖြစ်သည်။

သို့သော် ကျန်းဟန်က အခြားသူများ၏ဝေဖန်မှုများကို ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့ကြောင်း သူမသိချေ။

ရှယံု ထမင်းစားပြီး၍ ငါးမိနစ်ခန့်အနားယူပြီးနောက် အပေါ်တက်ရန် ပြင်လိုက်ချိန်တွင် ကျန်းလီနှင့် လော့ချင်းက ဒုတိယထပ်မှ ဆင်းလာသည်ကို တွေ့လိုက်ရသည်။

ကျန်းလီက ဆိုဖာပေါ် ထိုင်လိုက်ပြီးနောက်မှ လူသစ်တစ်ယောက်ရှိနေသည်ကို သတိထားမိလိုက်သည်။ ကျန်းလီ မျက်လုံးပြူးသွားပြီး ထရပ်ကာ ချောင်လောလောဆီ လျှောက်သွားလိုက်၏။

“ဘာလို့ လူတစ်ယောက်ပိုနေတာလဲ။ ရှင်က အဖွဲ့ဝင်လား အမျိုးသမီး” ကျန်းလီက ချောင်လောလောအား ထူးဆန်းသည့်ပုံစံဖြင့် ကြည့်ရင်း ပြောလိုက်သည်။

သူမ၏စကားများက စားသောက်ဆိုင်ထဲရှိ အခြားသူများ၏အာရုံကို ချက်ချင်းဆွဲဆောင်သွားသည်။

လျန်ဟောင်က သူတို့အား လှည့်ကြည့်လိုက်ပြီး ကျန်းလီသည် ထိုအမျိုးသမီးအား ပစ်မှတ်ထားသည်ကို ခံစားလိုက်ရသည်။

သူတို့က အချင်းချင်းချင်း သိကြတာလား။ မဟုတ်ရင်တော့ ကျန်းလီ ဒီလိုလုပ်တာ မသင့်တော်ဘူး...

သူ အနည်းငယ် စိတ်ရှုပ်သွားသော်လည်း မကြာမီတွင် အကြောင်းအရင်းကို သိရှိသွားသည်။

"ဒါပေါ့" ချောင်လောလောက ပိုက်ဆံအိတ်ထဲမှ မန်ဘာကတ်ကို ထုတ်ယူလိုက်ပြီး ကျန်းလီရှေ့တွင်ယမ်းကာ ပြောလိုက်သည်။ "ငါက ဒီမှာ အဖွဲ့ဝင်ပဲလေ"

"နင့်မှာ မန်ဘာကတ်ရှိတာလား" ကျန်းလီ မျက်မှောင်ကြုတ်လိုက်ပြီး ဖုန်းကိုထုတ်၍ လီအန်နာကို ခေါ်လိုက်သည်။ "အန်နာ နင် ချောင်တစ်ယောက်ကို မန်ဘာကတ် ရအောင် ကူညီပေးခဲ့တာလား"

"ဟုတ်တယ် မစ္စချောင်က ငါတို့ကုမ္ပဏီရဲ့ ရှယ်ရာရှင်တစ်ယောက်လေ"

"ငါသိပြီ"

ကျန်းလီ ဖုန်းချလိုက်ပြီး ချောင်လောလောကို ဒေါသတကြီးကြည့်ကာ "နင့်က ဒီလိုနည်းလမ်းမျိုးနဲ့ မန်ဘာကတ်ရအောင်လုပ်တယ်ပေါ့"

"နင်ဘာတွေပြောနေတာလဲ ငါနားမလည်ဘူး။ ငါတစ်နေကုန် အလုပ်ရှုပ်နေလို့ ငါ့ဝန်ထမ်းကို မန်ဘာကတ်လျှောက်ခိုင်းလိုက်တာလေ။ အဲဒါ ဘာဖြစ်လဲ" ချောင်လောလောက ဝေခွဲမရသည့်ပုံစံဖြင့် ကြည့်သည်။

စားသောက်ဆိုင်က ကမ်စတန်မာများကို အနိုင်ကျင့်နေသကဲ့သို့ သာမန်စားသုံးသူအချို့က မစ္စချောင်အား ထောက်ခံသည့်စကားများ တီးတိုးပြောလာကြသည်။

မစ္စတာရှန်းပင် သူတို့အား သိချင်စိတ်ဖြင့် ကြည့်နေ၏။

အခြေအနေကို သတိပြုမိသည့်အခါ ချောင်လောလော၏အပြုံးက ပို၍တောက်ပလာသည်။

ကျန်းလီ ပို၍ပင် ဒေါသထွက်လာပြီး "နင်ဘာလို့ ဒီကိုလာတာလဲ။ နင့်ကို ဒီမှာ မကြိုဆိုဘူး"

"ညီမလေး ငါက မန်ဘာတစ်ယောက်အဖြစ် ထမင်းစားဖို့လာတာလေ။ နင်ငါ့ကို မကြိုဆိုဘူးဆိုရင် ငါအဖွဲ့ဝင် မဖြစ်ခင်ကတည်းက ကြိုပြောပါလား" ချောင်လောလောက ပြုံးကာ ပြောသည်။

"နင်"

ပတ်ဝန်းကျင်မှာ တီးတိုးသံများကိုကြားတော့ ကျန်းလီ လန့်သွားဦးသည်။ ချောင်လောလောက ယခု အဖွဲ့ဝင်တစ်ယောက်ဖြစ်နေပြီဖြစ်ပြီး သူမအား မောင်းထုတ်ခြင်းက စားသောက်ဆိုင်ကို အတင်းအဖျင်းပြောစေမည်ဖြစ်သည်။

"နင်ဘယ်သူကို ညီမလို့ခေါ်နေတာလဲ။ ဘယ်သူက နင့်ညီမလဲ။ ငါ နင့်ကို သိလို့လား။ ဒီမှာ စောင့်နေ" ကျန်းလီက သူမအား ပြင်းထန်စွာစိုက်ကြည့်လိုက်ပြီး ပြန်လှည့်ကာ ဒုတိယထပ်သို့ အမြန်တက်သွားသည်။

ပတ်ဝန်းကျင်ရှိ လူတိုင်း အံ့အားသင့်သွား၏။

ပြန်ခါနီး အဖွဲ့ဝင်နှစ်ယောက်ပင် ရှုပ်ယှက်ခတ်နေသည်ကို စောင့်ကြည့်ရန် ရပ်တန့်လိုက်ကြသည်။ ဒီနေရာတွင် ယခုလို ဖြစ်ပျက်တာ ပထမဆုံးပင်။

လူတော်တော်များများက သူဌေးကိုယ်တိုင်ဆင်းလာမလားလို့ လှေကားထစ်ကို ကြည့်လိုက်ကြသည်။

အမြဲတမ်း ဘာသိဘာသာနေတတ်သည့်သူဌေးက ဤအချိန်တွင် ဒေါသထွက်နေမလား သူတို့ မသိကြ။

ပြီးတော့...

ဒီအမျိုးသမီးက ဘယ်သူလဲ... သူတို့ရဲ့ ဆက်ဆံရေးက ဘာလဲ...

အဖွဲ့ဝင်များက ဤအကြောင်းကို ပို၍သိချင်လာသည်။

ခဏအကြာတွင် လှေကားထောင့်မှ ပုံရိပ်တစ်ခု ထွက်လာသည်။

လူအုပ်ကြီးက ရောက်လာသူကို လှည့်ကြည့်လိုက်ကြ၏။

ဇင်းက သူဌေးပင်။

ကျန်းဟန်သည် ပုံမှန်အတိုင်းပင် တည်ငြိမ်နေသော်လည်း သူဌေး၌ နူးညံ့သိမ်မွေ့မှု လျော့နည်းနေပြီး ဥပက္ခာပြုခြင်းက ပိုများနေသည်ကို တွေ့မြင်နိုင်သည်။

သူသည် တံခါးဆီသို့ တစ်လမ်းချင်း လျှောက်သွား၏။

ထိုအချိန်တွင် မစ္စတာရှန်း အပါအဝင် အားလုံးက သူဌေးအား ကြည့်နေကြသည်။

သို့သော် သူဌေးက သူတို့အားလုံးကို လျစ်လျူရှုထား၏။

ကျန်းဟန်သည် ချောင်လောလော၏စားပွဲဆီသို့ တန်းတန်းမတ်မတ်လျှောက်သွားပြီး ဘာမှမပြောဘဲ တည်ငြိမ်စွာကြည့်လိုက်သည်။

စားသောက်ဆိုင်မှာ တိတ်ဆိတ်သွား၏။

ချောင်လောလော မျက်တောင်ခတ်လိုက်ပြီး ကျန်းဟန်ကို ကြည့်လိုက်သည်။ သို့သော် ၁၀ ကွန့်မပြည့်ခင်မှာပင် သူမ ရှုံ့နိမ့်သွားရသည်။ "ဒီမှာ ရပ်နေပြီး ရှင်ဘာလုပ်ချင်တာလဲ” သူမ မေးလိုက်သည်။

ကျန်းဟန်က ပြန်မဖြေတော့ စားသောက်ဆိုင်က တိတ်ဆိတ်သွားပြန်၏။

တစ်စက္ကန့်၊ နှစ်စက္ကန့်၊.... ဆယ်စက္ကန့်။

အချိန်ကြာလာသည်နှင့်အမျှ ချောင်လောလော ဆက်၍ မပြုံးနိုင်တော့။

ကျန်းဟန်က ရုတ်တရက် တိုးလျှ၍ စိတ်မဝင်စားသည့် အသံဖြင့် ပြောလိုက်သည်။

"ဒါက ဒုတိယအကြိမ်ပဲ။ နောက်တစ်ခါ ထပ်မလုပ်နဲ့။ ငါ သိပ်ပြီးစိတ်မရှည်ဘူး”

"စားသောက်ဆိုင်ရဲ့အဖွဲ့ဝင်တစ်ယောက်က ဒီမှာ ထမင်းလာစားလို့မရဘူးလား" ချောင်လောလောက သူမ ပတ်ပတ်လည်ရှိ လူများ၏အမူအရာကို အာရုံစိုက်ရင်း ပြောလိုက်သည်။ ထိုနောက် သူမ လက်ထဲ၌ မန်ဘာကတ်ကို ကိုင်လိုက်ပြီး "ရှင့်ရဲ့စားသောက်ဆိုင်မှာ စည်းကမ်းတွေရှိတယ်။ ကျွန်မ အဲဒီစည်းကမ်းတွေနဲ့အညီ စားသောက်တာလေ။ ရှင်ရဲ့ စားသောက်ဆိုင်ကလူတစ်ယောက် ကျွန်မကို နှောင့်ယှက်နေတာကို ကျွန်မ ဘာမှတောင် ပြန်မပြောရသေးဘူး"

သူမသည် အပြစ်ကင်းစင်သည့် ခံရသူပမာ ပြုမူနေပြီး ဤနေရာမှ မစ္စတာရှန်းအပါအဝင် ဧည့်သည်များအားလုံးက ကျန်းဟန်၏ရှင်းပြချက်ကို စောင့်မျှော်နေကြသည်။

ကျန်းဟန်သည် အခြေအနေအလုံးစုံကို ထည့်သွင်းစဉ်းစားပြီး သူမအား ဖက်တွယ်ထားမည်ဟု ယုံကြည်နေကာ သူ့အား အကြပ်ရိုက်နေသည်ကို တွေ့ရခြင်းကို နှစ်ခြိုက်နေသည်။

သို့သော်… သူမ ယုံကြည်မှုလွန်ကဲနေခဲ့၏။

"အဲဒါက ငါကိုယ်တိုင် အတည်ပြုလက်ခံထားတဲ့သူတွေကိုပဲ အဖွဲ့ဝင်အဖြစ် လက်ခံမှာ" ကျွန်းဟန်က ဆရာသခင်တစ်ယောက်၏အရှိန်အဝါကို အနည်းငယ် ထုတ်လွှတ်ကာ မျက်မှောင်ကြုတ်၍ ပြောလိုက်သည်။

"မင်းလိုရာဆွဲတွေးနေတာကို ရပ်လိုက်"

"ဒါက မင်းရဲ့ဒုတိယအကြိမ်နဲ့ နောက်ဆုံးအခွင့်အရေးပဲ။ ဒီတစ်နပ်စားပြီးရင် နောက်တစ်ခါ ငါ့ရှေ့မှာ ပေါ်မလာနဲ့"

ကျွန်းဟန်၏အကြည့်က ချောင်လောလောကို မတွေးတတ်လောက်အောင် ကြောက်လန့်သွားစေပြီး ပြာယာခတ်သွားစေသည်။ သူမ ခေါင်းကိုငုံ့ကာ ပြောလိုက်သည်။ "ရှင် ကျွန်မကို မကြိုဆိုမှတော့ အဲ့လိုပဲပေါ့"

၎င်းကိုကြားတော့ ကျွန်းဟန် ပြန်လှည့်သွားပြီး ဒုတိယထပ်သို့ တက်သွားသည်။

စားသောက်ဆိုင်မှာ တိတ်ဆိတ်နေ၏။

လျန်ဟောင် အံ့ဩမှုကြောင့် ကြက်သေသေနေသည်။

ထိုအရှိန်အဝါက စစ်သည်တော်တစ်ယောက်၏အရှိန်အဝါကဲ့သို့ပင်။ သူ့ဒွေးက စစ်သည်တောတစ်ယောက်လား။

တဒင်္ဂအရှိန်အဝါကြောင့် သူ စိတ်ရှုပ်ထွေးသွား၏။

လျန်ဟောင်သည် တိကျသည့်အကဲဖြတ်မှုကိုသိရှိရန် လုံလောက်အောင် မသန်မာသော်လည်း မစ္စတာရှန်းနှင့် မျက်နှာချင်းဆိုင်၌ ထိုင်နေသောလူမှာတော့ မျက်နှာပျက်သွားပြီး မစ္စတာရှန်းအား တိုးတိုးလေးပြောလိုက်သည်။

"သူက ငါ့ထက်ပိုပြီး သန်မာတယ်"

ထိုအခိုက်အတန့်တုန်းက ကြီးမားသည့်ဖိအားကို သူ ခံစားခဲ့ရသည်။ ထင်ရှားစွာပင် စားသောက်ဆိုင်ပိုင်ရှင်မှာ သာမန်စားဖိုမှူးတစ်ယောက်မဟုတ်ချေ။

"အမ်" မစ္စတာရှန်းက သူ့အား ထူးဆန်းစွာကြည့်လိုက်ပြီး ဘာမှမှတ်ချက်မပေးဘဲ ခေါင်းယမ်းလိုက်၏။

တကယ်တမ်းတွင် သူသည် စိတ်ထဲ၌ ခံစားချက်များဖြင့် သက်ပြင်းချလိုက်မိသည်။

သေချာပေသည်။ အစွမ်းထက်သည့်မာစတာများက မြို့ပြ၏ဆူညံ့သည့်လူနေမှုကြားတွင် ပုန်းကွယ်နေရသည်ကို နှစ်သက်ကြသည်။

ချောင်လောလောမှာ ခေါင်းငုံ့ထားပြီး သူမ၏မျက်လုံးထဲတွင် ဒေါသများ ပြည့်နေသည်။

သူမ ဒုတိယအကြိမ်ရှုံးနိမ့်ခဲ့ရပြန်သည်။

သူဘာလို့ ဒီလောက်တည်ငြိမ်နေတာလဲ... သူ ဘယ်လိုလုပ် ဒီလိုပြောရဲရတာလဲ...

ဘာလို့ သူ့ဘေးနားက စားသုံးသူတွေက သူ့စကားတွေကြားတာနဲ့ သူက တရားမျှတနေသလို သူတို့အမူအရာတွေဖြစ်ကုန်ကြတာလဲ...

ချောင်လောလောသည် အံ့ကိုတင်းတင်းကြိတ်ထားပြီး ထမင်းကို ပြီးအောင်မစားချင်တော့။ သူမ ဤနေရာတွင် ထပ်မနေနိုင်တော့ချေ။

စက္ကန့်အနည်းငယ်ကြာပြီးနောက် သူမ ပိုက်ဆံအိတ်ကို ကောက်ကိုင်ကာ စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့သည်။

-အခန်း(၃၈၆)ပြီး

wunzinnosp

## အခန်း(၃၈၇-က) သူဌေးကတော်ရဲ့နာမည်(၁)

ချောင်လောလောသည် သူမ၏ကားနောက်ခန်းသို့ တက်သွားပြီးနောက် လက်ကိုင်အိတ်အား စိတ်မရှည်စွာဖြင့် ထိုင်ခုံပေါ် ပစ်ချလိုက်၏။ ဒရိုင်ဘာမှာ လန့်သွားပြီး လက်ဖဝါးများ အနည်းငယ် တုန်ယင်သွားသည်။ သို့သော် သူ အရဲစွန့်ကာ နောက်ကြည့်မှန်မှတဆင့် ကြည့်လိုက်သေး၏။

ချောင်လောလော အသက်ပြင်းပြင်းရှူသွင်းလိုက်သည်။

ကျန်းဟန်က လူအများရှေ့၌ပင် အဘယ်ကြောင့် ဤမျှ ကြီးစိုးခြယ်လှယ်နိုင်သည်ကို သူမ နားမလည်နိုင်။

သူမ ကိုယ့်ခြေထောက်ကိုယ် သေနတ်နှင့်ပစ်မိသလို ခံစားလိုက်ရသည်။

သူမနောက်တွင် မစ္စတာရှန်း ထိုင်နေပြီး သူမရှေ့တွင် လင်းအုပ်စုရဲ့မင်းသမီး လင်းရွှယ်ထိုင်နေသည်။ သူမဘေးနားတွင်လည်း အဖွဲ့ဝင်များစွာရှိနေ၏။ နာမည်ကြီးများစွာ၏ရှေ့တွင် ချောင်မိသားစု၏သိက္ခာကို ချမိမည်စိုး၍ သူမ ဘာမှ ထပ်မပြောရဲခဲ့။

ဤက သူမကို အလွန်ဒေါသထွက်စေသည်။

သူမ မျက်လုံးများကိုမှိတ်ကာ သုံးမိနစ်ခန့် တိတ်ဆိတ်သွားပြီးနောက် ရုတ်တရက် မျက်လုံးပွင့်လာပြီး ဒရိုင်ဘာကို ကြည့်ကာ အမိန့်ပေးလိုက်သည်။ "တော်ဝင်အန်တာတိတ်မန့်

ကုမ္ပဏီကို ဆက်သွယ်လိုက်။ ဇီယန်ရဲ့... ကိုယ်ပိုင်ဖုန်းနံပါတ်ကို ငါ လိုချင်တယ်”

ငင်းကိုစဉ်းစားရင်း ချောင်လောလော ပြန်လည်တက်ကြွလာပြီး ချိုးဖောက်ဝင်ရောက်စရာအားနည်းချက်တစ်ခုကို ရှာတွေ့လိုက်သလို ခံစားလိုက်ရ၏။

သို့သော်...

ည ၉ နာရီ ၃၀ မိနစ်တွင် ချောင်လောလော သူမအိမ်သို့ ပြန်သွားသည့်အချိန်၌ ဇီယန်၏ကိုယ်ပိုင်ဖုန်းနံပါတ်ကို သူမ၏ဖုန်းထဲသို့ ပေးပို့လာ၏။

သူမ ဗီလာဒုတိယထပ်ရှိ အိပ်ခန်းပြတင်းပေါက်ရှေ့တွင် ရပ်နေရင်း တံခါးကိုဖွင့်ကာ လသာဆောင်သို့ သွားလိုက်သည်။ အဖြူရောင်လက်ရန်းကို မှီကာ နှစ်မိနစ်လောက် စဉ်းစားလိုက်ပြီးနောက် ဇီယန်၏နံပါတ်အား ခေါ်လိုက်သည်။

"တူ... တူ... တူ....”

ဖုန်းသံသုံးကြိမ် မြည်သွားပြီးနောက် ဖုန်းကိုင်လာပြီး သာယာသည့်အသံကို ကြားလိုက်ရသည်။

"ဟဲလို"

"ဟဲလို ဇီယန်။ ငါက ဟောင်ကောင် ချောင်မိသားစုက ချောင်လောလောပါ။ ကျန်းဟန်ဆီကနေ ငါ့အကြောင်း ကြားဖူးမယ်ထင်တယ်" ချောင်လောလောက တိတ်တဆိတ်လျှောင် ရယ်ရင်း နူးညံ့သည့်အသံဖြင့် ပြောလိုက်သည်။

ဖုန်းထဲ၌ ရုတ်တရက် တိတ်ဆိတ်သွားသည်။ သို့သော် သုံး စက္ကန့်အကြာတွင်တော့ ပထမ ဟဲလို ထက် အနည်းငယ်ပို၍ ပို ရွှတ်သည့် ဇီယန်၏အသံကို ကြားလိုက်ရသည်။ "အင်း... ကျွန်မ ရှင့်ကို မသိဘူး။ ကျွန်မယောက်ျားက ရှင့်အကြောင်း တစ်ခါမှ မပြောဘူးဖူး"

"နင် ငါ့ကို မကြားဖူးဘူးလား" ချောင်လောလော အနည်းငယ် ဇဝေဇဝါဟန်ဖြင့် မေးလိုက်သည်။ "အဲဒါ ယုတ္တိမရှိ ဘူး။ ငါနဲ့ ကျန်းဟန်က အချိန်အကြာကြီး ဒိတ်ခဲ့ကြတာ။

အကယ်၍ တစ်ခုခုသာမဖြစ်ခဲ့ရင် ငါတို့ လက်ထပ်လိုက်တာကြာပြီ။ အိုး... ထားလိုက်ပါ။ ငါတောင်းပန်ပါတယ်။ အဲဒါ အရင်တုန်းကပါ။ ဘာပဲဖြစ်ဖြစ် ငါတို့က လမ်းခွဲပြီးတဲ့နောက်မှ သူငယ်ချင်းတွေဖြစ်နေတုန်းပဲလေ”

"ဟုတ်လား”

ဇီယန်၏အသံမှာ သူမနှင့်မသက်ဆိုင်သည့်အရာကို ပြောနေသကဲ့သို့ တည်ငြိမ်နေ၏။

"ရှင် အရမ်းအတွေးလွန်နေတာဖြစ်မယ်။ ကျွန်မယောက်ျားက ဒီလိုရှုပ်ရှုပ်ယှက်ယှက်တွေကို ကျွန်မကို တစ်ခါမှ မပြောဘူး။ အိုး ဟုတ်သားပဲ။ သူ ပြောခဲ့တယ်။ သူအရင်က တစ်ခါမှ ရည်းစားအတည်မတွဲခဲ့ဖူးဘူးဆိုလား ဘယ်ကောင်မလေးမှ အတည်မတွဲခဲ့ဘူးဆိုလားပဲ။ ကျွန်မကောင်းကောင်းမမှတ်မိလို့။ ဒါနဲ့ ကျွန်မပြောတာ လွန်သွားရင် စိတ်မရှိနဲ့နော် မစ္စချောင်။ ကျွန်မက ဘာသဘောနဲ့မှပြောတာ

မဟုတ်ပါဘူး။ အချိန်အကြာကြီး အလုပ်လုပ်ထားတော့ စိတ်မကြည်ဘူးဖြစ်နေလို့ပါ”

"ဟမ့်”

ချောင်လောလောက လေထဲမှ တစ်စုံတစ်ရာကို စိုက်ကြည့်ရင်း မျက်မှောင်ကြုတ်လိုက်သော်လည်း ပြုံးနေသေး၏။

"ကိစ္စမရှိပါဘူး။ နင်က စူပါစတားတစ်ယောက်ဆိုတော့ အလုပ်ရှုပ်နေမှာပဲ။ နင့်မိသားစုကို တစ်ချိန်လုံး ဂရုစိုက်နိုင်မှာမဟုတ်ဘူးလေ။ ငါ မကြာသေးခင်က ကျန်းဟန်နဲ့ စကားတွေပြောဖြစ်ခဲ့တယ်။ သူ့ရဲ့ လက်ရှိအခြေအနေကို ငါ အရမ်းကျေနပ်ပါတယ်။ နင်တို့ ပျော်ရွှင်ပါစေလို့ ငါဆုတောင်းပေးတယ်။ နင့်ရဲ့ သမီးလေးက ချစ်စရာကောင်းပြီး အရမ်းလှတယ်။ ငါ သူမရဲ့မွေးစားအမေဖြစ်နိုင်မလား တွေးမိတယ်”

အကြောင်းအရာမှာ မှန့်မှန့်သို့ ပြောင်းသွားပြီးနောက် ဇီယန်၏လေသံမှာ ဖော်ရွေမှုနည်းသွားသည်။

"မလိုပါဘူး။ ကျွန်မ လက်မခံသလို ကျန်းဟန်ကလည်း လက်ခံမှာ မဟုတ်ဘူး။ ကျွန်မတို့အခု အရမ်းပျော်ရွှင်နေပါတယ်။ မကြာသေးခင်က လဆန်းပင်လယ်ကွေ့မှာ တစ်ညလုံး မီးရှူးမီးပန်းတွေဖောက်တယ်ဆိုတာ ရှင်ကြားမှာပါ။ အဲဒီနေ့က ငါတို့ နှစ်ပတ်လည်နေ့လေ။ နောက်နှစ်ကျရင်လည်း အတူတူပဲ ဖြစ်နေမှာ။ အဲ့အချိန် ရှင် ဟောင်ကောင်မှာရှိရင် ရှင်လည်း ကြည့်လို့ရပါတယ်"

"တကယ်လား။ အဲဒါ အရမ်းကောင်းတယ်။ မကြာသေးခင်က ငါ ကျန်းဟန်နဲ့ စကားပြောခဲ့တယ်။ သူလည်း ပြော..."

ချောင်လောလောသည် စကားလုံးများဖြင့် စကားစစ်ထိုးရာ၌ အလွန်တော်သည်။ စီးပွားရေးစစ်ပွဲကဲ့သို့ တစ်ဆင့်ပြီး တစ်ဆင့်ဖြင့် ဇီယန်၏အားနည်းချက်ကို နောက်ဆုံး၌ ရှာတွေ့နိုင်မည်ဟု သူမယုံကြည်သည်။

သို့သော် ဇီယန်က သူမအား ကြားဖြတ်ပြောလိုက်သည်။

"မစ္စချောင် လိမ်တာက အရမ်းရိုင်းတယ်နော်။ ရှင် အိပ်မက်ထဲမှ သူနဲ့စကားပြောတာဖြစ်နိုင်ပေမယ့် အခု ရှင် အိပ်ပျော်ရင်းလမ်းလျှောက်နေသလိုပဲ"

"ငါက မင်းကို ဖုန်းဆက်ပြီး ဆုမွန်ကောင်းတောင်းပေးမလို့ပါ။ ဒါပေမယ့် နင် ငါ့ကို မုန်းနေသလိုပဲနော်" ချောင်လောလောက၏မျက်နှာမှာ မည်းမှောင်သွားသည်။

"ဒါပေမယ့် ကျွန်မ ရှင့်ရဲ့ဆုတောင်းကို မလိုအပ်ဘူး။ ရှင် ဘယ်သူလဲဆိုတာ ကျွန်မ သိတောင်မသိဘူး ဟုတ်ပြီလား။ ရှင် အခုပဲ စားသောက်ဆိုင်ကိုသွားခဲ့ပြီးတော့ ကျန်းဟန်ရှေ့မှာ မျက်နှာပျက်လာလို့ ကျွန်မကို ဖုန်းခေါ်နေတာဖြစ်မယ် ဟုတ်တယ်မလား။ ရှင့်ရဲ့မကျေနပ်မှုတွေကို ဖွင့်ထုတ်ဖို့လေ"

ဇီယန်၏လှောင်ပြောင်သံကို ဖုန်းထဲမှ ကြားနေရ၏။

"ရှင် သူ့ကို တကယ်မသိဘူးပဲ။ သူက မုန့်မုန့်နဲ့ကျွန်မကလွဲရင် ဘယ်သူ့ကိုမှ နူးညံ့နေမှာမဟုတ်ဘူး။ သူက ရှင့်ကို

အရှက်ရအောင်လုပ်လိုက်လို့ ကျွန်မဆီလာပြီး လက်စားချေချင်နေတာမလား။ ရှင်အတွေးလွန်နေပြီထင်တယ်”

"ရှင်က ကျွန်မလောက် ရုပ်မလှဘူး။ ရှင့်ရဲ့အသံကလည်း ကျွန်မလောက် သာယာမနေဘူး။ ရှင် ကျွန်မကို မနာလိုဖြစ်နေတာလား။ ကျွန်မ စိတ်မဝင်စားဘူး”

"ရှင်က ကျွန်မကိုသုံးပြီး ကျွန်မတို့မိသားစုကို လွှမ်းမိုးချင်တာလား။ ဆောရီးပါ ရှင် အဲ့လို မလုပ်နိုင်ဘူး”

"ကျွန်မကို ထပ်ပြီး ဖုန်းမခေါ်ပါနဲ့။ ရှင့်ရဲ့လျှာစွမ်းက ကျွန်မလောက် မကောင်းဘူးလေ။ အခု ကျွန်မ ရှင့်ကို စကားပြောခွင့်ပေးမယ်။ ရှင်တခြားကိစ္စရှိသေးလား။ ကျွန်မ ရှင့်နဲ့ နောက်ထပ် တစ်မိနစ်လောက် စကားပြောလို့ရသေးတယ်”

ဘုန်း…

ဇီယန်၏စကားများက သူမအား စိတ်ရှုပ်ထွေးသွားစေပြီး ချောင်လောလော၏မျက်နှာအမူအရာမှာ သဘာဝမကျသလို ပုံပေါက်နေသည်။

အထူးသဖြင့် နောက်ဆုံးစကားပင်။ ဇီယက ချောင်လောလောအား စကားပြောရန် အခွင့်အရေးပေးနေပုံပေါက်သည်။ ၎င်းက ချောင်လောလောအား စားသောက်ဆိုင်တုန်းက ကျန်းဟန်၏စကားများနှင့် အခြားစားသုံးသူများ၏သံသယအကြည့်များကို အမှန်တကယ် သတိရသွားစေသည်။

ချောင်လောလော လုံးဝဒေါသထွက်နေသော်လည်း သူမ၏ဒေါသကို ထုတ်ပြရန် အကြောင်းပြချက်မရှိချေ။

ရုတ်တရက်...

သူမ ဖုန်းချလိုက်ပြီး ဖုန်းကို ကြမ်းပြင်ပေါ် ပစ်ပေါက်လိုက်သည်။

ချိုးဖောက်ရလွယ်သည့်အားနည်းချက်တစ်ခုကို ရှာတွေ့ပြီဟု သူမ ထင်ခဲ့သည်။

သို့သော် အဆုံးသတ်တွင် ရှုံးနိမ့်ရသူက သူမဖြစ်နေ၏။

"အား....”

အသက်ရှူမြန်လာပြီး ချောင်လောလော ရှုးသွပ်စိတ်ဖြင့် မျက်လုံးများ ပြူးကျယ်လာသည်။ ထိုနောက် အခန်းထဲပြန်ပြေးဝင်ကာ ဒုတိယထပ် အတွင်းဘက်ဆုံးရှိ စတိုခန်းထဲမှ ဖုန်းအဟောင်းတစ်လုံးကို ထုတ်ယူလိုက်သည်။

"ဇီယန် ငါ နင့်ကို အထင်သေးတာဝန်ခံတယ်။ ဒါပေမယ့်... နင်ကလည်း ငါ့ကို အထင်သေးတယ်ပေါ့”

ချောင်လောလော ရယ်မောလိုက်ပြီး သူမ၏အိပ်ခန်းသို့ အမြန်ပြန်ကာ ဖုန်းနံပါတ်တစ်ခုအား ခေါ်ဆိုလိုက်၏။

"ဟောင်ကောင်က အကောင်းဆုံး ပို့စ်ပရိုကျူဆာကို ဆက်သွယ်လိုက်ပါ။ မနက်ဖြန် သူ့ကို ငါ့အိမ်ကို လာခိုင်းလိုက်”

......

အခြားတစ်ဖက်တွင် ဇီယန်သည် ဟိုတယ်ခန်းရှိ အိပ်ရာဘေး၌ ညအိပ်ဝတ်စုံဖြင့် ထိုင်နေသည်။

ဖုန်းချလိုက်ပြီးနောက် သူမ အသက်ရှူသံများ မြန်နေကာ စိတ်ကိုတည်ငြိမ်အောင် ကြိုးစားနေသည်။

ဤကဲ့သို့ နှောင့်ယှက်သည့် ဖုန်းခေါ်ဆိုမှုကို ကြုံတွေ့ရပါက မည်သူမျှ စိတ်ကောင်းဝင်နေမည်မဟုတ်ချေ။

ဇီယန်သည် သူမ၏ဖုန်းကို အိပ်ရာဘေးတွင် ထားကာ ထရပ်ပြီး အိပ်ခန်းထဲမှ ထွက်လာ၏။ ကျိုးဖေးက ဧည့်ခန်းထဲတွင် သူမ၏လက်ပ်တော့ဖြင့် အလုပ်ရှုပ်နေသည်ကို တွေ့လိုက်ရသည်။

"အစ်မယန် တီဗီဇာတ်လမ်းနှစ်ခုက ငါတို့ရဲ့သီချင်းကို ဇာတ်ဝင်တေးအဖြစ် သုံးချင်နေတယ်။ ကုမ္ပဏီနဲ့ ဆွေးနွေးနေတယ်လို့ ကြားရပေမယ့် အန်ကယ်ဟုန်က စာချုပ်ဖျက်သိမ်းဖို့

လုပ်နေတာကြောင့် သဘောတူညီမှုမရသေးဘူး” ကျိုးဖေးက ဇီယန်ကို ကြည့်ကာ ပြောလိုက်သည်။

ဇီယန်က ညင်သာစွာ ခေါင်းညိတ်လိုက်၏။ သူမ ထိ အကြောင်းကို မေးရမည့်အစား ပြောလိုက်သည်။ "ဖေးဖေး ပြီးရင် ဆရာမားကိုဆက်သွယ်ပြီး ရှူတင်ကို အရှိန်မြှင့်ခိုင်းလိုက်ပါ”

"အမ်။ ငါတို့ ဒီနေ့လယ်ကပဲ အရှိန်မြှင့်ဖို့ပြောထားတာ မဟုတ်လား။ ငါတို့ ပိုမြန်လိုက်ရင် နင်အရမ်း ပင်ပန်းလိမ့်မယ်” ကျိုးဖေးက ပြောသည်။

"ဆရာမားကို အဲဒါ စီစဉ်ဖို့ပဲ ပြောလိုက်ပါ” ဇီယန်က လက်ကိုဝှေ့ယမ်းကာ အိပ်ခန်းထဲသို့ ပြန်လျှောက်သွား၏။

သူမ တံခါးကို ပိတ်လိုက်ပြီးနောက် ကုတင်ပေါ် လှဲလိုက်သည်။ မိနစ်အနည်းငယ်ကြာ တိတ်ဆိတ်ပြီးနောက် သူမ ဖုန်းကိုကောက်ကိုင်ကာ ကျန်းဟန်၏နံပါတ်ကို ခေါ်လိုက်ပြီး

သူမ၏အသံထဲ၌ မကျေမနပ်မှုအရိပ်အယောင်ဖြင့် ပြောလိုက်သည်။

"ကျန်းဟန် ကျွန်မ မပျော်ဘူး…"

"ကိုယ့်သမီးလေးရဲ့မေမေက မပျော်ဘူးဆိုတော့ ကိုယ်ဘာလုပ်ပေးရမလဲ။ သူမကို နှစ်သိမ့်ပေးရမလား"

ထိုသို့ဖြင့် ကျန်းဟန်နှင့် နာရီဝက်ကျော်ကြာအောင် ဖုန်းပြောပြီးနောက် နောက်ဆုံးတွင် ဇီယန် ခံစားချက်ပို၍ကောင်းမွန်လာခဲ့သည်။

"ဒါပဲနော်။ ကျွန်မ ဒီနေ့အလုပ်အရမ်းများနေမှာ။ တတ်နိုင်သမျှ ကျွန်မစောစောပြန်လာချင်တယ်" ဇီယန် ပြောသည်။

"ကောင်းပြီ ကိုယ်မင်းကို စောင့်နေမယ်"

ဖုန်းချပြီးနောက် ကျန်းဟန် အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။

၎င်းက ချောင်လောလော၏အမှားဖြစ်လိမ့်မည်ဟု သူ ခံစားမိသည်။ ယခု ကျန်းဟန် သူမအား နောက်ဆုံးအခွင့်အရေး ပေးခဲ့ပြီဖြစ်ရာ နောက်တစ်ကြိမ် နှောင့်ယှက်ခဲ့ပါက သူ အရေးယူတော့မည်ဖြစ်သည်။

သို့သော် နောက်သုံးရက်အထိ ချောင်လောလော ပေါ်မလာခဲ့ချေ။

ပုံမှန်နေ့ထွေး၍ ရိုးရှင်းသည့်ဘဝသို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။

-အခန်း(၃၈၇-က)ပြီး

-စာစဉ်(၃၂)ပြီး